
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ပါရဂူ မဟာယောဂီ




ပြန်လည်ရိုက်နှိပ်ခြင်း

.mgyoe.com

# မဟာယောဂီ
# ဂါရှိ



ISBN 9789997119728
PYG61
9 789997 119728
3,700.00KS

mgyoe.com

မဟာယောဂီ၊ ပါရဂူ
မျက်နှာဖုံးပန်းချီ - မှတ်သုံ
စာမျက်နှာ ၂၈၃ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀
၂၀၁၀၊ အလင်္ကာဝတ်ရည်စာပေတိုက်၏ ဒုတိယအကြိမ်မူ

ရောင်းဈေး ၃ ၇ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| – | စကားဦး | က |
| ၁။ | ကျွန်ဈေးပွဲတော် | ၁ |
| ၂။ | ဓနာဝဟသူဌေး | ၇ |
| ၃။ | သူဌေးကတော် မူလာ | ၁၆ |
| ၄။ | တစ်ကျော့ပြန်ကံကြမ္မာ | ၂၆ |
| ၅။ | ပန်းချီဆရာ | ၃၅ |
| ၆။ | အမိဋ္ဌာန် | ၄၃ |
| ၇။ | မဟာယောဂီ | ၅၅ |
| ၈။ | အဝိဇ္ဇာအမိုက်အမှောင် | ၇၀ |
| ၉။ | တရားအဆုံးအဖြတ် | ၈၂ |
| ၁၀။ | အားကြီးသူနှင့် အားငယ်သူ | ၉၄ |
| ၁၁။ | အဝန္တိဘုရင် ပဇ္ဇောတ | ၁၀၇ |
| ၁၂။ | အမှိုက်ကစ ပြာသာဒ်မီးလောင် | ၁၂၂ |
| ၁၃။ | အတုံ့အလှည့် | ၁၃၀ |
| ၁၄။ | တော်ဝင်မိဖုရားကြီး | ၁၃၈ |
| ၁၅။ | ဝဿဘုရင် ဥဒယန | ၁၄၇ |
| ၁၆။ | ကာယဗလနှင့် ဉာဏဗလတိုက်ပွဲ | ၁၆၁ |


mgyoe.com

mgyoe.com

၁၇။ မေတ္တာဗိမာန်တော် ၁၇၁
၁၈။ သာဝိကာမိဂါဝတီ ၁၈၄
၁၉။ မေတ္တာဗိမာန်ရုပ်လုံး ၁၉၅
၂၀။ ဝဿဘုရင်နှင့် တောဘုရင် ၂၀၁
၂၁။ ဝါသဝဒတ္တာ ၂၁၃
၂၂။ သမီးတော်က အကန်း၊ ဘုရင်က အနူ ၂၂၀
၂၃။ ထောပတ်နှင့်မီး ၂၃၂
၂၄။ ပိတုဃာတကကံ ၂၄၃
၂၅။ အထောက်တော်၏ အစီရင်ခံချက် ၂၅၀
၂၆။ သမီးတော်၏ စာလွှာ ၂၅၆
၂၇။ ဥဒယနနှင့် ဝါသဝဒတ္တာ ၂၆၄
၂၈။ ခြသေ့်နှင့် သားကောင် ၂၇၀
၂၉။ မေတ္တာဗိမာန်တော် ၂၇၇

❒

mgyoe.com

mgyoe.com



# စကားဦး

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ မတိုင်မီကာလက ဤ၀တ္ထု၏ တံခါးခေါက်သံကို စတင် ကြားရသည်။ 'မဟာဘာရတ' စစ်ပွဲသည် 'ဘာရတ' (အိန္ဒိယ) နိုင်ငံ၏မြေပုံကို တစ်မျိုးတစ်ဖုံ ပြောင်းလဲပစ်လိုက်သည်။ ဟတ္ထိနာပူရရှိ 'ဘရတ' အမျိုးအနွယ်သည် ဟတ္ထိနာပူရမှ အမြစ်အရင်း ပါမကျန်အောင် ပြုတ်ထွက်သွားပြီးလျှင် ဝသတိုင်း၏ နေပြည်တော် ကောသမ္ဗီ ရောက်လာလျက် ဂင်္ဂါမြစ်ကမ်းရှေ့သို့ပင် ကျော်တက်သွား သည်။ ထို့နောက် 'ဇန' မှ 'ဇနပဒ' အဖြစ်သို့လည်းကောင်း၊ 'ဇနပဒ' မှ 'မဟာဇနပဒ' အဖြစ်သို့လည်းကောင်း ပြောင်းလဲသွားသည်။

ထိုအချိန်၌ ဘာရတနိုင်ငံတွင် 'ဂဏတန္တရ' အုပ်ချုပ်ရေးတိုင်းပြည်၊ ဇနပဒ အုပ်ချုပ်ရေးတိုင်းပြည်၊ ရာဇည အုပ်ချုပ်ရေးတိုင်းပြည်၊ ပဒေသရာဇ် အုပ်ချုပ်ရေး တိုင်းပြည်များ ရှိကြသည်။ သို့သော်လည်း ယင်းတိုင်းပြည်များတွင် အုပ်ချုပ်သော ဘုရင်များ အားလုံး၏ နှလုံးသားထဲတွင် ဘုရင်တကာ့ဘုရင်၊ မင်းတကာ့မင်းဖြစ်ရန် ဆန္ဒထက်သန်နေကြသူများချည်း ဖြစ်သည်။ အင်္ဂ– မဂဓ၊ ကာသိ– ကောသလ၊ ဝဇ္ဇီ– မလ္လ၊ စေဒိ– ဝသ၊ ကုရု– ပဉ္စာလ၊ မစ္ဆ– သူရသေန၊ အဿမက– အဝန္တိ၊ ဂန္ဓာရ၊ ကမ္ဗောဇတို့သည် အဓိက မဟာဇနပဒ အုပ်ချုပ်ရေးနိုင်ငံ ၁၆ နိုင်ငံ ဖြစ်ကြသည်။

mgyoe.com

mgyoe.com



ထိုအချိန်က အင်္ဂတိုင်းနေပြည်တော် စမ္ပာ (မာလိနီ) သည် အလွန်တရာ စည်ပင်ဝပြောသောမြို့ ဖြစ်သည်။ မဂဓတိုင်း နေပြည်တော် ရာဇဂြိုဟ်သည် အလွန်တရာ ကြီးကျယ်ခမ်းနားသော မြို့ကြီး တစ်မြို့အဖြစ် အသိအမှတ်ပြုခံရသည်။ ကာသိတိုင်း နေပြည်တော် ဗာရာဏသီကား အတတ်ပညာနှင့် ရောင်းဝယ်ဖောက်ကားမှု၏ အချက်အချာ ဗဟိုဌာနဖြစ်သည်။ ကောသလတိုင်း၏ နေပြည်တော်သည် သာဝတ္ထိဖြစ်သည်။ မလ္လနှင့် ဝိဇ္ဇိတို့သည် အဖွဲ့အစည်းနှင့် အုပ်ချုပ်သောတိုင်းပြည်များ ဖြစ်ကြသည်။ ဝိဇ္ဇိတိုင်း၌ ဝိဒေဟနှင့် လိစ္ဆဝိတို့သည် ထင်ရှားသော မျိုးနွယ်များ ဖြစ်ကြသည်။ ယင်းတို့၏ မြို့တော်ဝေသာလီကား အထူးပင် ထင်ပေါ်ကျော်ကြားသည်။

ဝံသတိုင်း၏ နေပြည်တော်မှာ ကောသမ္ဗီဖြစ်သည်။ ကုရုနှင့် ပဉ္စာလတို့သည် အင်အား တောင့်တင်း ခိုင်မာသည့် တိုင်းနိုင်ငံများ မဟုတ်ကြပေ။ သို့သော်လည်း ကုရုတိုင်းသားတို့၏ အစဉ်အလာမှာ ထိုအချိန်က စံပြုထိုက်သော အစဉ်အလာဖြစ်သည်ဟူ၍ သတ်မှတ်ယူဆ ထားကြသည်။

အဝန္တိသည် ကြီးမားသော တိုင်းတစ်တိုင်းဖြစ်သည်။ စည်ပင် ကြွယ်ဝပြီး ထည်ဝါခံ့ညားသော ဥဇ္ဇေနီသည် အဝန္တိတိုင်း၏ နေပြည်တော် ဖြစ်သည်။ ဂန္ဓာရတိုင်း နေပြည်တော် တက္ကသိလာသည် နိုင်ငံရေးအမြင်အရမျှသာမက ပညာရေးအမြင်အရလည်း အရေးပါအရာ ရောက်သောမြို့ ဖြစ်သည်။ ကောသလတိုင်း၏ မြောက်ဘက်၌ ဂဏ နိုင်ငံရှိသည်။ ကပိလဝတ္ထုသည် သကျတိုင်း၏ နေပြည်တော်ဖြစ်သည်။ ထိုအချိန်၌ မဂဓ၊ ကောသလ၊ ဝံသ၊ အဝန္တိတို့သည် ကြီးမားသော တိုင်းနိုင်ငံကြီး လေးနိုင်ငံဖြစ်သည်။ မဂဓတိုင်း၏ ဗိမ္ဗိသာရနှင့် ဗိမ္ဗိသာရနောက်ပိုင်း အဇာတသတ္တုသည်လည်းကောင်း၊ ကောသလ တိုင်း၏ ပသေနဒီသည်လည်းကောင်း၊ ဝံသ၏ သတာနိကနှင့် သတာနိက၏သားတော် ဥဒယနသည်လည်းကောင်း၊ အဝန္တိတိုင်း၏ ပဇ္ဇောတသည်လည်းကောင်း ထင်ရှားကျော်ကြားသော ဘုရင်များ ဖြစ်ကြသည်။ သို့ရာတွင် ယင်းဘုရင်အားလုံးသည် တစ်ဦးက ကျန်

mgyoe.com

mgyoe.com



တစ်ဦးကို မျိုလျက် မိမိကိုယ်တိုင် အကြီးမားဆုံး၊ အကြွယ်ဝဆုံးဖြစ်ရန် ဆန္ဒထက်သန်နေကြသူများ ဖြစ်သည်။

ယင်းသို့အားဖြင့် နေရာအနှံ့အပြား၌ ကြီးသူက ငယ်သူကို၊ အင်အားရှိသူက အင်အားမဲ့သူကို ဖိနှိပ်စိုးမိုးသည့် 'မစ္ဆတရားထုံး ဥပဒေ' ခေတ်စား ထွန်းကားနေသည်။

ယင်းသို့ စစ်နှင့်ရန်စမီး ပြန့်ပွားထွန်းကားနေချိန်၌ မေတ္တာနှင့် ကရုဏာရုပ်လုံး ဖြစ်သော ဗုဒ္ဓနှင့် မဟာဝီရတို့သည် ဤကမ္ဘာမြေပြင်၌ ဒေသစာရီ လှည့်လည်တော်မူကြပြီးလျှင် "ကမ္ဘာလောကသည် မေတ္တာ၏ ဗိမာန်ဖြစ်၏။ ကမ္ဘာလောကကို ဒေါသ၏ ဗိမာန်မလုပ်ကြနှင့်။ မိမိနှင့် ကမ္ဘာလောက၏ ချမ်းသာမှုအတွက် ရန်ကို ရန်နှင့် မတုံ့နှင်းကြနှင့်။ ခန္တီတရား၊ မေတ္တာတရားစွဲကိုင်ထားကြလော့။ တစ်ဦးနှင့်တစ်ဦး စာနာငဲ့ညှာ ထောက်ထားကြလော့" ဟူ၍ တရားဓမ္မ ဆုံးမညွှန်ပြတော်မူကြသည်။

ယင်းကဲ့သို့ ခေတ်အခါသမယ၌ ဤဝတ္ထု၏ ဇာတ်လမ်းအစပြုသည်။

❒

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



# ကျွန်ဈေးပွဲတော်

သရဒဉတု၏ လှပသာယာသော နံနက်ချိန်ရောက်လာခါစပင် ရှိသေးသည်။ ဝဿတိုင်း နေပြည်တော်၊ ကောသမ္ဗီမြို့၌မူ နံနက် အရုဏ်တက်စလောက်ကပင် လူအုပ်ကြီး လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

ကောသမ္ဗီဘုရင် သတာနိကသည် ယမန်နေ့ကပင် အင်္ဂတိုင်း နေပြည်တော် စမ္ပာကို အနိုင်တိုက်ပြီးနောက် အောင်ပွဲခံ ပြန်လာသည်။ စမ္ပာကို အနိုင်တိုက်ယူပြီးနောက် စမ္ပာမှ သိမ်းယူရရှိလာသော ပစ္စည်းဥစ္စာများနှင့် ကျေးကျွန်များကို စစ်သည်များ၊ အရာရှိအရာခံများ၊ မြို့စား ရွာစားများအား ခွဲဝေပေးလိုက်သည်။ ထိုပစ္စည်းပစ္စယများ နှင့် ကျေးကျွန်များကို အရောင်းအဝယ်လုပ်ဖို့အတွက် ဈေးထဲတွင် လူတွေ ကြိတ်ကြိတ် တိုးနေကြသည်။

ဈေးထဲတွင် တစ်နေရာ၌ ရတနာစီခြယ်ထားသော မကိုဋ်ကို ဈေးပေါပေါနှင့် ရောင်းနေပြီး အခြားတစ်နေရာ၌ စိန်လည်တုံနှင့် စိန်ဘီးကို နှစ်ပဲတစ်ပြားနှင့် ရောင်းနေသည်။ ဈေးထဲတွင် ကျွန်၊ ကျွန်မ အရောင်းအဝယ်လည်း ဖြစ်နေသည်။ တိုင်းပြည်အနှံ့အပြားမှ ဖောက်သည်များစွာ ကြိတ်ကြိတ်တိုးနေသည်။ ကျွန်ကုန်သည် ဝိလောစန၏ဆိုင်သည် ဖောက်သည် အာရုံစူးစိုက်ရာ ဖြစ်နေသည်။ ဝိလောစနက မြို့ဝန်မင်းခေါ်လာသော ကျွန်မအသစ်ကို ကြည့်ပြီး ချီးကျူးခန်း ဖွင့်နေသည်။

"သူ့မျက်လုံးမှာပေါ်နေတဲ့ ကောင်းကင်ပြာရောင်ဟာ မြင်ရသူမျက်နှာလွှဲလို့ မရအောင် ဖြစ်နေတယ်။ သူ့ဆံပင်ကို ကြည့်စမ်းပါ။ အခုကတည်းက နဂါးမိတ်

mgyoe.com

ကျော့ကွင်းအတိုင်းပဲ။ ကောသမ္ဗီမှာရှိတဲ့ အလှုဂေဟာတစ်ခုခုမှာ သွားထားပြီး ဆံထုံးထုံးပေးရင် သူ့ရှေ့မှာ နတ်သမီးတစ်ပါးပါးတောင် ဖျားသွားနိုင်တယ်”

‘တကယ့် ကဗျာဆရာကြီး ဖြစ်နေပါပကောလား ဝိလောစန...”

“ဟာ... မဟုတ်တာ။ ကျုပ်လုပ်ငန်းမှာ ကဗျာဆန်လို့ ဘယ်ဖြစ်ပါ့မလဲ။ အရိုး၊ အသား၊ အသွေးတွေကို အရောင်းအဝယ်လုပ်နေရတဲ့ ဒီအလုပ် လုပ်ရင်းနဲ့ ကျုပ် တရားကျလာပြီ။ ကြည့်ပါမင်းကြီး၊ တစ်နေ့ကျရင် ကျုပ် ဘုန်းကြီးမလုပ်ရင် ပြောချင်သလိုပြော။ အခုလုပ်နေတာက သားတွေ သမီးတွေအတွက် နှစ်ပဲတစ်ပြား ရရင်ရပါစေတော့ဆိုတဲ့သဘောနဲ့ လုပ်နေတာပါ၊ အချိန်သိပ်မကြာတော့ပါဘူး”

“ကဲ... အပိုတွေ ပြောမနေပါနဲ့တော့။ ဒီပစ္စည်းကို ရောင်းချင်တယ်၊ ဈေးတည့် အောင်လုပ်ပါ”

“ကျုပ် ထပ်ပြီး ပြောချင်ပါတယ် ဒီပစ္စည်းကို မင်းကြီးဆီမှာပဲ ထားပါလား။ ကျုပ်ကတော့ အသပြာတစ်ရာလောက်ပဲ တတ်နိုင်တယ်”

“ကျုပ် ဒုက္ခမခံပါရစေနဲ့။ အဖိုးစားနားပေးနိုင်တဲ့ စွမ်းရည်ရှိရင် လိုချင်တဲ့ အချိန် ပစ္စည်းကို ရနိုင်ပါတယ်။ နှစ်ပဲ တစ်ပြားများတာလောက်ပဲ ရှိမယ်။ ကောသမ္ဗီ ကျွန်ဈေးကြီးလည်း တိမ်ကောမသွားနိုင်သေးပါဘူး။ ဘုရင် သတာနိကာကလည်း လက်နက်မစွန့်သေးပါဘူး”

ဝိလောစနနှင့် မြို့ဝန်မင်းတို့သည် ကျွန်အရောင်းအဝယ်နှင့်ပတ်သက်ပြီး အဖိုးစားနား စကားပြောကြသည်။ မြို့ဝန်မင်းတောင်းသည့် ဈေးကို ဝိလောစနပေးဖို့ ဝန်လေးနေသည်။ သို့သော် နောက်ဆုံးပိတ် ဈေးတည့်သွားကြသည်။ မြို့ဝန်မင်းသည် သူငယ်မကို ဝိလောစန၏ အနီးသို့ ဆွဲခေါ်လိုက်ပြီးလျှင် ကြိုးဖြုတ်ပေးလိုက်သည်။

ဝိလောစနသည် အိမ်ခန်းထဲတွင်ရှိနေသော မိန်းမတစ်ယောက်ကို လှမ်းခေါ် လိုက်သည်။ ထိုမိန်းမအမည်မှာ ယက္ခိကာ ဖြစ်သည်။ ယက္ခိကာသည် ကျွန်မများကို ထိန်းသည့် ကျွန်ထိန်းဖြစ်သည်။ ပုံသဏ္ဌာန်မှာ အလွန်တရာ ကြမ်းကြုတ်ပြီး အလွန် တရာ ကြောက်မက်ဖွယ်ကောင်းသည်။ သရဲသဘက်မ ပုံသဏ္ဌာန်ပေါက်နေသည်။ နက်ချိပ်မည်းမှောင်နေသည့် မျက်နှာထဲက နီရဲနေသော နှုတ်ခမ်းပေါ်နေသည်။ လျှာကလည်း ရဲတွတ်နေသည်။ လက်ထဲတွင် အသွားချွန်ထက်နေသည့် သုံးမြှောင့် လှံတံ ကိုင်ထားသည်။

သုံးမြှောင့်လှံတံ၏အသွားတွင် ကျွန်မများ၏သွေး ပေကျံနေသည်။ ဘယ်လောက်

mgyoe.com

mgyoe.com

ခေါင်းမာသည့် မိန်းမဖြစ်ဖြစ် သူ့လက်ထဲရောက်သွားလျှင် ငြိမ်ကျသွားသည်။ ယက္ခိကာသည် ကျွန်မအသစ်ကို အတန်ကြာ စိုက်ကြည့်နေသည်။

သူငယ်မသည် မတုန်မလှုပ် ရပ်နေသည်။ သူ၏ မျက်လုံးတွင် ဖြစ်ချင်ရာဖြစ်ပေစေတော့ဟု စိတ်နှလုံး တုံးတုံးချထားသည့်အသွင် ပေါ်လွင်နေသည်။ သူမျက်နှာ၌ ပိုက်ကွန်ထဲတွင် ဖမ်းမိနေသော သမင်မကဲ့သို့ ကံစီမံရာကိုသာ ခံတော့မည်ဟူသော အမူအရာကို တွေ့မြင်နေရသည်။

"သူကလေးက စန္ဒကူးအကိုင်းအခက်လို မိန်းကလေးပါလား"

ကျေးကျွန် အသိုက်အဝန်းထဲတွင် ရက်စက်လှသော မိန်းမကြမ်းကြီးအဖြစ် ထင်ပေါ်ကျော်ကြားနေသော ယက္ခိကာသည်ပင်လျှင် ထိုသူငယ်မအပေါ်၌ တစ်ခဏ အကြင်နာ အသနားပွားလာသည်။

"ယက္ခိကာ..."

အဖိုးစားနားအဖြစ် ရရှိသော ဒင်္ဂါးပြားများကို လက်ထဲတွင် ဆုပ်ကိုင်ပြီးလျှင် မြို့ဝန်မင်းသည် ယက္ခိကာအနီး ကပ်လာသည်။ အတန်ငယ် နူးညံ့ပျော့ပျောင်းသော လေသံဖြင့် ပြောလိုက်သည်။

"ယက္ခိကာ၊ ဒီကလေးမကို ဝယ်သူကောင်းကောင်းတွေ့မှ ရောင်းပါ။ ကလေးမက အင်မတန် တော်ပါတယ်"

"ဘယ်လိုစကားပြောတာလဲ မင်းကြီး။ ဒီမှာ ဥပဒေထုံးတမ်းတစ်ခု ကျွန်မပြောပြမယ်။ မိန်းမရယ်၊ ကျွန်ရယ်၊ သုဒ္ဒလူမျိုးရယ် အဲဒီလူသုံးဦးအပေါ် ဘယ်တော့မှ သံယောဇဉ်တွယ်တာမှု မပြရဘူး။ အဲဒီလူသုံးဦးဟာ ကျာပွတ်အရိုက်ခံရမှ ဖြောင့်ဖြောင့်တန်းတန်းသွားချင်တဲ့လူတွေဖြစ်တယ်။ ပြီးတော့ ကျွန်မတို့အတွက် ဘယ်ဖောက်သည်၊ ဘယ်ဝယ်သူက အကောင်း၊ ဘယ်ဖောက်သည် ဘယ်ဝယ်သူက အဆိုးဆိုတာ မရှိဘူး။ ကျွန်မတို့ကတော့ ရွှေဒင်္ဂါးပြားများသလား၊ နည်းသလားဆိုတာကိုပဲ ကြည့်တယ်။ ရွှေဒင်္ဂါးများများပေးတဲ့လူဟာ ကျွန်မတို့အတွက် ဖောက်သည်ကောင်း၊ ဝယ်သူကောင်းတွေပဲ"

"အဲဒီလိုမပြောပါနဲ့လေ၊ ကလေးမလေးရဲ့ မျက်လုံးကိုလည်း တစ်ဆိတ်လောက် အကဲခတ်ကြည့်စမ်းပါဦး..."

"မင်းကြီးတို့ ယောကျ်ားတွေဟာ သိပ်ဆန်းတာပဲ။ အခုရွှေ၊ အခုငွေ၊ အခု အရည်ပျော်ပြီး ဖယောင်းဖြစ်သွားတော့မတတ် ချစ်တာခင်တာတွေပြပြီး နောက်မကြာ

mgyoe.com

mgyoe.com


ခင်ဘဲ ကိုယ်ခန္ဓာတစ်ခုလုံးကို အရိုးအသား ရှာမတွေ့အောင်၊ မှုန့်မှုန့်ညက်ညက် ချေပစ်ချင်လောက်အောင် ဒေါသအိုးပေါက်ကွဲချင် ပေါက်ကွဲလာတယ်။ စိတ်မပါရင် အခု အချိန်ရှိသေးတယ်။ ကိုယ့်ပစ္စည်း ကိုယ့်အိမ် ပြန်ယူသွားနိုင်သေးတယ်"

"အဲဒီလိုလုပ်ဖို့ပြောတာ မဟုတ်ပါဘူး။ ဆုံးဖြတ်ချက် ချထားပြီးတဲ့ဟာကို ပြန်ပြင်ရိုးထုံးစံ မရှိပါဘူး။ ခုတစ်မျိုး၊ ခုတစ်မျိုးလုပ်တဲ့ အလေ့အထ ကျုပ်တို့မှာ မရှိဘူး"

"အဲဒါတော့ ကျွန်မ သိပါတယ်။ အိမ်ရှင်မက လက်မခံလို့ လာရောင်းတာ မဟုတ်လား။ ကျွန်မ နားလည်ပါတယ်။ ဘယ်အိမ်ရှင်မဖြစ်ဖြစ် ကျွန်မဆိုရင် အသား မည်းမည်း၊ ရုပ်ဆိုးဆိုးကိုပဲ ထားချင်ကြတယ် မဟုတ်လား"

ယက္ခိကာသည် အထေ့အငေါ့တွေနှင့် မြို့ဝန်မင်းကို ထိုးနှက်နေသည်။ ထိုအခိုက် ဝိလောစနက ကြားဖြတ်ပြီး ပြောလိုက်သည်။

"အင်း တစ်ခု မေးစမ်းပါရစေဦး။ အခု ဘယ်စစ်ပွဲအသစ်ကို ထပ်နွှဲကြဦးမလဲ။ ကာမရူပတိုင်းပြည်က မိန်းမတွေကို လူတွေ သိပ်ကျွန်လုပ်ချင်ကြတယ်"

"ကောင်းပြီ၊ ကောင်းပြီ၊ စိတ်သာချ..."

မြို့ဝန်သည် ထိုသူငယ်မကို တစ်ချက်လှမ်းကြည့်ပြီး ထွက်သွားသည်။ ဝိလောစနက ယက္ခိကာကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ယက္ခိကာ။ ငါတို့ မျိုးကောင်းဆွေသန့် ကျွန်မတွေကိုထားတဲ့ မြောက်ဘက် အဆောင်မှာ သူ့ကိုထားလိုက်။ ကြားလား။ ဘယ်ကျွန်ယောကျ်ားမှ သူ့ကို ယောင်လို့ တောင် မကြည့်စေနဲ့။ ကျွန်ယောကျ်ားတွေ ထိန်းထိန်းသိမ်းသိမ်းနေအောင် အထူးသတိ ထားရမယ်။ ကျွန်ဈေးမှာ ဒီလို "ကျွန်မ" မျိုးဆိုရင် ဈေးခေါ်သလောက် ရနိုင်တယ်"

"ကောင်းပါပြီ"

ယင်းသို့ပြောလျက် သရဲသဘက်ရုပ်ပေါက်နေသည့် ယက္ခိကာသည် ကျွန်မ အသစ်ကို ဆွဲခေါ်သွားသည်။

* * *

"မနက်အစောကြီး ဘယ်လိုအကျပ်အတည်းနဲ့ လာတွေ့နေရတယ် မသိဘူး။ ဒီကနေ့အဖို့ရာကတော့ မျှော်လင့်ချက် မရှိတော့ဘူး"

ယင်းသို့ပြောပြီးလျှင် ဝိလောစနသည် ခုံမြင့်မြင့်တစ်ခုပေါ် စိတ်ပျက်လက်ပျက်

mgyoe.com

mgyoe.com

ထိုင်လိုက်သည်။ အရောင်းအဝယ်ကိစ္စ၌ ဝိလောစနသည် အတိတ်နိမိတ်နှင့် ပြဿဒါး၊ ရက်ရာဇာတို့ကို အလွန်ယုံကြည်သည်။ အတိတ်နိမိတ်သည် ဆိမီးတန်ဆောင်ဖြစ်သည်ဟူ၍ ပြောကြသည်။ ယနေ့ ဈေးဦးပေါက်ကစပြီး အဆင်မပြေဖြစ်ရသည်။ ယနေ့ကုန်ပစ္စည်းအသစ် ရောင်းခြင်း၊ ဝယ်ခြင်း လုံးဝမလုပ်တော့ဟူ၍ ဆုံးဖြတ်ချက်ချလိုက်သည်။

ဝိလောစန၏ ပူပန်ကြောင့်ကြမှုသည် အဆန်းမဟုတ်ပေ။ အကြောင်းမူကား သူ၏အိမ်အဆောင်များ၌ ကျွန်ယောကျ်ား၊ ကျွန်မိန်းမများ အမြောက်အမြား သိုလှောင်ထားသောကြောင့် ဖြစ်သည်။

ဘာရတနိုင်ငံရှိ ထိုခေတ်၊ ထိုအချိန်က ဘုရင်တို့သည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ စစ်မက် တိုက်ခိုက်ပြီး အနိုင်ရရှိရေးအတွက် စိတ်အားထက်သန်နေကြသူများ ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ဘာမဟုတ်သည့် အကြောင်းအရာကလေးနှင့်လည်း တစ်ပြည်နှင့် တစ်ပြည် စစ်ခင်းနေကြသည်။ စစ်ပွဲတွင် အနိုင်ရရှိသောဘုရင်က အရှုံးပေးလိုက်ရသည့် တိုင်းပြည်နိုင်ငံမှ ပစ္စည်းရတနာများနှင့်တကွ လူငယ်၊ လူရွယ်၊ မိန်းမ၊ ယောကျ်ားများကိုပါ သိမ်းပိုက်၍ အကျဉ်းသားအဖြစ် ဖမ်းဆီးခေါ်ဆောင်လာတတ်သည်။ ယင်းကဲ့သို့သော ယောကျ်ား၊ မိန်းမများကို ကျေးကျွန်များအဖြစ် ထားကြသည်။

ဘုရင်အသိအမှတ်ပြုထားသော ကျေးကျွန်များကို ကျွန်ဈေး၌ အရောင်းအဝယ်ပြုလုပ်ကြသည်။

ထို့ပြင် စစ်ပွဲမှန်သမျှ၏ အကျိုးဆက်တစ်ခုမှာ ဆန်ရေစပါး ရှားပါးသွားခြင်းဖြစ်သည်။ လယ်ယာများသည် စစ်တိုက်သူများ နင်းချေဖျက်ဆီးခြင်း ခံရသည်။ ထိုအခါ အငတ်ဘေးကြီးနှင့် ရင်ဆိုင်ကြရသည်။ စားရမဲ့၊ သောက်ရမဲ့ ဖြစ်ကြသောအခါ ဝမ်းမီးငြိမ်းအေးသွားစေရေးအတွက် နုနယ်ငယ်ရွယ်သည့် ကလေးသူငယ်များကို ရောင်းချကြသည်အထိ ဖြစ်လာကြသည်။

အငတ်ဘေး ဆိုက်ရောက်လာပြီးနောက် နောက်ထပ် မလွဲမသွေ ဖြစ်ပေါ်လာသည့် အကျိုးဆက်မှာ ကူးစက်ရောဂါဘေးကြီး ကျရောက်လာခြင်းဖြစ်သည်။ ကလေးသူငယ်ပေါင်း မြောက်မြားစွာ ခိုကိုးရာမဲ့ ဒုက္ခသည်များဖြစ်ကြပြီး မိန်းမပေါင်းများစွာ မုဆိုးမဘဝ ရောက်ကုန်ကြသည်။ ယင်းအကြောင်းတရားများကြောင့် မကြာခင်ကစ၍ ဝိလောစန၏ ကုန်လှောင်ရုံများ၌ ကုန်ပစ္စည်းအပြည့် ဖြစ်လာသည်။ ကျွန်ကုန်သည်ကြီး ဝိလောစနသည် သူ့ထံတွင် အပြည့်ဖြစ်နေသော ကုန်ပစ္စည်းများကို အထိုက်

mgyoe.com

mgyoe.com


အလျောက် လျှော့ပစ်လိုသည့်ဆန္ဒ ရှိနေသည်။ အကြောင်းမူကား ဤရွှေ့ ဤမျှ များပြားသော ကျေးကျွန်များကို ထိန်းသိမ်းမှု၊ စောင့်ရှောက်မှု၊ ဝတ်စားတန်ဆာ ဆင်ယင်မှုပြုလုပ်ရာတွင် စရိတ်စက အကုန်အကျများစွာ ရှိနေသောကြောင့် ဖြစ်သည်။

ဘုရင်အသိအမှတ်ပြု ကျွန်ဈေးမှ ဝယ်ယူရရှိသည့် ကျွန်၊ ကျွန်မများကို မိမိ အပိုင်ဝယ်ယူထားသည့် ပစ္စည်းပစ္စယအဖြစ် သတ်မှတ်ယူဆထားနိုင်သည်။ ကျွန်၊ ကျွန်မများသည် မည်သည့်နိုင်ငံရေး၊ လူမှုရေး၊ အခွင့်အရေးမျှ မရရှိပေ။

သူတို့ကို ဝယ်ယူထားသည့် သူတို့၏ သခင်များသာလျှင် သူတို့နှင့်ပတ်သက်၍ တစ်ဦးတည်းသော အာဏာပိုင်ဖြစ်သည်။ ကျွန်၊ ကျွန်မများအပေါ် သူတို့ ဘာမဆို လုပ်ပိုင်ခွင့်ရှိကြသည်။ ကျွန်၊ ကျွန်မများကို သဘောရှိ ရိုက်နိုင်သည်။ ချုပ်နှောင်ထား နိုင်သည်။ ထိုမျှသာမက သတ်ပစ်သည်အထိ လုပ်ပိုင်ခွင့်ရှိသည်။

ဝိလောစနသည် ယင်းကဲ့သို့သော ဘုရင်အသိအမှတ်ပြု အထက်တန်းလွှာ ကုန်သည်ကြီးတစ်ဦး ဖြစ်သည်။

ဝိလောစနသည် တစ်ဖက်က လိမ္မာပါးနပ်သူတစ်ယောက်ဖြစ်သလို အခြား တစ်ဖက်ကလည်း မယုံသင်္ကာစိတ်ဝင်နေသူတစ်ဦးလည်း ဖြစ်သည်။ စန္ဒကူးနံ့သာပမာ စွဲမက်စရာ နူးညံ့ပျော့ပျောင်းပြီး ရိုးသားအပြစ်ကင်းစင်သော မိန်းကလေးကို သူ၏ ကုန်ပစ္စည်းအဖြစ် ဝယ်ပြီးနောက် ဝိလောစနသည် အပြောင်းလဲကြီး ပြောင်းလဲသွား သည်။ ပင်လယ်သမုဒ္ဒရာကဲ့သို့ ထောက်မှီ၍မရလောက်အောင် နက်ရှိုင်းသည့် မိန်းကလေး ၏ မျက်လုံးကြောင့် ဝိလောစန၏ အမှတ်သညာပိတ်ကားပေါ်တွင် အနက်အဓိပ္ပာယ် အမျိုးမျိုး ထင်ဟပ်ပေါ်လွင်နေသည်။

❐

mgyoe.com

mgyoe.com



# ဓနာဝဟာသူဌေး

ဝိလောစနသည် သူ၏ သမီးအရင်းခေါက်ခေါက် သုနယနာကို ကြည့်ပြီး အတွေးနယ်ချဲ့နေသည်။ စန္ဒနာနှင့် သုနယနာတွင် မည်ကဲ့သို့သော ခြားနားချက်ရှိသနည်း။ ရုပ်ရည်၊ အဆင်း၊ အချင်း မည်သည့်ဘက်က ကြည့်ကြည့် မည်သူက မည်သူ့ထက်သာသနည်း။ တစ်ယောက်က တစ်ယောက်ထက် ယုတ်လျော့နေသလား။ သို့ပါလျက် တစ်ယောက်က ကျေးကျွန်ဖြစ်ပြီး တခြားတစ်ယောက်က ကျက်သရေရှိသမီးပျို ဖြစ်နေသည်။ ကျေးကျွန်သည်လည်း အသက်နှင့်ကိုယ် ရှိနေသည် မဟုတ်လား။ မိမိသမီးနှင့် သူတစ်ပါးသမီးတွင် ဘယ်လောက်များ ကွဲပြားခြားနားချက်ရှိသနည်း။

အမှန်က ယင်းအတွေးအခေါ်မျိုး တွေးခြင်းသည် ဝိလောစနတို့လို ကျွန်ကုန်သည်များအတွက် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း ဖြစ်သည်။ ယခင်က ယင်းအတွေးမျိုး တစ်ခါမျှ မတွေးမိခဲ့ဖူးပေ။ သို့သော်လည်း ထိုကလေးမ၏ တည်ငြိမ်အေးချမ်းပြီး မရွှင်မလန်းဖြစ်နေသော မျက်နှာသွင်ပြင်ကို တွေ့မြင်ရပြီးသည့်အချိန်မှစ၍ ဝိလောစန မည်သို့မည်ပုံ ပြောင်းလဲလာသည် မသိပေ။ ကမ္ဘာလောက၏ ကရုဏာတရားနှင့် ခဏမကြာ ပျက်စီးပျောက်ကွယ်ခြင်းတရားသည် ဝိလောစန၏ အိမ်ဂေဟာအတွင်း လာရောက်ပုန်းခိုနေသကဲ့သို့ ထင်နေရသည်။ သူ့နှုတ်ခမ်းလေးကို တွေ့ရသောအခါ တစ်ချိန်လုံး ငိုများနေသလားဟု အောက်မေ့ရသည်။ ထိုနေ့မှအစပြု၍ ဝိလောစနသည် ကြိမ်လုံးမကိုင်တော့ပေ။ မိန်းကလေး ငယ်ငယ်ရွယ်ရွယ်များကိုမူ လက်ဖျားနှင့်တောင် မထိတော့ပေ။ အကြိမ်များစွာ ယက္ခိကာကို ခေါ်ပြီး "ယက္ခိကာ...၊ နင် ကျွန်တွေ

mgyoe.com

mgyoe.com


ကျွန်မတွေကို ကျောရိုးကျိုးအောင် ဒီလောက်ရိုက်နှက်ပြီးတာတောင်မှ ကျေးကျွန်တွေဟာ တစ်ယောက်နှင့်တစ်ယောက် မတူကြဘူးဆိုတာ မသိဘူး။ လူဆိုးရှိသလို လူကောင်းလည်း ရှိတယ်"

"အဲဒါတွေ ကျွန်မ မသိဘူး။ ကျွန်မ သိတာ တစ်ခုတည်းပဲ ရှိတယ်။ ကျွန်မတို့ပြောတာ လိုက်နာရင် လူကောင်း၊ ကျွန်မတို့ကို ကလန်ကဆန်လုပ်ရင် လူဆိုးပဲ။ မနေ့ကပဲ တွေ့ရသေးတယ်။ အဘိုးကြီးတစ်ယောက် ကျွန်မ ဝယ်ချင်တယ်ဆိုပြီးလာတယ်။ ကပ်စေးနဲ့ကော်တရာအဘိုးကြီး၊ ရွှေတွေ တစ်ပွေ့တစ်ပိုက်ယူပြီး ရောက်လာတယ်။ ဇွန်ပန်းလို နူးညံ့ပြီး ငှက်ပျောသီးလို နူးညံ့ပျော့ပျောင်းတဲ့မိန်းကလေး။ မိန်းကလေးကိုမြင်တော့ နှာဘူးအဘိုးကြီး သွားရည်တမျှားမျှား ကျလာတယ်။ ကျွန်မက "အဘိုးကြီးသတိထားနော်၊ မိန်းကလေး အသက်ပျောက်သွားလို့ လူသတ်မှု ဖြစ်နေဦးမယ်" လို့ပြောလိုက်တယ်။ အဘိုးကြီးက သွားဖြဲပြီး "တမင်သက်သက်တော့ ကျွန်မကို အသက်ပျောက်သွားအောင် ဘယ်လုပ်ပါ့မလဲ။ သူ့ဘာသာသူ သေသွားတာကတော့ ဘာတတ်နိုင်မှာလဲ။ ကောင်းမှု၊ မကောင်းမှု ပြဿနာ ဘယ်မှာရှိမှာလဲ။ ကျွန်ဘဝက ကျွတ်ပြီး၊ လွတ်ပြီဖြစ်သွားတာပေါ့၊ ဒါမှမဟုတ်ရင် သူ့ခမျာ ကျွန်ဘဝနဲ့ အရိုးထုတ်သွားရလိမ့်မယ်" လို့ ပြန်ပြောတယ်။ အဲဒီတော့ မိန်းကလေးက အဘိုးကြီးကို ကြည့်ပြီး ကြောက်ဒူးတုန်နေတယ်။ အဘိုးကြီးနဲ့ လိုက်မသွားဘဲ တွန့်ဆုတ် တွန့်ဆုတ် လုပ်နေတယ်။ သူ့ကျောပေါ် သုံးမြှောင့်လှံတံ တင်လိုက်မှ ယက်ကန်ယက်ကန်နဲ့ အဘိုးကြီးနောက်ပါသွားတယ်" ယက္ခိကာက ပြောပြောဆိုဆို ဟက်ဟက်ပက်ပက် ရယ်မောနေသည်။

ယက္ခိကာ၏ ယင်းအပြောမျိုးကို ကြားရလျှင် အူလှိုက်သည်းလှိုက် ရယ်မောလေ့ရှိသော ဝိလောစနသည် ယနေ့ မရယ်နိုင်မပြုံးနိုင် ဖြစ်နေသည်။ ဟင်းခနဲ သက်မချပြီးပြောလိုက်သည်။ "ယက္ခိကာ…၊ ငါတို့ ကျွန်မတွေ အထူးအားဖြင့် မိန်းကလေးတွေအရောင်းအဝယ်လုပ်တဲ့အလုပ် ရပ်ပစ်လိုက်ရင် ကောင်းလိမ့်မယ်၊ ယောက်ျားကျွန်တွေကိုပဲ အရောင်းအဝယ် လုပ်ကြစို့လား"

"အမယ်လေး… ဘုန်းကြီးအရင့်အမာကြီးနဲ့ လာတွေ့နေရပြန်ပြီ။ တော်တော်သံဝေဂရနေပြီထင်တယ်" ယက္ခိကာသည် မဲ့ကာရွဲ့ကာ၊ မျက်စိ စွေကာစောင်းကာနှင့်ပြောနေသည်။

"အဲဒီလို ဘယ်ဟုတ်မလဲ။ မျိုးဆက်ခုနစ်ဆက်က လုပ်လာတဲ့အလုပ်။ ဒါပေမဲ့ဟိုမိန်းကလေးဟာ တော်တော်အံ့သြစရာကောင်းတယ်။ သူ့ကို တွေ့လိုက်ရတဲ့အချိန်က

mgyoe.com

mgyoe.com

စပြီး စိတ်တစ်မျိုးတစ်မည် ဖြစ်လာတယ်။ ဒါလောက် အားနွဲ့တဲ့မိန်းကလေးမျိုးကို ငါ တစ်သက်နှင့်တစ်ကိုယ် ဘယ်တုန်းကမှ မတွေ့ဖူးဘူး"

"ဩော်၊ လက်စသတ်တော့ ဒီမိန်းကလေး ဖမ်းစားနေတာကိုး။ ကိစ္စမရှိပါဘူး၊ လွယ်ပါတယ်။ နက်ဖြန်မနက် ပထမဦးဆုံး လာတဲ့ဖောက်သည်ကို ဈေးဦးပေါက်ရောင်း ပစ်လိုက်မယ်။ ဆိုင်မှာ ဒီမိန်းကလေးရှိနေတာလည်း လာဘ်တိတ်တယ်။ သူရောက် လာတဲ့နေ့ကစပြီး တစ်ပတ်ရှိသွားပြီ၊ အလုပ်မဖြစ်ဘူး"

"အဲဒီလိုမပြောနဲ့ ယက္ခိကာ"

"ရှင်ပြောတာ ကျွန်မ တစ်ခုမှ နားမဝင်ဘူး။ ကာမရူပက အလှပဂေးတွေနဲ့ ရောရဝက အနုအခရာတွေတောင် ညှို့လို့မရတဲ့ လူတစ်ယောက်က ဒီ ဘာမှမဟုတ်တဲ့ မိန်းကလေးတစ်ယောက်ကျမှ ဣန္ဒြေမရဖြစ်နေတာ တော်တော်ဆန်းပါကလား။ ဒီလို စိတ်နုတာမျိုး မကောင်းဘူး။ ကျွန်မတို့အလုပ်က ကုန်ရောင်းကုန်ဝယ်အလုပ်။ ကုန်ရောင်းကုန်ဝယ်တဲ့အလုပ်မှာ ကုန်ရောင်းကုန်ဝယ်တဲ့စနစ်မျိုးနဲ့သာ သွားရမယ်။ ဒီမိန်းကလေးကို ရတဲ့ဈေးနဲ့ပဲ ရောင်းပစ်မယ်။ ဒီမိန်းကလေးထွက်သွားရင် ရှင့်စိတ် လည်း ပုံမှန်ဖြစ်လာလိမ့်မယ်။ ဘုရားသခင်က ရှင်တို့ယောကျ်ားတွေကို စိတ်နုအောင် ဖန်တီးထားပါကလား"

ဝိလောစနလို ဂုဏ်အသရေရှိကုန်သည်တစ်ဦးအပေါ်တွင် 'ရှင်'ဟုခေါ်နိုင်သည် ကို ထောက်ထားလျှင် ယက္ခိကာအနေနှင့် ဝိလောစနအပေါ် မည်သို့မည်ပုံ ပိုင်ဆိုင်ခွင့် ရှိနေသည်မှာ သိသာထင်ရှားနေသည်။

"အလောတကြီး မလုပ်ချင်ပါနဲ့။ ငါ ဖောက်သည်ရှာခေါ်လာခဲ့ပါမယ်"။ ယင်းသို့ ပြောပြီးလျှင် ဝိလောစနသည် အပြင်ဘက်သို့ ထွက်သွားသည်။ ဝိလောစန သည် နေရာပေါင်း အတော်များများသို့ လှည့်လည်သွားလာသည်။ သို့ရာတွင် စိတ်အေးချမ်းတည်ငြိမ်မှုရှိမလာပေ။ ထောက်မှီရာမရလောက်အောင် နက်ရှိုင်းသော ထိုမိန်းကလေး၏ မျက်လုံးအစုံကိုသာ ဝိလောစန သတိရနေသည်။ တချို့မျက်နှာများ မှာ နောက်ဆုံးပိတ် သေချိန်အထိ မေ့ဖျောက်၍မရနိုင်သော မျက်နှာမျိုးဖြစ်သည်။ ယင်းမျက်နှာမျိုးတွင် မည်ကဲ့သို့သော ဇွဲလမ်းစရာရှိနေသည် မပြောတတ်ပေ။

ဝိလောစနသည် ဓမ္မဂီတရွတ်ဆိုရာသို့ ရောက်သွားသည်။ ညဉ့်နက်သန်းခေါင် အထိ ဓမ္မဂီတရွတ်ဆိုနေကြသည်။ သို့သော်လည်း ဝိလောစန၏စိတ်သည် ပုံမှန်အနေ အထား ပြန်ရောက်မလာပေ။ ဓမ္မဂုရု၏ ခြေအစုံအပေါ်တွင် ဦးခေါင်းတင်၍ ရှိုးဦးခိုက်

mgyoe.com

လိုက်သည်။ သို့သော်လည်း ဝိလောစနသည် ငြိမ်းချမ်းမှုရရှိမလာပေ။ ပူဇော်နေကျ နတ်ဒေဝတာနှင့် ပတ်သက်ပြီး ဓမ္မမန္တန် ရွတ်ဖတ်သရဇ္ဈာယ်သည်။ သို့သော်လည်း စိတ်တည်ငြိမ်မှုဖြစ်မလာပေ။ မိန်းကလေးကို တွေ့မြင်ပြီး ကာမဂုဏ်စိတ်ပေါ်မည့် အစား ငြိမ်းချမ်းမှုရရှိသွားသည်။ သို့သော်လည်း ယခု မငြိမ်းချမ်းမှုသည် မည်ကဲ့သို့သော မငြိမ်းချမ်းမှုမျိုးဖြစ်သနည်း။ ညလုံးပေါက် ကြိုးခုတင်ပေါ်တွင် လဲလျောင်းနေသည်။ သို့သော်လည်း တစ်ညလုံး အိပ်မက်ထဲတွင် ကြယ်တာရာနှင့်တူသော မျက်လုံးကိုသာ မြင်နေရသည်။ နံနက်အချိန်တွင်လည်း ဝိလောစနသည် အရုဏ်မတက်ခင်ထပြီး လမ်းပေါ်ထွက်၍ ရပ်နေသည်။

နံနက်ခင်းနေရောင်ခြည်သည် လေးဖက်လေးရပ်၌ ပျံ့သွားသည်။ ကျွန်များသည် နံနက်စောစောအချိန်ကစ၍ အလုပ်စခန်း တန်းဝင်ကြသည်။ ကျွန်မများသည် မိမိတို့၏ သခင်မအတွက် ဖြီးစရာ၊ လိမ်းစရာ၊ ပြင်စရာများကို ဖန်တီးပြုလုပ်ပေးနေကြသည်။ မကြာခဏ ထော်လော်ကန့်လန့်လုပ်နေကြသော လေးလုံးခြောက်ဖက်ကျွန်ကြီးများကို ကြိမ်စာကျွေးသည့်အသံ ဝေ့ဝေ့လာသည်ကို ကြားရသည်။ မကြာခဏလည်း အဝတ်တစ်ပိုင်းတစ်ပျက်နှင့် ထွက်ပြေးသွားသောကျွန်နောက် ကြိမ်လုံးကိုင်ပြီး ပြေးလိုက်သွားသော အိမ်ရှင်ကိုလည်း တွေ့မြင်နေရသည်။

ပွဲကြည့်ပရိသတ်အတွက်ကမူ ပွဲကြီးပွဲကောင်း ကြည့်နေရသလို ဖြစ်နေသည်။ ပွဲကြီးပွဲကောင်းကို ကြည့်နေသူတို့သည် အိမ်တံခါးဝ၌ရပ်ပြီး သြဘာပေးနေကြသည်။ ထွက်ပြေးသောကျွန်ကို ဖမ်းမိသွားသည်။ လူတွေရှေ့မှာ ကြိမ်စာကျွေးလိုက်သည်။ ယခုလောက် ချမ်းချမ်းစီးစီးအချိန်ကြီးမှာ ခြုံထားတဲ့ စောင်ထူထူကြီးထဲက လက်ထုတ်ပြီး ကြိမ်လုံးနှင့်ရိုက်ရတာ နည်းနည်းနောနော ကြိုးပမ်းအားထုတ်မှုကြီး မဟုတ်ပါလား။ ကြိမ်ဒဏ် ခံရသည့်အတွက် ကျွန့်ပါးစပ်ထဲက သွေးတွေ စီးကျနေသည်။ ရှိခိုးဦးတင် တောင်းပန်နေရှာသည်။ သို့သော်လည်း ကြိမ်စာကျွေးသူက ကျွန်ကို တစ်အားလွှဲပြီး ကြိမ်ဖြင့် ရိုက်နေသည်။ လူတွေက ရယ်မောပြီး သြဘာပေးနေကြသည်။ ဘယ်လောက်ပျော်စရာကောင်းလဲ။ မနက်ခင်းကြီးမှာ ဘယ်လောက်စိတ်ဝင်စားစရာကောင်းတဲ့ မြင်ကွင်းကို မြင်နေရသလဲ။

သို့သော်လည်း ဝိလောစန၏ စိတ်နှလုံးသည် ထိုအချိန်၌ ယင်းကဲ့သို့ ပွဲမျိုးကို ကြည့်ရှုဖို့အတွက် အဆင်သင့် ဖြစ်မနေတော့ပေ။ ယင်းရှုခင်းမှ မျက်နှာလွှဲလိုက်ပြီးလျှင် အဝေး၌ရှိသော မိုးကုပ်စက်ဝိုင်းဆီသို့ လှမ်းမျှော်ကြည့်လိုက်သည်။ နံနက်မိုးသောက်

mgyoe.com

mgyoe.com

ကျေးငှက်များသည် ဆန်စပါး ကောက်စားဖို့အတွက် ထိုမှ ဤမှ တေးသီချင်းဆိုပြီး လှည့်လည်သွားလာနေကြသည်။ ဝိလောစန၏ ယောက်ယက်ခတ်နေသော အကြည့်သည် ယင်းနံနက်ခင်းအရုဏ်ကို တွေ့မြင်သိရှိရသည့်အတွက် အတန်ငယ် သက်သာရာ ရသွားသည်။ ထိုအချိန်၌ ဝိလောစနသည် မင်းလမ်းမ၌ ဘုရင့်ဆင်တော် တရွေ့ရွေ့ လာနေသည်ကို လှမ်းမြင်ရသည်။ ဆင်တွင် ဆင်ထားသော ရွှေငွေတန်ဆာ ဒွါဒရာများသည် ဝင်းလက်တောက်ပနေသည်။ ဆင်ပေါ်တွင် နတ်သားတစ်ယောက်နှင့်တူသော ယောကျ်ားတစ်ယောက် ထိုင်နေသည်။

ဝိလောစနသည် စိတ်ပါဝင်စားသွားသည်။ ဆင်ပေါ်ကလူသည် သူကြွယ်လား၊ ကုန်သည်ပွဲစားလား၊ နန်းတွင်းသူ နန်းတွင်းသားလား။ တစ်ဦးတစ်ယောက်တော့ ကျွန်ဝယ်ရန် လာနေသည်ထင်သည်။ အိမ်ပြန်မှတော်မည်။ ယနေ့ ကျွန်ဈေးဆိုင်ခါချင်ခါပစ်လိုက်ရလိမ့်မည်။ ရှိသမျှကျွန်များကို ရောင်းပစ်မည်။ ကောသမ္ဗီကျွန်ဈေး၌ ဆိုင်မှာရှိသည့် ကုန်ပစ္စည်း မလိုသူဘယ်မှာရှိမည်နည်း။ ဝိလောစန၏ မျက်လုံးနှစ်ဖက်သည် ထူးထူးခြားခြား ဝင်းလက်တောက်ပသွားသည်။ သို့သော်လည်း မကြာမီ အတောအတွင်း၌ပင် ဝိလောစန စိတ်ဓာတ်ကျသွားသည်။ ဆင်တော်ပေါ်တွင် ပါလာသူမှာ ဘုရင့်ညီတော်ဖြစ်သည်။ သတာနိက ဘုရင်မင်းကြီးသည် ပြခန်းကြီး ဆောက်လုပ်နေသည်။ ပြခန်း၌ထားဖို့အတွက် မိဖုရားကြီး မိဂါဝတီ၏ရုပ်ပုံ ပန်းချီဆွဲဖို့ ရှိနေသည်။ ထို့ကြောင့် ဘာရတနိုင်ငံ၌ ထင်ပေါ်ကျော်ကြားသော ယက္ခ ဘုရားကျောင်းမှ ပန်းချီဆရာ ရာဇသေခရကို ဖိတ်ခေါ်လိုက်ခြင်းဖြစ်သည်။ ရာဇသေခရ သည် ပန်းချီအနုပညာအရာ၌ သူမတူအောင် ကျွမ်းကျင်သူဖြစ်သည်။ လူတစ်ဦး တစ်ယောက်၏ အင်္ဂါအစိတ်အပိုင်းကို ကြည့်ရုံမျှနှင့် ထိုလူနှင့် ချွတ်စွပ်တူသော ရုပ်ပုံကို အနုပညာမြောက်စွာ ဆွဲတတ်သူဖြစ်သည်။

ဝိလောစန၏ တက်ကြွလှုပ်ရှားနေသော မျက်လုံးနှစ်ဖက်သည် စိတ်ပျက်အားလျော့ပြီး ပုံမှန်အတိုင်းဖြစ်သွားသည်။ ဝိလောစနသည် ရုပ်ပုံတစ်ခုခု ဆွဲဖို့ရန်အတွက် ထွက်လာခြင်းမဟုတ်ပေ။

"အမယ်လေး... ဝိလောစနတစ်ယောက် ဒီကို ရောက်နေတာပါကလား" ယက္ခိကာသည် ဝိလောစနကို ရှာရင်းရှာရင်း ထိုနေရာသို့ ရောက်လာခြင်းဖြစ်သည်။ ဝိလောစနသည် ယက္ခိကာကို မနှစ်မြို့သည့် အမူအရာဖြင့် လှမ်းကြည့်လိုက်သည်။ သို့သော်လည်း စကားပြန်မပြောပေ။

mgyoe.com

"ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

"ရုပ်ပုံဆွဲတဲ့လူ လာနေတယ်။ ယက္ခိကာ ကြည့်စမ်း။ ဟိုမှာ ဘုရားကျောင်းက ပန်းချီဆရာ ရာဇသေခရ လာနေတယ်။ လာ ပန်းချီဆရာကို နင့်ပုံအဆွဲခိုင်းရအောင်" ယင်းသို့ ပြောပြီးလျှင် ဝိလောစနသည် ယက္ခိကာ၏ ကြမ်းတမ်းခက်တရော်ရှိသော ကိုယ်လုံးကိုယ်ထည်ကို ကြည့်လိုက်သည်။

"အင်မတန်လှတဲ့ သုပ္ပဏခါပါလား။ သမိုင်းထဲက သုပ္ပဏခါကတော့ အရုပ်အဆိုးအကျည်းတန်၊ တို့ယက္ခိကာကတော့ ဒီလိုမဟုတ်ပါဘူးနော်" ယက္ခိကာသည် ဝိလောစန၏ ကျွန်ဈေးကျွန်ဆိုင်က ယုံကြည်စိတ်ချရသည့် လက်ထောက်ဖြစ်သည်။ တစ်ပြိုင်တည်းမှာပင် ဝိလောစန၏ ချစ်စနိုးမယားလည်း ဖြစ်သည်။ ဝိလောစနကို ချစ်ချစ်ခင်ခင် ယုယုယယလုပ်သည့် မိခင်လည်းဖြစ်သည်။ ဝိလောစနအပေါ် မေတ္တာထားသော နှမလို့ ပြောလျှင်လည်း ရသည်။ ယင်းသို့အားဖြင့် ယက္ခိကာသည် ခုနစ်ထွေအက ကနေရသူဖြစ်သည်။

"ဘာစကားပြောနေတာလဲ အရူးရဲ့" ယင်းသို့ ပြောပြီးလျှင် ယက္ခိကာသည် သူ့ကိုယ်ကို တစ်ချက်ပြန်ကြည့်လိုက်သည်။ "ရာဇသေခရက ရာဇာမဟာရာဇာတွေက လွဲပြီး တခြားလူများရဲ့ ပုံတူဆွဲဖို့ စိတ်ကူးတဲ့လူ မဟုတ်ဘူး။ ပဒ္မမှိနီက လွဲပြီးတော့လည်း တခြားမိန်းမပုံကို ဆွဲတဲ့လူ မဟုတ်ဘူး။ ကျွန်မက ပဒ္မမှိနီမို့လို့လား"

"မဟုတ်ဘူး ယက္ခိကာ။ ကောသမ္ဗီမှာ ပဒ္မမှိနီဆိုလို့ တစ်ဦးတည်းသော မိဖုရားကြီး မိဂါဝတီသာ ရှိတယ်။ ဒါပေမဲ့ ယက္ခိကာ၊ ချစ်ခြင်းရဲ့ စည်းကမ်းဥပဒေဟာ ထူးထူးခြားခြားရှိတယ်။ တကယ်လို့ သူ စိတ်ဝင်စားတယ်ဆိုရင် ပဒ္မမှိနီလည်း သူ့ရှေ့မှာ ဘာမှမဟုတ်ဘူး။ စန္ဒကူးနံ့သာကိုင်းလို အလှပေါင်းစုံနေတဲ့ တို့စန္ဒနာကြီးလာရင် အမှန်တကယ် ပဒ္မမှိနီဖြစ်လာလိမ့်မယ်လို့ ငါပြောရဲတယ်"

"သွားစမ်းပါ၊ ရှင့် ပဒ္မမှိနီ၊ ဒီပဒ္မမှိနီတွေအကြောင်း မပြောစမ်းပါနဲ့။ ပဒ္မမှိနီတွေဟာ တစ်မျိုးလုံးကို သစ္စာဖောက်မယ့်မိန်းမတွေဖြစ်တယ်။ တစ်တိုင်းပြည်လုံးကို ရာဟုဂြိုဟ်ထဲသွင်းမယ့် မိန်းမတွေဖြစ်တယ်။ အဲဒီလိုပဲ အတွေ့အကြုံရှိသူများက ပြောကြတယ်။ အခု လေဆန်တိုက်နေတဲ့ အချိန်အခါ မဟုတ်လား။ ပဒ္မမှိနီတွေကြောင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းတဲ့ စစ်ကြီးဖြစ်လာနိုင်တယ်"

"တိတ်စမ်း... မင်းချင်းယောကျ်ားတွေ ကြားသွားရင် နင်နဲ့ ငါ နှစ်ယောက်စလုံး ဦးခေါင်းနဲ့ကိုယ် အိုးစားကွဲသွားလိမ့်မယ်။ ပဒ္မမှိနီမိဖုရားကြီး မိဂါဝတီ သက်တော်

mgyoe.com

mgyoe.com

ရာကျော်ရှည်ပါစေ” ဝိလောစနသည် နောက်ဆုံးစကားဝါကျကို ကျယ်လောင်စွာ ပြောလိုက်သည်။ သူတို့နား ဘုရင့်ဆင်တော်ရောက်လာသည်နှင့် ယက္ခိကာသည် ရုတ်ခြည်း တစ်ဖက်ရှောင်ပေးလိုက်သည်။

ထို့နောက် ဝိလောစနသည် ထိုနေရာ၌ပင် အချိန်အတန်ကြာမျှ ရပ်နေသည်။ နေမြင့်လာသော်လည်း လိုလားတောင့်တနေသော ဖောက်သည် မရရှိဘဲ ဖြစ်နေသည်။ ထိုအခိုက် ခပ်လှမ်းလှမ်းမှ ဓနာဝဟသူဌေးကြီးလာသည်ကို လှမ်းမြင်ရသည်။ ဝိလောစနသည် သူဌေးကြီးလာသည်ကို တွေ့ရသောအခါ ဝမ်းသာအားရ ဖြစ်သွားသည်။

ဓနာဝဟသူဌေးကြီးသည် စိတ်သဘောထားပြည့်ဝသည်။ ကိုယ်ချင်းစာငဲ့ညှာ ထောက်ထားတတ်သူ ဖြစ်သည်။ ရွှေဒင်္ဂါးနှစ်ကုဋေ ချမ်းသာကြွယ်ဝသူ ဖြစ်သည်။ သူပိုင်သော ဥစ္စာဓနတစ်ဝက်ကို ကူးသန်းရောင်းဝယ်မှုအတွက် ထည့်ထားပြီး တစ်ဝက်ကိုမူ အတိုးပေးထားသည်။ သူဌေးကတော်၏အမည်မှာ မူလာဖြစ်သည်။ ဇနီးမောင်နှံ နှစ်ဦးစလုံး နတ်ပြည်ဘုံနန်း ချမ်းသာသုခကို ခံစားနေကြရသည်။ လက်ထပ်ထိမ်းမြား ပြီးသည်မှာ နှစ်ပေါင်းများစွာ ကြာရှိလာခဲ့ပြီဖြစ်သော်လည်း သားထောက်သမီးခံဟူ၍ တစ်ယောက်မျှ မွေးဖွားမလာခဲ့ပေ။ ယင်းစိတ်မချမ်းမသာဖြစ်ခြင်းတစ်ခုကိုသာ ခံစားနေရသည်။ သို့သော်လည်း နံနက်မိုးလင်းလာသည်နှင့် ဓနာဝဟသူဌေးကြီး၏ အောင်မြင်မှုကို တွေ့ရသူတိုင်းက ဓနာဝဟသူဌေးကြီး၏ အောင်မြင်မှုကိုကြည့်လျက် အားတက်သရော ဖြစ်နေကြသည်။ ဓနာဝဟသူဌေးကြီးသည် ဝိလောစန၏ ဖောက်သည်ဟောင်းတစ်ဦးလည်း ဖြစ်သည်။ ကူးသန်းရောင်းဝယ်ရေးအလုပ်နှင့် ပတ်သက်၍ဖြစ်စေ၊ ခိုင်းစေဖို့ လူလိုသည့်အခါဖြစ်စေ ဓနာဝဟသူဌေးကြီးသည် ဝိလောစနထံသို့သာ ချဉ်းကပ်ရောက်ရှိလာသည်။

သူဌေးကြီးသည် ပုလဲအရောင်းအဝယ် လုပ်သည်။ ပင်လယ်သမုဒ္ဒရာထဲက ပုလဲငုပ်ဖို့အတွက် အရွယ်ကောင်း၊ အားခွန်ဗလကောင်းကောင်းနှင့် ကျွန်များလိုသည်။

သို့သော်လည်း ပုလဲငုပ်သည့်လုပ်ငန်းသည် ခက်ခက်ခဲခဲလုပ်ရသည့် အလုပ်ဖြစ်၍ ယင်းအလုပ်လုပ်သော ကျေးကျွန်များသည် သုံးလေးနှစ်အတောအတွင်း၌ပင် အချိန်မတိုင်မီ ကွယ်လွန်သွားကြသည်။ တစ်ချိန်တွင် မုန်တစ်ပါးက ဓနာဝဟသူဌေးကြီးကို “သူဌေးကြီး... သူဌေးကြီးအနေနဲ့ ကျေးကျွန်များကို လူသားတစ်ယောက်လို့ မထင်မှတ်ပေမဲ့ ကျေးကျွန်များလည်း အသက်နဲ့ ကိုယ် ရှိနေကြသူများသာ ဖြစ်တဲ့အတွက် သူတို့ကို နှိပ်စက်ညှဉ်းပန်းတာဟာ အင်မတန်ကြီးလေးတဲ့ မကောင်းမှုဖြစ်

mgyoe.com

mgyoe.com


တယ်။ အဲဒီမကောင်းမှုကြောင့် သူဌေးကြီး သားသမီးမထွန်းကားတာဖြစ်မယ်" ဟု သတိပေးသည်။

ထိုအချိန်မှစပြီး သူဌေးကြီးသည် ပုလဲအရောင်းအဝယ်အလုပ် ရပ်ပစ်လိုက်သည်။ သို့သော်လည်း သားသမီးထွန်းကားမှု မရှိခြင်းမှာမူ ဆက်လက်ဖြစ်နေတုန်း ဖြစ်သည်။

"ဘယ်လိုလဲ ဝိလောစန၊ အခုတစ်လော အလုပ်ပါးနေလို့လား"

"သူဌေးကြီးအတွက် လာခဲ့ရတာပါ။ ရုပ်ရည်သန့်ပြန့်ပြီး အချောအလှ ကျွန်မ တစ်ယောက် သူဌေးကြီးအတွက် ရထားတယ်။ သူဌေးကြီးယူမယ်ဆိုရင် ကျုပ် ဒါလောက် အမြတ်မယူပါဘူး"

"ကုန်သည်က အမြတ်မယူဘူးဆိုရင် ကုန်သည်မဟုတ်ဘဲ ဘုန်းကြီးဖြစ်နေမှာ ပေါ့။ ကိစ္စမရှိပါဘူး ဝိလောစန။ ကျုပ်တို့က လင်မယားနှစ်ယောက်ပဲ ရှိနေကြတာ။ လင်မယားနှစ်ယောက်အတွက် ကျေးကျွန်ဘယ်နှယောက်လိုမှာလဲ။ ကျုပ်တို့အတွက် အသုံးဝင်မယ့် ကျွန်မဆိုရင် အဖိုးစားနား စကားထဲထည့်မပြောပါဘူး"

"သူဌေးကြီး၊ ယခု ကျုပ်ရောင်းမယ့်ပစ္စည်းမျိုးက တစ်ခါတစ်ရံမှသာ ရတဲ့ ပစ္စည်းမျိုးဖြစ်တယ်။ တကယ်လို့ သူဌေးကြီးတို့မှာ သမီးတစ်ယောက်ရှိတယ်ဆိုရင် သူဌေးကြီးတို့ရဲ့ သမီးနဲ့ ဘယ်လိုမှ ခြားနားမှာ မဟုတ်ဘူး။ ခြောက်သွေ့နေတဲ့ အိမ်ကြီး စိုစိုပြည်ပြည်ဖြစ်လာလိမ့်မယ်။ သူဌေးကြီး လိုက်ခဲ့ပါ။ သူဌေးကြီး သဘောကျရင် ယူသွားပါ။ ဒါမှမဟုတ်ရင် ပစ္စည်း ကျုပ်ဆီမှာပဲ ထားမယ်"

ဝိလောစနသည် ဓနာဝဟသူဌေးကြီးကို တောင်းတောင်းပန်ပန်နှင့် သူ့အိမ် ခေါ်သွားသည်။ သစ်သားညောင်စောင်းတစ်ခုပေါ်တွင် သူဌေးကြီးကို နေရာပေးလျက် စန္ဒနာကို ခေါ်ခိုင်းလိုက်သည်။ စန္ဒနာက အသင့်ပြင်ပြီးသား ဖြစ်နေသည်။ ယနေ့ သူ့ကို ရောင်းချမည်ဖြစ်၍ နံနက်အချိန်ကပင် သူ့ကို အလှပြင်ဆင်ခိုင်းထားသည်။ ကျွန်မများအတွက် အထူးတလည် စီမံပေးထားသော ကြေးလက်ဝတ်တန်ဆာများ ဆင်ပေးထားသည်။ ရှည်လျားသောဆံပင်ကိုလည်း ကြည့်ပျော်ရှုပျော်ဖြစ်အောင် ထုံးပေးထားသည်။ လက်ထဲတွင်လည်း ကြာပွင့်တစ်ပွင့် အကိုင်ခိုင်းထားသည်။

ဖောက်သည်တစ်ဦးဦး၏ ရှေ့မှောက်မှာ အပြုံးမျက်နှာနှင့် ရပ်ပြီး လက်ထဲမှာ ကိုင်ထားတဲ့ ကြာနီပွင့်ကို လှုပ်ယမ်းနေရမည်ဟူ၍လည်း စန္ဒနာကို အမိန့်ပေးထားသည်။

စန္ဒနာ...။ ပင်ကိုအလှနှင့် ပြည့်စုံသော စန္ဒနာသည် အပြုံးမျက်နှာနှင့်မဟုတ်ဘဲ တည်ငြိမ်ဣန္ဒြေရသော အမူအရာဖြင့် ရပ်နေသည်။

mgyoe.com

 mgyoe.com 

"စန္ဒနာ... သူဌေးမင်းရဲ့ ခြေထောက်ကို ဆေးကြောပေးလိုက်" ယက္ခိကာက အမိန့်ပေးပြီးလျှင် လက်ထဲကိုင်ထားသော သုံးမြှောင့်အသွားရှိသည့် လှံကို ဝှေ့ယမ်းနေသည်။

စန္ဒနာက သူဌေးကြီး၏ခြေထောက်ကို ဆေးကြောပေးသည်။

"စန္ဒနာ သီချင်းတစ်ပုဒ် ဆိုပြစမ်း"

စန္ဒနာသည် သီချင်းတိုတိုတစ်ပုဒ်ကို ဆိုပြလိုက်သည်။ သူ ငိုနေသလား၊ ပြုံးနေသလားဆိုသည်ကို ဆုံးဖြတ်၍ မရနိုင်သည့် အခြေအနေမျိုး ဖြစ်နေသည်။ သို့သော်လည်း သူ၏ရိုးသားပြီး အပြစ်ကင်းစင်သော အသံနေအသံထားသည် သူဌေးကြီး၏ နှလုံးကို ကိုင်လှုပ်ထားသည်။ သူ၏ပဉ္စလက်အပြည့်ရှိသော မျက်နက်အကြည် ပသာဒသည် သူဌေးကြီးအပေါ်တွင် စိုးမိုးမှုရရှိသွားသည်။

"ကဲ... ဈေးပြောတော့ ဝိလောစန" သူဌေးကြီးက မေးလိုက်သည်။

"သူဌေးကြီး ဘယ်လောက်ပေးပေး သူဌေးကလွဲပြီး တခြားလူကို မရောင်းပါဘူး" ဝိလောစနက ပြန်ပြောလိုက်သည်။

"ဟုတ်ပါတယ် သူဌေးမင်း။ ကျွန်မတို့က ငရုတ်သီးကို ပဲနောက်ဈေးနဲ့ ရောင်းနေတာပါ။ ဘာပဲဖြစ်ဖြစ် သူဌေးမင်း ပေးနိုင်တဲ့ဈေးနဲ့ပဲ ကျွန်မတို့ ရောင်းမှာပါ" ယက္ခိကာက ပြောလိုက်သည်။ "တောင်းသာတောင်းပါ၊ တောင်းတဲ့ဈေးနဲ့ပဲ ကျုပ်ယူပါ့မယ်" သူဌေးကြီးလည်း ရက်ရောချင်သည့် စိတ်ပေါက်လာသည်။

သုံးဦးသုံးဖလှယ် သဘောတူညီသွားကြသည်။ ယင်းသို့အားဖြင့် ခိုကိုးရာမဲ့ သတ္တဝါတစ်ဦး၏ အနာဂတ်အရေးနှင့် ပတ်သက်ပြီး ရတ်ခြည်း ဆုံးဖြတ်ချက်ကျသွားသည်။ အဖုအထစ်မရှိဘဲ ပစ္စည်းအရောင်းအဝယ် ဖြစ်သွားသည်။ ယက္ခိကာက စန္ဒနာကို သူဌေးကြီးလက်ထဲ အပ်လိုက်သည်။

စားနေကျ ကြောင်ပါးကြီးဖြစ်ခဲ့သော ဝိလောစနသည် 'ကတညုတကတဝေဒီ' ဝန်ထုပ်ဝန်ပိုးကြီး ပိနေသူပမာ ထွက်ခွာသွားသော သူဌေးကြီးကို လှမ်းမျှော်ကြည့်နေသည်။

သူဌေးကြီး၏နောက်က "စန္ဒနာ" လည်း သူ၏ အိမ်သစ်ရာသစ်တွင်၊ သူ၏ မိသားစုအသစ်တွင် သူ၏ ကံကြမ္မာအသစ်ကို ဖန်တီးရန်အတွက် လိုက်ပါသွားသည်။

❒

mgyoe.com

mgyoe.com


# သူဌေးကတော် မူလာ

ငှက်သွင်ပျံကြွမတတ်ဖြစ်နေသော စန္ဒနာသည် အမှန်တကယ်ပင် ကံကောင်း ထောက်မသည်ဟူ၍ ဆိုရမည်။ သူရောက်လာသည့် အချိန်မှစ၍ ဓနာဝဟသူဌေးကြီး၏ အိမ်မှ လကွယ်အမှောင်သည် လွင့်ပါးပျောက်ကွယ်သွားပြီး လပြည့်၏ အေးမြသော ရောင်ခြည်သည် နေရာအနှံ့ ပျံ့နှံ့နေသည်။

သူဌေးနှင့် သူဌေးကတော်တို့၏ နှလုံးအသည်းပွတ်ထဲက တင်းတိမ်ရောင့်ရဲခြင်း မရှိသော သားချစ်သမီးချစ်စိတ်သည် စန္ဒနာပေါ်တွင် သွန်းလောင်းစီးကျလာသည်။ စန္ဒနာသည် စိမ်းလန်းစိုပြည်သော တောဝနာဌ်နေသော ကျေးသားကဲ့သို့ တေးသံသာ ရင့်ကျူးနေသည်။ တောထဲမှ သမင်ပေါက်ကလေးများကဲ့သို့ မြူးထူးနေသည်။ လက်ဝတ်တန်ဆာအမျိုးမျိုးနှင့် အရောင်မျိုးစုံ အဝတ်အစားများကို သူ့အတွက် ဝယ်ခြမ်းပေးထားသည်။ ထူးခြားသည်မှာ လက်ဝတ်တန်ဆာနှင့် အဝတ်အစားများသည် မည်ကဲ့သို့သော အမျိုးအစားဖြစ်ဖြစ် စန္ဒနာ၏ ကိုယ်ပေါ်တွင် တင်လိုက်သည်နှင့် တစ်ပြိုင်နက် တောက်ပဝင်းလက်သွားသည်။ ရွှေပေါ်မြတင် ဖြစ်သွားသည်။

အဆင်တန်ဆာများကြောင့် စန္ဒနာ ကျက်သရေရှိသွားသလား (သို့မဟုတ်) တောက်ပဝင်းလက်သွားသလား (သို့မဟုတ်) စန္ဒနာကြောင့် အဆင်တန်ဆာများ တောက်ပဝင်းလက်သွားသလား၊ အလှပညာဆရာများအတွက် အလွန်အလုပ်ရှုပ်သော ပြဿနာတစ်ရပ် ဖြစ်နေသည်။ စန္ဒနာ၏ နှုတ်မှ တစ်စုံတစ်ခု ထုတ်ဖော်မဟလိုက်နှင့် ဟလိုက်သည်နှင့် တစ်ပြိုင်နက် သူဌေးနှင့် သူဌေးကတော်တို့သည် ချက်ချင်း မရရအောင် ရှာပေးကြသည်။

mgyoe.com

mgyoe.com

စန္ဒနာသည် အတိတ်ကိုမေ့ပြီး ပစ္စုပ္ပန်၏ ချမ်းမြေ့ရွှင်လန်းဖွယ် ရိပ်မြုံထဲ၌ ပျော်ပါးကစားနေသည်။ ယနေ့ နဂါးပတ် ကျော့ကွင်းပုံသဏ္ဌာန်လို ဆံပင်ကို ထုံးပြီး နွားကျောင်းသူမများ၏ အကကိုကလျှင် နက်ဖြန်ခါ ခြေထောက်တွင် ရွှေချူကလေးများ ဆွဲပြီး အကတစ်မျိုး ကသည်။ တန်ဆောင်တိုင်ပွဲနှင့် နွေဦးသဘင်ပွဲများ၌ကား စန္ဒနာ ထိပ်ဆုံးမှ ရောက်နေသည်။

စန္ဒနာသည် နလပိန်းတုံး မဟုတ်ပေ၊ ပါးရည်နပ်ရည်ရှိသည်။ ကမ္ဘာလောက၌ ကျွန်၊ ကျွန်မတို့၏ အခြေအနေသည် တိရစ္ဆာန်တို့၏ အခြေအနေထက်ပင် နိမ့်ကျသည့် အကြောင်းကို နားလည်သည်။ ထို့ကြောင့် အိမ်မှုကိစ္စများကို အားလုံးသိမ်းကျုံးလုပ်သည်။ မီးဖိုချောင်ကိစ္စများမှစ၍ သူဌေးကတော်လိမ်းရန် နံ့သာ စသည့်အပြင် တခြား တိုလီမိုလီကိစ္စများကိုပါ လုပ်ကိုင်ပေးသည်။ အိပ်ရာနေရာ၊ အိပ်ရာခင်း၊ ခေါင်းအုံး စသည်များကိုလည်း သူ့နေရာနှင့်သူ ခင်းကျင်းပေးသည်။ ဆေးဝါး စသည်များကိုလည်း သူပင် ရှာဖွေဖန်တီးပေးသည်။ အိမ်ရှိ တခြား ကျွန်မများကို ကြည့်ရှုစောင့်ရှောက်ရသည့် တာဝန်လည်း သူ့ခေါင်းပေါ်တွင် ရှိနေသည်။

စန္ဒနာ၏အခြေအနေကို တွေ့မြင်ရသည့်အခါ အိမ်ရှိ တခြားကျွန်မများက မနာလိုဝန်တို ဖြစ်ကြသည်။

"ဒီကောင်မက ကျွန် ကျွန်နေရာမနေချင်ဘူး။ တကယ့်သခင်မကြီး ကျနေတာပဲ။ ငါတို့ကိုဆက်ဆံနေတာ တကယ့်သခင်မကြီးအတိုင်းပဲ။ ကြင်နာသနားသလိုလို အမူအရာမျိုး ပြတဲ့အခါပြ၊ အာဏာပြတဲ့အခါပြနဲ့ လုပ်ချင်သလိုလုပ်နေတယ်"

ယင်းသို့ စိတ်ထဲက ကျိတ်ပြီး မကျေမနပ် ဖြစ်နေကြသည်။

ကျွန်သည် တခြားကျွန်တစ်ယောက်၏ အုပ်ချုပ်မှုကို မည်သည့်အခါမျှ ခံမနေနိုင်ပေ။ ကျွန်တစ်ယောက်သည် အခြားကျွန်တစ်ယောက်က သူ့အပေါ် အာဏာပြလျှင် မိမိသိက္ခာကို ထိပါးသည်ဟူ၍ ယူဆသည်။ ဘေရဝီအမည်ရှိ ရုပ်လည်း လှ၊ အရွယ်လည်း နုပျိုသေးသော ကျွန်မသည် စန္ဒနာ၏ ယင်းသို့ ပိုင်စိုးပိုင်နင်းရှိနေမှုကို အခံရ အခက်ဆုံး ဖြစ်နေသည်။ ဘေရဝီသည် အကြိမ်ပေါင်းများစွာ မသိမသာ ဆန္ဒပြသည်။ နောက်ဆုံး၌ကား "ကျုပ်တို့သူဌေးရဲ့ ကျွန် အခါတစ်ရာဖြစ်ရချင် ဖြစ်ရပါစေ၊ အရေး မကြီးဘူး၊ ဒါပေမဲ့ ဒီကျွန်မရဲ့ကျွန်တော့ အဖြစ်မခံနိုင်ပေါင်" ဟူ၍ ပွင့်ပွင့် လင်းလင်း လူသိရှင်ကြား ကြေညာလေတော့သည်။ ယင်းသို့အားဖြင့် ဘေရဝီနှင့် စန္ဒနာသည် တစ်ဦးနှင့်တစ်ဦး ပြိုင်ဘက်၊ ခတ်ဘက် ဖြစ်လာကြသည်။ ဘေရဝီကလည်း တက်

mgyoe.com

mgyoe.com


တုန်း၊ ကြွတုန်း အရွယ်ဖြစ်သည်။ စန္ဒနာကလည်း တက်သစ်စ အပျို အရွယ်ဖြစ်သည်။ နှစ်ဦးစလုံး၏ဘဝသည် ငွေဦး၏ တံခါးအဝတွင် ခြေချခါစပင် ရှိကြသည်။

ကာမနတ်သည် အရွယ် (သို့မဟုတ်) အခြေအနေကို ဘယ်လိုမှ မကြည့်။ ဘယ်အချိန်အခါဖြစ်ဖြစ်၊ ဘယ်သူ့ကိုဖြစ်ဖြစ် ကာမနတ် ဖမ်းစားတတ်သည်။ ယင်းသို့ ဘေရဝီသည် ခါးသီးသော၊ အစော်ကားခံရသော ကျွန်ဘဝ၌ ဆုံးဖြတ်ချထားသည်။ ဘေရဝီ၏အာသာရမ္မက်သည် ဓနာဝဟသူဌေးကြီး၏ ငုပ်လျှိုးအိပ်ပျော်နေသော ကာမဂုဏ်စိတ် နိုးထလာအောင် လုပ်နေသည်။ ဓနာဝဟကမူ ဘေရဝီကို သမီး တစ်ယောက်လို သဘောထားသည်။ မကြာခဏ ဘေရဝီကို မာကြောင်း၊ သာကြောင်း အာလာပသလ္လာပ ပြောဆိုနေတတ်သည်။ သို့ရာတွင် ဘေရဝီကမူ အနေအထိုင် ပက်စက်သည်။ ဗိုင်းကောင်းကျောက်ဖိ မနေပေ။ အဝတ်အစားကို လျော့ရိလျော့ရဲ ဝတ်စားပြီး နမော်နမဲ့နေတတ်သည်။ ကာမရာဂ နိုးကြွသည့် သီချင်းဂီတများကို အရှက်မရှိ သီဆိုနေတတ်သည်။ တစ်စုံတစ်ခု ရမည်ရှာပြီး သူဌေးကြီးရှေ့လာရပ်လျက် ရယ်လိုရယ်၊ ပြုံးလိုပြုံး၊ မူရာမာယာ ပြလိုပြ၊ အနောက်အပြောင် ပြောလိုပြောပြီးလျှင် သူဌေးကြီး ရှေ့မှ ပြန်ထွက်သွားတတ်သည်။

ထိုအခြေအနေတွင် သူဌေးအိမ်သို့ စန္ဒနာ ရောက်လာသည်။ စန္ဒနာ ရောက်လာသောအခါ ပွဲပျက်သွားသည်။ သူဌေးနှင့် သူဌေးကတော် နှစ်ဦးစလုံးပင် စန္ဒနာအတွက် အရူးအမူး ဖြစ်နေကြသည်။ စန္ဒနာကိုသာ အရိပ်တကြည့်ကြည့်ဖြစ်နေကြပြီး စန္ဒနာ တစ်ခွန်းမဟလိုက်နှင့် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်ကုန်ကြသည်။ ယင်းအချက်ကို ဘေရဝီ မခံချင်အဆုံး ဖြစ်သည်။ အစပထမ၌မူ ဘေရဝီသည် မျက်နှာချိုသွေးပြီး မကျေနပ်ကြောင်း ဖွင့်ဟပြောပြသည်။ တခြား ကျွန်၊ ကျွန်မများကိုလည်း စန္ဒနာနှင့် ဆန့်ကျင်ဘက် တို့မီး ရှို့မီး လုပ်ပေးသည်။ သို့သော် စန္ဒနာက စကားတစ်ခွန်းတည်းနှင့် အားလုံးကို ကျေအေးသွားအောင် လုပ်ပစ်လိုက်သည်။

"ကျွန်မတို့အားလုံး ကျွန်ချည်းပဲ။ ကျွန်မတို့အားလုံး တစ်တန်းတစ်စားတည်းသာ ဖြစ်တယ်။ ကျွန်မတို့အချင်းချင်း သွေးစည်းညီညွတ်မှ တော်ရုံကျမယ်။ ကျွန်မတို့ တစ်ယောက်နဲ့တစ်ယောက် ရန်ဖြစ်နေရင်တော့ ကိုယ့်ကိုယ်ကိုယ် ပြန်သတ်နေတာနဲ့ ဘာမှထူးမှာမဟုတ်ဘူး"

စန္ဒနာ၏စကားကြောင့် အားလုံး နားလည် သဘောပေါက်သွားကြသည်။ သို့သော်လည်း ဘေရဝီတစ်ယောက်ကမူ ကျားကျားမီးယပ် ဖြစ်နေသည်။

mgyoe.com

mgyoe.com

"မနေ့တစ်နေ့ကမှ ရောက်လာတဲ့ နှစ်ပဲတစ်ပြားတန် ကျွန်မက ငါတို့အပေါ် စီးပိုးနေလို့ရမလား။ ကျွန်တစ်ယောက်ရဲ့ ကျွန်ဖြစ်ပြီး အသက်ရှင်နေရတာထက်တော့ ဆင်းရဲသား အိမ်တစ်အိမ်မှာ သွားပြီး ကျွန်ခံနေရတာက ကောင်းသေးတယ်"

ယင်းအယူအဆကို ဘေရဝီက မြဲမြဲဆုပ်ကိုင်ထားသည်။ ဘေရဝီသည် စန္ဒနာကို အမြစ်ဖြုတ်ပစ်ရန် သန္နိဋ္ဌာန်ချထားသည်။ သို့သော်လည်း တခြားကျွန်မများကို တစ်ဖက်လှည့်နှင့် သွေးထိုးပေးသည့်အလုပ်ကိုမူ ဆက်မလုပ်တော့ပေ။ မှောင်မိုက်နေသော ညတစ်ညဥ္စ ဒေါသနှင့် အာဃာတ တောမီးထဲတွင် လောင်မြိုက်ခြင်းခံနေရသော ထိုပမ္ဘားကျွန်မကလေးသည် မန္တရာနှင့် ကေကေယီတို့၏ ဇာတ်ကရန် ဆုံးဖြတ်ချက်ချလိုက်သည်။

သူဌေးကတော် မူလာသည် ရိုးရိုးအအဖြစ်သည်။ ပတ်ဝန်းကျင်လောက၏ အလှည့်အပတ် အလိမ်အညာတို့ကို နားမလည်။ သားသမီး မထွန်းကားသောကြောင့် သားသမီးရောဂါထနေသည်မှာ သူ့အဖို့ အဆန်းမဟုတ်ပေ။ သို့သော်လည်း စန္ဒနာရောက်လာသောအခါ သူ၏ သားသမီးရောဂါသည် နေသာထိုင်သာ ရှိသွားသည်။

တစ်နေ့သောအခါ၌ အဖြစ်အပျက်တစ်ခု ဖြစ်ပေါ်လာသည်။ ရေချိုးခန်းထဲမှ ရေချိုးပြီးထွက်လာသော စန္ဒနာသည် ရုတ်တရက် ချော်လဲသွားသည်။ သူ့ကိုယ်ပေါ်၌ ကိုယ်ရုံအဝတ် တစ်ထည်တည်းသာ ရှိနေသည်။ သူ၏ လှပအချိုးကျသော ကိုယ်လုံးသည် ရေချိုးပြီးစဖြစ်၍ အရောင်အသွေး ချောမွတ်ဝင်းလက်နေသည်။ ဖြန့်ချထားသော ဆံပင်အရှည်ကြီးသည် ခြေဖနောင့်အထိ ပြန့်ကျနေသည်။

စန္ဒနာသည် "အမယ်လေး" ဟု တစ်ချက်တပြီး သတိမေ့သွားသည်။ ဦးခေါင်းမှ ယိုစီးထွက်လာသော သွေးများဖြင့် ဆံပင်နီရဲသွားသည်။ အနီးအနားတွင် တစ်ယောက်မျှမရှိပေ။ ဘေရဝီတစ်ယောက်သာလျှင် မနီးမဝေး၌ တစ်စုံတစ်ခု လုပ်နေသည်။ ဘေရဝီသည် စန္ဒနာ လဲကျသွားသည်ကို မြင်လိုက်သည်။ သို့ရာတွင် ချက်ချင်းမျက်နှာလွှဲလိုက်ပြီး မသိသလို သူ့အလုပ် လုပ်မြဲလုပ်နေသည်။

"ဒီကောင်မ သေတာကောင်းတယ်၊ သူသေသွားမှ ငါ့မျက်လုံးထဲ စူးဝင်နေတဲ့ ဆူးထွက်သွားမယ်" စိတ်ထဲက ရေရွတ်နေသည်။

သူဌေးဓနာဝဟ အပြင်သွားနေသည်။ သူဌေးကတော်မူလာလည်း အိမ်နီးနားချင်းအိမ်တစ်အိမ်၌ ထိုင်ပြီး အတင်းအဖျင်း ပြောနေသည်။ အိမ်နီးနားချင်းအိမ်က မိန်းမက ပြောသည်။

mgyoe.com

mgyoe.com


"သူဌေးကတော်၊ ရှင်ကတော့ ကိုယ်ဝန်မဆောင်ဘဲနဲ့ သမီးတစ်ယောက်ရနေတယ်။ တစ်ယောက်ဆို ဆိုသလောက်ပါပဲ။ တကယ့် နတ်သမီးလေးအတိုင်းပဲ။ ပဏ္ဍိတ်ကြီး ပြောတာ ကြားဖူးတယ်။ နတ်ပြည်က နတ်သား၊ နတ်သမီးတွေဟာ မိခင်ဝမ်းဗိုက်ထဲမှာ ပဋိသန္ဓေမနေဘူးတဲ့။ လူ့ပြည်က ကုသိုလ်ထူးတဲ့ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် နတ်ပြည်ရောက်သွားရင် ဟိုမှာ ဘွားခနဲ ပေါ်တာပဲတဲ့။ အဲဒီပုဂ္ဂိုလ်ဟာ နတ်ပြည်မှာ ကလေးသူငယ်ဘဝ ဒုက္ခကိုလည်း မခံရဘူး၊ လူအိုဘဝ ဒုက္ခကိုလည်း မခံရဘူး။ မွေးတဲ့အခါလည်း လုလင်ဘဝနဲ့ မွေးတယ်။ သေတဲ့အခါလည်း လုလင်ဘဝနဲ့ပဲ သေတာပဲတဲ့"

သူဌေးကတော် မူလာက ပြန်ပြောတယ်။

"ကျုပ် စန္ဒနာလည်း လူ့ပြည်မှာပြီး ရောက်လာတဲ့ နတ်သမီးပဲ"

အဘွားအိုတစ်ယောက်က အမှတ်မထင် အော်ပြောလိုက်သည်။

"ညည်း စန္ဒနာကို ဒါလောက် အမွှမ်းတင်မနေပါနဲ့။ ဇာတ်နိမ့်ကို ဦးခေါင်းပေါ်တင်ထားတာ မသင့်လျော်ပါဘူး။ ကျွန်ဟာ အဆုံးကျတော့ ကျွန်ပါပဲ။ ကျွန်မှာ အမျိုးကောင်း အင်္ဂါလက္ခဏာ ဘယ်မှာလာ ရှိနိုင်ပါ့မလဲ"

"ကျုပ်စန္ဒနာကို မြင်ရရင် ရှင်တို့ အမျိုးကောင်း မကောင်း ဆိုတာတို့၊ ဇာတ်နိမ့် ဇာတ်မြင့်ဆိုတာတို့ အားလုံးမေ့သွားလိမ့်မယ်။ ကျေးကျွန်တို့၊ သူဌေးသူကြွယ်တို့ဆိုတာ အမှန်ကတော့ တကယ်မရှိပါဘူး။ လူတွေဟာ ဘယ်သူမှလည်း မနိမ့်ပါဘူး၊ ဘယ်သူမှလည်း မမြင့်ပါဘူး။ အခြေအနေအရသာ ကိုယ့်နေရာကိုယ် ရောက်နေကြရတာပါ"

"ဟော့... စကားကြောရှည်နေလိုက်တာ၊ အခုထက်ထိ ပြောလို့အားမရသေးဘူးလား"

အိမ်ရောက်ရောက်ချင်း စန္ဒနာ သတိမေ့နေသည်ကို တွေ့ရသဖြင့် ဓနာဝဟ သူဌေးကြီးသည် တစ်အိမ်ကျော်က သူဌေးကတော်ကို လှမ်းအော်လိုက်ခြင်းဖြစ်သည်။

သူဌေးကတော်မူလာသည် သူဌေးကြီး အော်ပြောလိုက်သည့် အသံကို ကြားရသည်။ သို့ရာတွင် ခါတိုင်းလည်း ထိုကဲ့သို့ လှမ်းပြောနေကျဖြစ်၍ ဂရုမစိုက်ဘဲ ထိုင်မြဲထိုင်ပြီး စကားပြောမြဲ ပြောနေသည်။

အိမ်နီးနားချင်း မိန်းမက ခနဲ့တဲ့တဲ့ လုပ်သည်။

"သူဌေးကတော်ရဲ့ကံကိုတော့ ဘယ်သူမှ လိုက်မမီပါဘူး။ အမေအိုအရွယ်ရောက်နေတာတောင်မှ ငယ်မူပြန်နေကြတယ်။ အိမ်ပြန်ရောက်လာလို့ သူဌေးကတော်

mgyoe.com

mgyoe.com

ကို မမြင်ရရင် သူဌေးကြီး မျောက်မီးခဲ ကိုင်မိသလို နေလို့ ထိုင်လို့ မရတော့ဘူး။ သူဌေးကြီးက သူဌေးကတော်ကို မျက်စိအောက်က အပျောက်ခံနိုင်တာ မဟုတ်ဘူး"

"ဟုတ်ပါရဲ့တော်။ အိမ်မှာ ကျုပ်ကိုမတွေ့ရင် မတွေ့တာနဲ့ သူ ဝုန်းဒိုင်းကြဲနေတော့တာပဲ။ မနေ့တစ်နေ့ကမှ လက်ထပ်ထားတာ ကျနေတာပဲ။ ဒါလောက်တောင် အဖြစ်သည်းတော့ ကျုပ် ရှက်တောင် ရှက်လာပြီ" သူဌေးကတော်သည် စိတ်ထဲက ပီတိဖြစ်နေသော်လည်း ရှက်ကိုးရှက်ကန်း အမူအရာနှင့် ပြောလိုက်သည်။ "သူဌေးကတော် ကိုယ့်လင်ကိုယ့်သားတစ်ယောက်ကို အခုလောက် ပိုင်အောင်လုပ်ထားနိုင်တာရှင် တော်တော်ကုသိုလ်ထူးတယ်။ အဲဒီလို စည်းစိမ်ချမ်းသာမျိုးတော့ နတ်သမီးနတ်သားတောင်မှ...."

အဒေါ်ကြီးတစ်ယောက်၏ စကားမဆုံးမီမှာပင် ဘေရဝီ ပြေးလာသည်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသည်။ ဘေရဝီက ကမူးရှူးထိုး ပြောသည်။

"သူဌေးကတော်ကြီး၊ သူဌေးကြီး စိတ်ဆိုးနေတယ်၊ မြန်မြန်ပြန်လာပါ"

"သူကတော့ မပြောနဲ့။ တကယ့်ကလေးလေးအတိုင်းပဲ။ တစ်နေ့ ရွှေ၊ တစ်နေ့ ငွေ။ ခု စိတ်ကောင်းဝင်နေရာက ခုချက်ချင်းထ စိတ်ကောက်ချင် ကောက်ပစ်လိုက်တာပဲ"

"သူဌေးကတော်ကြီး၊ သူဌေးကြီး တကယ်စိတ်ဆိုးတာ။ စန္ဒနာ ရေချိုးခန်းထဲ အထွက် ချော်လဲတယ်။ ဘာမှမပြောမဆိုဘဲ တုံးလုံးကြီးဖြစ်နေတော့ သူ ဘာဖြစ်တယ်ဆိုတာ ဘယ်သူသိမလဲ။ သူဌေးကြီးကိုယ်တိုင် သူ့ကိုချီပြီး အိပ်ရာပေါ်မှာ သိပ်ထားလိုက်တယ်။ သူဌေးကတော်ကြီးကိုလည်း ခေါ်နေတယ်"

"ဘာပြောတယ်၊ စန္ဒနာ သတိမေ့နေတယ် ဟုတ်လား၊ အမယ်လေး ဘုရား... ဘုရား... သွား ငါ အခုလာမယ်"

သူဌေးကတော်မူလာသည် ဖြုန်းခနဲ ထပြီး သူ့အိမ်ဘက် သုတ်ခြေတင်သွားသည်။

"စန္ဒနာဆိုတဲ့ အသံမကြားလိုက်နဲ့ အရူးအမူး ဖြစ်သွားတာပဲ" အိမ်နီးနားချင်း မိန်းမက မေးငေါ့သည်။

"ဒီကောင်မ ဆယ့်နှစ်ကြိုး တတ်တယ်ထင်တယ်၊ သူတို့ကို ပြုစားထားတယ်လေ။ သူတို့အိမ်ကလည်း သားသမီးတစ်ယောက်မှ မရှိဘူး မဟုတ်လား"

ဘေရဝီလည်း သူ့ဦးခေါင်းကို လက်ဖြင့်ပုတ်ပြီး သူဌေးကတော်နောက် အပြေးကလေးလိုက်သွားသည်။ စန္ဒနာသည် တဖြည်းဖြည်း သတိပြန်ရလာသည်။ သူဌေးကြီးကိုယ်တိုင် စန္ဒနာ၏ဦးခေါင်းကို ပတ်တီးစည်းပေးပြီး အနီးတွင်ထိုင်လျက် ယပ်ခတ်

mgyoe.com

mgyoe.com

ပေးနေသည်။ အပျိုအရွယ်ရောက်ပြီဟူ၍ ကြေညာနေသော စန္ဒနာ၏ မပေါ့တပေါ် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းတို့သည် တစ်စုံတစ်ဦးကို ဖမ်းစားထားနိုင်သည့် အခြေအနေတွင် ရှိနေသည်။

သူဌေးကတော်ကို တွေ့လိုက်ရသည်နှင့် သူဌေးကြီး ဒေါသပုပ်ထလေတော့သည်။

"မင်းတို့မိန်းမတွေဟာ နှလုံးသားရှိမှရှိရဲ့လား။ ဒီကလေးမက ဒီမှာသေတော့မယ်။ မင်းက ဟိုမှာ"

"ရှင် အလကား ဒေါသထွက်မနေနဲ့။ ဒီကလေးမ ဒီလိုဖြစ်နေတယ်ဆိုတာ ဘယ်သူက ကျုပ်ကို အကြောင်းကြားလို့လဲ။ ကျွန်တွေ၊ ကျွန်မတွေ တစ်လှေကြီး ရှိနေတယ်။ ဒီမသာမတွေဟာ ရေချိုးခန်းကို တိုက်ထားကြတာ မဟုတ်ဘူး။ ရေညှိ တက်ပြီး ချော်နေတာပေါ့။ အမယ်လေးတော် ငါ့သမီးကလေး"

"သူဌေးကတော်ကြီးရဲ့ သမီးကို အောက်ကြည့်သွားပါလို့ ကျွန်မပြောတဲ့အခါ ပေါင်း မနည်းတော့ဘူး။ ကျွန်မ သတိပေးတာ အဖက်လုပ်ပြီး နားထောင်ရကောင်း စေလို့ မအောက်မေ့ဘူး"

ဘေရဝီသည် စန္ဒနာ၏ သတိမေ့နေသည့် အခြေအနေကို အခွင့်ကောင်းယူပြီး နှုတ်လှံထိုးနေသည်။

"သူဌေးကတော်ကြီးရဲ့ သမီး နားထင်သွေးရောက်နေတာနဲ့ သေလိမ့်မယ်။ သူ့မျက်လုံးက ကောင်းကင်ပေါ်ပဲ ရောက်နေတယ်။ သူတစ်ယောက်တည်းပဲ အပျိုဖော် ဝင်နေသလားလို့ ကျွန်မ မေးလိုက်ချင်တယ်"

ဘေရဝီ၏စကား၌ ခနဲ့တဲ့တဲ့၊ သရော်တော်တော် စကားလုံးများ အများအပြား ပါဝင်နေသည်။ သို့ရာတွင် မည်သူကိုမျှ ထိခိုက်မသွားပေ။ သူဌေးကတော်မူလာ သည် စန္ဒနာကို တယုတယ ပြုစုပေးနေသည်။ သူဌေးကြီးကမူ စန္ဒနာ၏ အိပ်ရာနားက တစ်ဖဝါးမျှ မခွာသွားပေ။

သူဌေးကတော်မူလာသည် စန္ဒနာကို သမီးအရင်းပမာ အလွန်တရာ ဂရုစိုက် သည်။ သို့သော်လည်း ယခုတစ်ကြိမ်၌မူ သူဌေးကြီး ဓနာဝဟကိုယ်တိုင် စန္ဒနာကို ကိုယ်ဖိရင်ဖိ ပြုစုနေသည်။

သူဌေးကြီးသည် မိန်းမသားအားလုံးကိုလည်း ဝါးလုံးရှည်ဖြင့် သိမ်းကျုံးရိုက် နေသည်။

"မိန်းမသားတွေဟာ လက်လွတ်စပယ် အင်မတန်လုပ်တယ်။ ကိုယ့်ဝမ်းဗိုက်
mgyoe.com

mgyoe.com


ထဲက မွေးထုတ်တဲ့ ကိုယ့်ရင်သွေးနဲ့ ကိုယ်လက်ထပ်ယူထားတဲ့ လင်သားကလွဲရင် တခြား ဘယ်သူ့ကိုမှ ဂရုမစိုက်ချင်ကြဘူး”

ယင်းသို့ မြည်တွန်တောက်တီးပြီးလျှင် သူဌေးကတော်လက်ထဲက ဆေးခွက်ကို ယူပြီး သူကိုယ်တိုင် စန္ဒနာကို တိုက်သည်။ စန္ဒနာ၏ ပြေကျနေသော ဆံပင်များကိုလည်း သူကိုယ်တိုင် သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ပေးသည်။ ဦးခေါင်းကအနာနှင့် ကျောက အနာကိုလည်း သူကိုယ်တိုင် ဆေးလိမ်းပေးသည်။

ကျွန်ဈေးက နာမည်ကျော်ကုန်သည်ကြီး ဝိလောစနလည်း တစ်နေ့ သတင်းမေး ရောက်လာသည်။ စန္ဒနာတစ်ယောက် ဦးခေါင်းတွင် အကြီးအကျယ် ဒဏ်ရာအနာတရ ဖြစ်သွားကြောင်း၊ အိပ်ရာထဲတွင် သေလုနီးပါး ဝေဒနာခံစားနေရကြောင်း တစ်စုံ တစ်ယောက်ထံမှ သတင်းရရှိသည့်အတွက်ကြောင့် ဖြစ်သည်။

ဝိလောစန စဉ်းစားကြည့်သည်။ ကျွန်၊ ကျွန်မများကို ဘာမဟုတ်သည့် အကြောင်းလေးနှင့်လည်း ကျွဲရိုက်၊ နွားရိုက် ရိုက်တတ်ကြသည်။ ပြင်းပြင်းထန်ထန် အပြစ်ဒဏ် ပေးလေ့ပေးထရှိတတ်ကြသည်။ စန္ဒနာသည် တစ်စုံတစ်ရာ အမှားပြုလုပ် မိမည်။ သူ့ကို အပြစ်ဒဏ်ပေးသောအခါ သူဌေးဓနာဝဟသည် လက်လွန်ခြေလွန် ဖြစ်သွားလိမ့်မည်။ သတင်းသွားမေးဦးမှ တော်မည်။ သူဌေးကြီးက စန္ဒနာကို ပြန်ပေး လျှင်လည်း ပြန်ခေါ်လာမည်။ ယင်းသို့ စိတ်ကူးပြီး လာခဲ့ခြင်း ဖြစ်သည်။

ဝိလောစနသည် ရွှေဒင်္ဂါးပြားများကိုလည်း ဆောင်ကြဉ်းလာသည်။ သို့ရာတွင် သူဌေးအိမ်က အခြေအနေကို တွေ့ရသောအခါ တအံ့တသြ ဖြစ်နေသည်။ သူဌေးကြီး အရူးတစ်ပိုင်းဖြစ်သည်ကို တွေ့ရသည်။ သူ့ဝသီအတိုင်း သူဌေးကြီးသည် သူဌေး ကတော်ကို အပြစ်ဖို့လျက်လည်းကောင်း၊ မိန်းမအားလုံးကို သိမ်းကျုံးပြီး အကြင်နာ အညှာတာစိတ် ခေါင်းပါးသည်ဟူ၍ ဝေဖန်လျက်လည်းကောင်း ဖြစ်ပုံကို အစအဆုံး ပြောပြသည်။

အပါး၌ပင် ရပ်နေသော ဘေရဝီသည် သူဌေးကတော်ဘက်မှ ကာကွယ်ပြီး ပြောလိုက်သည်။ “သူဌေးကြီး၊ ကျွန်မတို့သူဌေးကတော်ကို ခုလိုမပြောပါနဲ့။ အမေ အရင်းတောင် သူ့လောက်ချစ်ရှာမှာ မဟုတ်ပါဘူး။ ဒီနှစ်ပဲတစ်ပြားတန် ကျွန်မအတွက် သူဌေးကြီးက သူဌေးကတော်ကို မကြာခဏ သိက္ခာကျအောင် လုပ်နေတယ်။ အဲဒါ ကျွန်မတို့ နည်းနည်းကလေးမှ သဘောမကျဘူး။ သူဌေးကတော်ကြီးက တကယ့် အမေအရင်းနဲ့ မခြားပါဘူး”

mgyoe.com

mgyoe.com


"နှစ်ပဲတစ်ပြားတန် ကျွန်မ ဟုတ်လား၊ အမယ်လေး ငါ့သမီးလေးစန္ဒနာကို စော်ကားလှချည်လား"

သူဌေးကြီးက ဘေရဝီကို မာန်မဲကြိမ်းမောင်းလိုက်သည်။

ဘေရဝီ ငိုပြီး အခန်းထဲဝင်သွားသည်။ သူဌေးကတော်မူလာ ဆေးကြိတ်နေသည်။ ဘေရဝီ ငိုလာသည်ကို တွေ့သောအခါ ခေါ်ပြီး အကျိုးအကြောင်းမေးကြည့်သည်။ ဘေရဝီက ပုံကြီးချဲ့ပြီး ပြောလိုက်သည်။

"သူဌေးကတော်ကြီးက တကယ့်သူတော်ကောင်း အရင့်အမာကြီး၊ ဘာမှ နားလည်တာမဟုတ်ဘူး။ ဟိုမနောရမာဆိုတဲ့ ကျွန်မအကြောင်းကို သူဌေးကတော်ကြီး ကြားဖူးတယ်မဟုတ်လား။ အဲဒီကောင်မက သူ့သခင် သူဌေးကြီးနဲ့ ပလူးတယ်လေ။ သူဌေးကြီးက အဲဒီကောင်မ စက်ကွင်းမိပြီး သူဌေးကတော်ကို ပစ်လိုက်တယ်။ ဒီလို ကောင်မမျိုးတွေက မျက်နှာသာပေးရင် ရွှေရေးပန်းကန်တက်တယ်။ စန္ဒနာရဲ့ အပြုအမူကိုလည်း ကျွန်မ နည်းနည်းကလေးမှ သဘောမကျဘူး။ တော်တော်ကြာ သူဌေးကြီး ဒီကောင်မနောက် ပါသွားလိမ့်မယ်။ ကြပ်ကြပ်သတိထားပါ သူဌေးကတော်ကြီး"

"ညည်း ဘာတွေပြောနေတာလဲ ဘေရဝီ"

သူဌေးကတော်မူလာသည် ဘေရဝီထောင်သည့် ညွှတ်ကွင်းတွင် မိသွားလေပြီ။

"ကျွန်မ မဟုတ်တာတစ်ခုမှ မပြောဘူး။ ကျွန်မပြောတာတွေဟာ အမှန်ချည်းပဲ။ ကျွန်မကို နုပ်နုပ်စဉ်းပစ်ပါ။ ကျွန်မကတော့ မှန်တာကိုပဲ ပြောမှာပဲ။ ကျွန်မ မှန်တာ ပြောတော့ သူဌေးကြီးက ကျွန်မကို ကြိမ်းတယ်။ သူဌေးကတော်ကြီး ကျွန်မကို ကားစင်တင်သတ်ပစ်လိုက်ပါ။ ကျွန်မကတော့ ဘယ်တော့မှ မမှန်တာ မပြောဘူး"

ယင်းကဲ့သို့ လျှာမျိုး၌ ပဋ္ဌလက် ရှိနေသည်။ ရှေ့ဆက် ပြောပြန်သည်။

"ဒီကောင်မ စန္ဒနာက သူဌေးကြီးကိုမြင်ရင် ဆံပင်ဖြန့်ချထားတာတို့၊ အဝတ်ပြင်ဝတ်တာတို့ မလုပ်ဘဲမနေနိုင်ဘူး။ သိပ်မူရာမာယာများတဲ့ ကောင်မ။ သူဌေးကြီးက သူ့ကို ကောင်းလာမလားလို့ နားချတာတို့၊ ပြုပြင်ပေးတာတို့ လုပ်နေတယ်။ ဒါပေမဲ့ မျောက်လောင်းက မျောက်လောင်းပဲ။ ဆယ်နှစ်ကြာလို့ ဒီကောင်မ လူကောင်း သူကောင်းဖြစ်လာရင် ကျွန်မလည်ပင်း ဖြတ်ပစ်ပါ၊ ကျွန်မ ခံမယ်"

ဘေရဝီသည် သူဌေးကတော်ကြီး၏ အနီးသို့ တိုးလာပြီးလျှင် နားနားကပ်ပြီး တိုးတိုးကလေး ပြောလိုက်ပြန်သည်။

"သူဌေးကတော်ကြီး မကျေနပ်ရင် ကျွန်မ ဒီညပဲ ဒီအိမ်က ထွက်သွားပါမယ်။

mgyoe.com

mgyoe.com

ဒါပေမဲ့ ကျွန်မသတိပေးတာကိုတော့ မမေ့ပါနဲ့။ သူဌေးကတော်ကြီးတို့ ဖူးဖူးမှုတ်ထားတဲ့ စန္ဒနာဟာ တစ်နေ့ကျ သူဌေးကတော်ကြီးနဲ့ လင်တူမယားဖက်ဖြစ်မလာလို့ရှိရင် ကျွန်မကို လုပ်ချင်သလို လုပ်ပါ။ ယောကျ်ားဆိုတာ နောက်ဆုံးကျတော့ ယောကျ်ားသာ ဖြစ်တယ်။ ပျားပိတုန်းကို ယုံကြည်စိတ်ချထားလို့ ဖြစ်ပါ့မလား။ ဘယ်အချိန်မှာ ဘယ်ပန်းရဲ့ ဝတ်ရည်ကို သောက်သုံးဖို့သွားမယ်ဆိုတာ အတပ်ပြောလို့ရတာမဟုတ်ဘူး။ ကဲ… တော်ပါပြီ။ သူဌေးကတော်ကြီး ကျွန်မကို အခု သတ်ပစ်ချင်ရင် သတ်ပစ်လိုက်ပါ။ မှန်တာတွေတော့ အကုန်ဖွင့်ပြောပြီးပြီ"

မာယာအနန္တ၊ အပလိန်းအနန္တ၊ ကောက်ကျစ်စဉ်းလဲမှုအနန္တ၊ အနန္တော အနန္တ ရှိနေကြသည့် ဤကမ္ဘာလောကထဲ၌ သူဌေးကတော်ကြီး မူလာသည် မလှုပ်သာ မလွန့်သာဖြစ်နေပြီ။ စန္ဒနာက ငါ့လင်တူမယားဖက်ဖြစ်လာမတဲ့။ မဟုတ်နိုင်ဘူး။ မဟုတ်နိုင်ဘူး။ ငါ့ယောကျ်ားဟာ ဒီလိုအစားထဲက မဟုတ်ဘူး။ သို့သော် ဘေရဝီက "ယောကျ်ားဆိုတာ ပျားပိတုန်းနဲ့ တူတယ်။ ယုံကြည်စိတ်ချထားလို့ မဖြစ်ဘူး" လို့ ပြောတယ်။ သူဌေးကတော် မူလာ လိပ်ခဲတည်းလည်း ဖြစ်နေသည်။ မရှုနိုင် မရှိုက်နိုင် ဖြစ်နေသည်။

မာယာများသော၊ အလှည့်အပတ် အလိမ်အညာ၊ အကောက်အကွေ့များသော ဤကမ္ဘာလောက၌ အမှား၏အဖုံးအပိတ်သည် အလွန်တရာ ကြမ်းတမ်းခက်တရော် ရှိလှသည်။

❐

mgyoe.com

mgyoe.com

# တစ်ကျော့ပြန်ကံကြမ္မာ

အချိန်ကာလ ကုန်ဆုံးကျော်လွန်လာခဲ့သည်။ စန္ဒနာသည် ယခင်ကအတိုင်းပင် ပုံမှန်ပြန်ဖြစ်နေသည်။ ယခင်အလုပ်အကိုင်မျိုးကိုပင် ပြန်လုပ်နေသည်။ ယခင်အတိုင်း ဆိုလိုက်၊ ကလိုက်၊ ပျော်လိုက်ပါးလိုက် လုပ်နေသည်။ သို့ရာတွင် ကြိုးကြားကြိုးကြား၌ကား စန္ဒနာသည် ခပ်မှိုင်မှိုင် ခပ်တွေတွေ ဖြစ်သွားသည်။ မိခင်သဖွယ်ဖြစ်နေသည့် သူဌေးကတော်မူလာ၏ ချစ်ပန်းပွင့်၌ ခပ်မှုန်မှုန် ခပ်သေးသေး ဆူးလေးတစ်ချောင်း စူးဝင်နေသလို ထင်ရသည်။ သို့သော်လည်း တစ်ခဏအတောအတွင်း၌မှာပင် အမှုမဲ့၊ အမှတ်မဲ့ ဖြစ်သွားပြီးလျှင် ဖြစ်သမျှအကြောင်းကို အနာဂတ်အပေါ်၌သာ ပုံချလျက် ပျော်ပျော်ပါးပါးသာ နေလိုက်သည်။

မနောဝဟာသူဌေးကမူ စန္ဒနာ၏ အသက်သခင်ဖြစ်သည်။ ဖြစ်နိုင်ပါက စန္ဒာနာသည် သူဌေးအတွက် အသက်ပေး၍ပင် လုပ်ကျွေးပြုစုချင်သည့် စိတ်ရှိနေသည်။ ယင်းစိတ်မျိုး ပေါ်လာသည်မှာလည်း အဆန်းမဟုတ်ပေ။ ဘုရင့်အနွယ်တော်ထဲက ရုပ်ရည်လှပသည့် မိန်းမပျိုများ ကျွန်၊ ကျွန်မအဖြစ် အဖမ်းခံရပြီးသည့်နောက်၌ မည်ကဲ့သို့သော အခြေအနေဆိုးများနှင့် ရင်ဆိုင်ကြရသနည်း။ စန္ဒနာ၏ အခြေအနေကမူ မည်သူတစ်ဦးတစ်ယောက်ကမျှ သူ့ကို မော်မကြည့်ရဲပေ။ သို့သော် ချို့သာအေးမြသော အသံကြားရာနေရာမှ ယခု မီးလျှံများလာနေသည်။ ပတ်ဝန်းကျင်အခြေအနေမှာ လုံးဝလေးလံတင်းမာလာသည်။

ယနေ့ နံနက်စောစောကပင် သူဌေးကတော်နှင့် ဘေရဝီတို့အိမ်မှာ မရှိကြ။

mgyoe.com

 mgyoe.com


သူဌေးကြီးလည်း အလုပ်ကိစ္စနှင့် အပြင်ထွက်သွားသည်။ ကဆုန်လ နေသည် အတွင်းရောအပြင်ပါ ပူလောင်နေသည်။ စန္ဒကူးအမွှေးနံ့သာ လိမ်းကျံခြင်း၊ ဖျော်ရည် အအေးသောက်ခြင်းများကို မပြုလုပ်ဘဲနှင့် နေ၍မရပေ။ ယပ်တောင်လှလှကလေး များကိုလည်းကောင်း၊ ဒိန်ချဉ်ပန်းကန်နှင့် စန္ဒကူး နံ့သာခွက်ကိုလည်းကောင်း အလိုရှိက အသုံးပြုနိုင်ရန် အဆင်သင့် လုပ်ထားရသည်။ အိမ်တွင် သူဌေးကတော်မှုလာ မရှိသည့်အတွက် စန္ဒနာသည် သူဌေးကြီး ပြန်လာပါက အိမ်မှနေပြီး ခရီးဦးကြိုဆိုရန် တာဝန်ယူလိုက်သည်။ ခြေဆေးရေကအစ အပန်းပြေလဲလျောင်းနေရန် အိပ်ရာနေရာ အထိ အားလုံးအဆင်သင့်ဖြစ်အောင် စီမံပြုလုပ်ထားသည်။ စန္ဒနာ၏လက်တွင် တန်ခိုးသတ္တိရှိသည်။ သူ့လက်နှင့် မည်သည့်အရာဝတ္ထုကို ထိထိ၊ ထိလိုက်သည့် အရာဝတ္ထုမှန်သမျှ ပြောင်းလဲသွားသလို ထင်ရသည်။ ပြတင်းပေါက်များ၌ ဆပ်သွား ဖူးများကို ဆွဲချိတ်ထားသည်။ ခုတင်ပေါ်၌ စံပယ်ပန်းများကို သီကုံးပြီး ခင်းထားသည်။ သူ့အသက်သခင်အတွက်မူ စန္ဒနာသည် သူ၏ နူးညံ့ပျော့ပျောင်းသော နှလုံးသားကိုပင် ခင်းပေးဖို့ ဝန်မလေးပေ။

သူဌေးကြီး ပြန်လာချိန် နီးလာပြီ။ သို့သော် သူဌေးကတော် ယခုထက်ထိ ဘာကြောင့် ပြန်မလာသည် မသိ။ သူဌေးကြီးသည် အပြင်ဗဟိဒ္ဓက အပူကြောင့်လည်း ကောင်း၊ အတွင်းအဇ္ဈတ္တထဲက ဆာလောင်မှုကြောင့်လည်းကောင်း သုတ်သီးသုတ်ပျာ အိမ်ပြန်လာသည်။ သူဌေးကြီးအတွက် ခြေဆေးပေးခြင်း၊ ထမင်းပြင်ကျွေးခြင်း၊ ယပ်ခတ်ပေးခြင်း စသည့်လုပ်ငန်းများကို သူဌေးကတော်မရှိလျှင် မည်သူလုပ်ပေး မည်နည်း။ အတန်ကြာ စဉ်းစားဆင်ခြင်ပြီးနောက် စန္ဒနာသည် သူဌေးကတော် မရှိခိုက် သူဌေးကြီးအား ပြုစုလုပ်ကျွေးရမည့် ယင်းအလုပ်ကိစ္စများကို သူကိုယ်တိုင် လုပ်ကိုင်ပေးရန် စိတ်ပိုင်းဖြတ်လိုက်သည်။

ကျွန်မတစ်ယောက်က ပြောသည်။ "သူဌေးကတော် ဒီကနေ့ သူ့အမေအဖေအိမ် သွားလိမ့်မယ်၊ ညနေစောင်းကျမှ ပြန်လာနိုင်ပါ့မလား မသိဘူး"

စန္ဒနာက ပြန်ပြောသည်။ "ကိစ္စမရှိဘူး၊ သူဌေးကြီးအတွက် ဘာမှမပူနဲ့လို့ သူဌေးကတော်ကို ပြောလိုက်။ ကျုပ် အားလုံး တာဝန်ယူလုပ်ထားလိုက်မယ်"

ရိုးစင်းသော စန္ဒနာသည် လုပ်စရာရှိသည်များကို အဆင်သင့်ဖြစ်နေအောင် လုပ်ရင်း ပျော်ရွှင်မြူးကြွလာသည်။ အချိန်အတန်ကြာကာလက သိမ်းထားသော အနီရောင်ကိုယ်ရုံအဝတ်နှင့် မှန်ချပ်ကလေးများတပ်ထားသလို တလက်လက်တောက်ပ

mgyoe.com

နေသည့် အင်္ကျီကို ထုတ်ဝတ်လိုက်သည်။ ဖနောင့်အထိ ကျနေသော ရှည်လျားသည့် ဆံပင်ကို ဆီမွှေးလိမ်းလျက် ထုံးထားလိုက်သည်။ ထို့နောက် စန္ဒနာသည် လုပ်စရာ ရှိသည်များကို အဆင်သင့် လုပ်ကိုင်ပြီးလျှင် ခုံတစ်ခုံပေါ်တွင် ထိုင်ပြီး သူဌေးကြီး ပြန်အလာကို စောင့်ကြိုနေသည်။ မိမိ၏ဖခင်၊ မိမိ၏ အသက်သခင် ကျေးဇူးရှင်ကို မိမိကိုယ်တိုင် ခရီးဦးကြိုရမည့် အဖိုးမဖြတ်နိုင်သော အခွင့်ထူးကြီးကို သူ့အနေဖြင့် ယနေ့ ရရှိတော့မည်။

စန္ဒနာသည် ယနေ့ မီးကုန်ယမ်းကုန် လှနေသည်။ မြူးကြွနေသည့် ရုပ်ရည်၊ ဖွံ့ထွားစည်ပင်နေသည့် အရွယ်၊ ထိုအထဲ အဆင်တန်ဆာများ မွမ်းမံခြယ်သထားလိုက် သေးသည်။ စန္ဒနာ၏ ရုပ်ပုံသွင်ပြင်သည် ကဗျာဆရာတစ်ဦး၏ ကဗျာဖြစ်နေလေ သလားဟု ထင်မှတ်မှားရသည်။ နွေဦးနတ်သမီးသည် နွေဦးအစ ခရီးဦးကြိုရန်အတွက် ဝတ်စားတန်ဆာဆင်ပြင်ပြီး ထိုင်စောင့်နေသည်နှင့် တူသည်။

ဓနာဝဟသူဌေးကြီးသည် ခါတိုင်းကဲ့သို့ပင် အချိန်အတန်ငယ် နောက်ကျပြီး အိမ်ပြန်လာသည်။ စန္ဒနာသည် တံခါးဝအထိ ပြေးသွားပြီး ကြိုသည်။ သူဌေးကြီး၏ လက်ထဲက တုတ်ကို ဆွဲယူလိုက်သည်။ လက်ထဲက တုတ်ကို ဝှေ့ယမ်းပြီး စန္ဒနာသည် သူဌေးကြီးအတွက် အသင့်လုပ်ထားသော သရက်သီးဖျော်ရည် ယူလာသည်။ နေပူမိ လျှင် သရက်သီးဖျော်ရည် သောက်သုံးပါက သက်သာပျောက်ကင်းသွားသည်ကို စန္ဒနာ သိထားသည်။

"ဟဲ့၊ စန္ဒနာ၊ ဒီ ကပ်စေးကပ်စေးနဲ့ဖျော်ရည်က ဘာနဲ့လုပ်ထားတဲ့ ဖျော်ရည်လဲ"

"သရက်သီးဖျော်ရည်ပါ။ နေပူမိရင် သရက်သီးဖျော်ရည် သောက်ရတယ်လေ။ ကြည့်စမ်း၊ နေ ဘယ်လောက်ပူနေလဲ"

"စန္ဒနာ၊ ညည်း ငါ့ကို ဘယ်လောက်ချစ်သလဲ မသိဘူး။ ငါလို ကုသိုလ်ကံထူးတဲ့ သူဌေးမျိုး ကောသမ္ဗီတစ်ပြည်လုံးမှာ တခြား ဘယ်မှာမှ ရှိမှာမဟုတ်ဘူး။ ညည်းလို သမီးမျိုးအတွက်တော့ သားရင်း သမီးရင်း ဘယ်နှယောက်ကိုဖြစ်ဖြစ် စွန့်လွှတ်ပစ်ဖို့ အဆင်သင့်ပဲ သိလား"

"အဲဒီလို ကျီစယ်ပြီး ကျွန်မကို အရှက်ရသွားအောင် မလုပ်ပါနဲ့ သူဌေးကြီး။ သူဌေးကြီးအတွက်ဆိုရင်..."

စကားဆုံးသွားအောင် မပြောဘဲ စန္ဒနာသည် သူဌေးကြီး၏ခြေဖဝါးကို ဖျော်ရည်အချဉ်ဖြင့် ပွတ်သည်။ ခြေဖဝါးတွင် တွေ့ထိလာသော နူးညံ့သောအတွေ့

mgyoe.com

အထိ၏ အရသာကို ခံစားလိုက်ရသောကြောင့် သူဌေးကြီးသည် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ တစ်ပြိုင်နက်တည်းမှာပင် သူဌေးကြီး၏ ချစ်ခင်မှုအပြည့်ရှိနေသည့် အကြည့်သည် ပျိုရွယ်မှု၏ ပန်းဥယျာဉ်နှင့်တူသော စန္ဒနာ၏ကိုယ်ပေါ် ရောက်သွားသည်။ သို့ရာတွင် ယင်းအကြည့်၌ ဝါသနာရမ္မက် မရှိပေ။ အရွယ်နှင့်အလှ ဖွံ့ထွားနေသည့် သမီးကိုကြည့်သော ဖခင်တစ်ဦး၏ သန့်စင်သည့် မိဘမေတ္တာသဘောသာလျှင် ရှိနေသည်။

စန္ဒနာ၏ ပီတိသောမနဿကိုမူ ပြောပြ၍ ကုန်နိုင်ဖွယ် မရှိတော့ပေ။ သူ၏ သေးငယ်သည့် နှလုံးသားအတွင်းကို အပထား၊ တစ်ကမ္ဘာလုံးမှာရှိသော ခွက်တွေထဲ ထည့်တောင်မှ သူ၏ ပီတိသောမနဿသည် ဆံ့နိုင်ဖွယ်မရှိပေ။ ခြေဖဝါးနှစ်ဖက်ကို ချဉ်ရည်ဖြင့် ပွတ်ပေးပြီးနောက် ရေသန့်သန့်ကို အိုးနှင့် ယူလာသည်။ အနီရောင် ကိုယ်ဝတ်ရုံပတ်ပြီး ရေအိုးယူလာသော ဖွံ့ထွားမြူးကြွနေသည့် စန္ဒနာကို မြင်ရရုံမျှပင် ဤ မံသစက္ခုအတွက် အကျိုးကျေးဇူး ရှိသွားနိုင်ပေသည်။ ကမ္ဘာလောက၌ မှန်ကန် မွန်မြတ်သော ဂုဏ်ထူးဝိသေသတို့နှင့် ပြည့်ဝသော လူတို့ကို တွေ့မြင်ရခြင်းသည် ဒုလ္လဘတစ်ခုဖြစ်သကဲ့သို့ သန့်စင်သည့်အလှ ပြည့်ဝနေသူကို တွေ့မြင်ရခြင်းသည် လည်း မဟာဒုလ္လဘတစ်ခုဖြစ်သည်။

သူဌေးကြီးသည် ထိုင်ခုံပေါ်၌ ငြိမ်သက်စွာ ထိုင်နေသည်။ မောဟိုက်နွမ်းလျ ခြင်းသည် သူ့ခန္ဓာကိုယ်က ယူပစ်လိုက်သလို ပျောက်သွားသည်။ သူ့တွင် ယနေ့ အရေးတကြီးကိစ္စတစ်ခု ရှိနေသေးသည်။ ခပ်မြန်မြန် ခပ်သုတ်သုတ် ထမင်းစားပြီး ဘုရင့်နန်းတော် ပြန်သွားရဦးမည်။ သို့ရာတွင် စန္ဒနာ အပြုအစု အယုအယကောင်းသဖြင့် ကိစ္စကို မေ့မေ့ပျောက်ပျောက် ဖြစ်နေသည်။

လပြည့်ဝန်းကြီးကဲ့သို့ မျက်နှာအောက်ငုံ့ပြီး သူဌေးကြီး၏ ခြေထောက်ကို ဆေးကြောပေးနေသည့် စန္ဒနာ၏ဆံထုံးသည် ပြေလျော့သွားပြီး ကျောပြင်တစ်ခုလုံး ပေါ်၌ နဂါးနက်ကဲ့သို့ ပြန့်ကျဲနေသည့် ဆံစ တစ်စနှစ်စသည် လေတိုက်လိုက်သဖြင့် ဝဲပျံလျက် သူဌေးကြီးခြေထောက်ပေါ် ကျသွားပြီးလျှင် ခြေဆေးထားသည့် ရေဖြင့်ထိပြီး ပေကျံသွားသည်။

မိမိသမီး၏ဆံပင် ဖုန်မှုန့်များနှင့် ထိပြီး ညစ်ညမ်းမသွားရလေအောင် သူဌေး ကြီးသည် လေထဲပျံဝဲနေသည့် ဆံပင်တချို့ကို လက်ဖြင့် သိမ်းယူပြီး ကျန်ဆံပင်များနှင့် ပေါင်းလျက် ထုံးပေးလိုက်သည်။ ယနေ့ ထမင်းစားပွဲမှာ ထူးခြားလှသည်။ သားအဖ

mgyoe.com

mgyoe.com


နှစ်ယောက် စကားတပြောပြောနှင့် ထမင်းစားကြရာ သူဌေးကြီးသည် ဗိုက်နှစ်ဆပြည့်သွားသည်။ ဗိုက်အဆမတန် ပြည့်နေကြောင်း နောက်ကျမှ သူဌေးကြီး သတိပြုမိသည်။ ယနေ့ကား အလွန်ပျော်စရာကောင်းသောနေ့ ဖြစ်သည်။ သူဌေးကြီးက ပြောလိုက်သည်...။

"စန္ဒနာ...၊ လူချင်းတူပေမဲ့ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်ကွဲပြားခြားနားနေကြတယ် မသိဘူး။ ဒီကနေ့ သာယာချိုအေးတဲ့ ဂီတသံလွှမ်းနေသလိုပဲ ထင်ရတယ်။ ဝိလောစနက ပြောတယ်။ "စန္ဒနာဟာ ပဒုမ္မနီတဲ့""

"ကျွန်မ ပဒုမ္မနီ မဖြစ်ချင်ပါဘူး။ ကောသမ္ဗီပြည် မိဖုရားတစ်ယောက်တည်းပဲ ပဒုမ္မနီဖြစ်နေပါစေ။ သူဌေးကြီးတို့ယောကျ်ားတွေဟာ မိန်းမခမျာများကို ဘွဲ့ထူး၊ ဂုဏ်ထူးတွေ အမျိုးမျိုးပေးလိုပေး၊ အဆင့်အတန်းတွေ အမျိုးမျိုး ခွဲလိုခွဲ၊ ခြောက်လိုခြောက်၊ မြှောက်လိုမြှောက်နဲ့ ဘယ်လောက်အရူးဖြစ်အောင် လုပ်နေကြသလဲမသိဘူး"

"ပဒုမ္မနီဖြစ်ရတာ မကောင်းဘူးလား စန္ဒနာ"

"ကျွန်မ ပြောသံကြားတယ်။ ပဒုမ္မနီရဲ့ရုပ်ရည်ဟာ မီးလိုပဲတဲ့။ အဲဒီမီးထဲမှာ သူကိုယ်တိုင်လည်း လောင်ကျွမ်းတယ်၊ တခြားလူကိုလည်း လောင်ကျွမ်းသွားအောင် လုပ်တယ်"

"စန္ဒနာပြောတာ မှန်တယ်။ မိဖုရားကြီး မိဂါဝတီဟာ ပဒုမ္မနီအဖြစ်နဲ့ ထင်ပေါ်ကျော်ကြားနေတယ်။ ဘုရင်သတာနိကဟာ မိဖုရားကြီးအတွက် အရူးအမူးဖြစ်နေတယ်။ မိဖုရားကြီးရဲ့ ပုံတူထုခိုင်းရတာ၊ ဆွဲခိုင်းရတာနဲ့ နားရတယ်လို့ မရှိဘူး။ ယက္ခဘုရားကျောင်းက ပန်းချီဆရာ ရာဇသေခရ ဒီမှာရောက်နေတာကြာပြီ။ အဲဒီပန်းချီဆရာ မိဖုရားကြီးရဲ့ပုံတူတွေ ဆွဲပေးတာ များပြီ။ ဒါပေမဲ့ ဘုရင်မင်းကြီးကလည်း အားမရသေးဘူး။ မြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် စိတ်နှလုံး ချောက်ချားသွားစေမယ့် ပုံစံမျိုး မဆွဲနိုင်သေးဘူးလို့ ပြောနေကြတယ်။ မိဖုရားကြီး မိဂါဝတီနဲ့ ချွတ်စွပ်တူတဲ့ ပုံကို လိုချင်နေတာ"

စန္ဒနာက ပြောသည်။ "လူတွေ တော်တော်အရူးထကြတယ်နော်။ ရုပ်ရည်တို့၊ အရွယ်တို့၊ ဥစ္စာတို့ မရှိလိုက်နဲ့ ရှိလိုက်တာနဲ့တစ်ပြိုင်နက် လူဟာ အသိဉာဏ်တုံးသွားတော့တာပဲ။ ဒီကိုယ်ခန္ဓာမှာ ပုံတူဆွဲလောက်အောင် ဘာများရှိနေလို့တုန်း။ ကိုယ်ကာယလှတာနဲ့ ရုပ်ပုံ လှရတော့မှာလား။ စိန်အစစ်နဲ့ စိန်အတု ယှဉ်ပြိုင်လို့ ရမှာတဲ့လား"

သူဌေးကြီး ထမင်းစားပြီးသွားပြီ။ အချိန်လည်း အတော်လင့်သွားပြီ။ ဘုရင့်

mgyoe.com

mgyoe.com

နန်းတော်သွားရန် အရေးတကြီးကိစ္စရှိနေသည်။ သွားဖို့ပြင်ဆင်သည်။ စန္ဒနာက ပြောသည်။ "အလယ်ခန်းထဲမှာ အိပ်ရာခင်းထားပါတယ်၊ နည်းနည်းလောက် အပန်းဖြေပြီးမှ သွားရင် ကောင်းလိမ့်မယ် ထင်တယ်"

"သမီးခင်းထားတဲ့ အိပ်ရာပေါ်မှာ အပန်းမဖြေချင်တဲ့လူ ဘယ်သူရှိမလဲ"

ယင်းသို့ပြောလျက် သူဌေးကြီးသည် အပန်းဖြေဖို့စဉ်းစား စိတ်ကူးနေစဉ်မှာပင် နန်းတော်က အခေါ်လွှတ်သူ ရောက်လာသည်။ ထိုပုဂ္ဂိုလ်က နှုတ်ဆက်ပြီး ပြောသည်။ "သူဌေးကြီးကို ဘုရင်မင်းတရားကြီး စောင့်နေပါတယ်။ ထမင်းစားပြီး လာခဲ့မယ်လို့ ပြောသွားတာ၊ အခု သူဌေးကြီး ထမင်းသုံးဆောင်တာ မပြီးသေးဘူးလား၊ အပြုအစု အယုအယ ကောင်းတာနဲ့ သူဌေးကြီး ကိုယ့်ကိစ္စ မေ့နေပြီထင်တယ်"

"ကျုပ်စည်းစိမ်ကို ဘုရင်မင်းကြီးခများ ဘယ်နားလည်ရှာမလဲ"

သူဌေးကြီးသည် ခပ်အေးအေး ခပ်ဖြည်းဖြည်း ပြောပြီးလျှင် "ကဲ လာ သွားမယ်" ဟု စိတ်အားထက်သန်စွာ ပြောလိုက်သည်။

သူဌေးကြီးအိမ်မှ ထွက်သွားသည်။ ထွက်ခွာသွားခါနီးတွင် သူဌေးကြီးနှင့် စန္ဒနာတို့သည် အကြည့်ချင်း ဆုံသွားကြသည်။ မေတ္တာစစ်၊ မေတ္တာမှန် နှစ်ခုပေါင်းဆုံ သွားသကဲ့သို့ ဖြစ်သွားသည်။ တံခါးဝအထိ ရောက်အောင် လိုက်ပို့ပြီး စန္ဒနာသည် ထွက်ခွာသွားသော သူဌေးကြီးကို ငေးမျှော်ကြည့်နေသည်။ သူ့မေတ္တာစစ် မေတ္တာမှန် နှစ်ခု မြစ်ဖျားခံရာ သူ့အသက်သခင် ကျေးဇူးရှင်သည် အိမ်ကို ကျောပေးလျက် နန်းတော်ရှိရာသို့ ရှေးရှုနေသည်။

စန္ဒနာသည် တစ်ခဏမျှ ကြည်နူးမှု ငိုက်မျဉ်းခြင်းတွင် နစ်မြုပ်နေသည်။ မျက်လုံးကို စုံမှိတ်ထားသည်။ ပီတိရည်ကို တစ်ကျိုက်ပြီးတစ်ကျိုက် သောက်နေသကဲ့သို့ ထင်ရသည်။ ထိုအခိုက် ရှောင်တခင် ကောင်းကင်မှ မိုးကြိုးပစ်ချလိုက်သကဲ့သို့ တစ်စုံတစ်ယောက်သောသူက စန္ဒနာကို တွန်းပြီး ဆံပင်ကို ဆောင့်ဆွဲလိုက်သည်။ စန္ဒနာသည် နာကျင်လွန်းလှသဖြင့် အမယ်လေးတပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။

ဒေါသထွက်လွန်းမက ထွက်နေသဖြင့် တဆတ်ဆတ်တုန်နေသော သူဌေးကတော် မူလာသည် စန္ဒနာ၏ရှေ့၌ ရပ်နေသည်။ ဘေရဝီက စန္ဒနာ၏ဆံထုံးကို ဆောင့်ဆောင့်ဆွဲနေသည်။ သေမင်းတမန်နှင့်တူသော အားကောင်းမောင်းသန် ကျွန်ယောကျ်ားကြီးနှစ်ယောက်ကလည်း လက်ထဲတွင် တုတ်ကိုင်ပြီး ထိုနေရာ၌ ရပ်နေကြသည်။

mgyoe.com

mgyoe.com


သူဌေးကတော်၏အသံသည် ဟိန်းဟောက် ခြိမ်းခြောက် ထွက်လာသည်။ "ဒီကောင်မကို ချုပ်ထားကြစမ်း၊ ဆတ္တာသည်ကို အခုချက်ချင်း သွားခေါ်၊ ဒီကောင်မကို ခေါင်းတုံးတုံးပစ်ရမယ်"

"အမေ... အမေ ဘယ်လိုလုပ်တာလဲ အမေ"

"ဘယ်မှာလဲ ညည်းအမေ"

သူဌေးကတော်ကိုယ်စား ဘေရဝိက ပြန်ပြောသည်။ "သစ္စာဖောက်၊ အမျိုးယုတ်၊ ကျေးဇူးရှင်ကို ကျေးစွပ်တယ်"

"ညည်း ဘာပြောချင်သေးလဲ။ ညည်းတို့ပြဇာတ်ကို ငါတို့ အစအဆုံး ကြည့်ပြီးပြီ။ ဒီကနေ့ ညည်းအကျင့်ယုတ်ပုံကို ကြည့်ချင်လို့ ငါတို့ မနက်ကတည်းက ဘယ်မှ မသွားဘဲ အိမ်မှာ ပုန်းနေကြတာ သိလား"

သူဌေးကတော်က ကြိမ်းမောင်းလိုက်သည်။

စန္ဒနာက ပြန်ပြောသည်။ "ကျွန်မကတော့ ဘယ်လိုအလုပ်မျိုးကိုမှ ပုန်းလျှိုးကွယ်လျှိုး မလုပ်ဘူး၊ ပုန်းလျှိုးကွယ်လျှိုးလုပ်တဲ့အမှုကိုပဲ မကောင်းမှုလို့ပဲ ကျွန်မ ထင်တယ်"

"အမယ်လေး သုခမိန်မကြီးနဲ့ လာတွေ့နေရပြန်ပြီ။ ဒါကြောင့် ဒီကောင်မက ဒီကနေ့ အနီရောင်ဝတ်ရုံ ဝတ်ထားတာကိုး။ အနီရောင်အဝတ်ဟာ ရာဂရဲ့ အမှတ်လက္ခဏာပဲ။ ဆံပင်ဖြေချထားပြီး သူဌေးကြီးလို တကယ့်သူတော်ကောင်း အရင့်အမာကြီးကိုတောင် သူ့ဆံကေသာကျော့ကွင်းနဲ့ ဖမ်းထားတာလေ။ အေးလေ... ဒါပေမဲ့ ယောကျ်ားဆိုတာမျိုးကတော့ ပျားပိတုန်းအတိုင်းပဲ။ ညည်း ဘာပြောချင်သေးသလဲ။ ယောကျ်ားမြှူဆွယ်တဲ့ အတတ်ပညာကျွမ်းကျင်တဲ့ ညည်းလိုမိန်းမမျိုးမှ အခုလို ပြဇာတ်မျိုး ကနိုင်တာ"

"အမေ၊ ကျွန်မမှာ လုံးဝ အပြစ်မရှိပါဘူး။ အခု အမေစွပ်စွဲနေတာဟာ ရေကို မီးလောင်အောင် လုပ်တယ်ဆိုတဲ့ စွဲချက်တင်တာနဲ့ တူနေတယ်။ ကျွန်မဟာ အကျင့်သီလကို အသက်နဲ့လဲသွားတဲ့မိခင်ရဲ့ သမီးပါ။ ကျွန်မ အမေပြောသလို လုပ်ပါ့မလား"

"ရွှေနဲ့လုပ်ထားတဲ့ဓားဟာ ခါးစည်းကြိုးမှာပဲ ဆွဲထားရတယ်။ အဲဒီဓားနဲ့ ဗိုက်ထိုးလို့ မရဘူး။ ညည်းထုချေနေတာကို ကျုပ် နားထောင်နေမအားဘူး။ ငါ့လင်တူမယားက ငါ့အိပ်ရာထက် တက်အိပ်ဖို့ လုပ်တယ်" သူဌေးကတော်က ဟောက်လိုက်သည်။

စန္ဒနာသည် တတ်နိုင်သမျှ ကြိုးစားပမ်းစား ရှင်းလင်းတင်ပြသည်။ အသနား

mgyoe.com

mgyoe.com


ခံသည်။ သို့သော်လည်း သူဌေးကတော်သည် မည်မျှဒေါသူပုန် ထနေသနည်းဆိုလျှင် စန္ဒနာ၏ ရှင်းလင်းတင်ပြချက်၊ အသနားခံချက်များသည် အရာမထင်။ အချည်းနှီး အလဟဿသာလျှင် ဖြစ်နေသည်။ အလျှံညီးညီး တောက်လောင်နေသည့် မီးပေါ် ဖျန်းပက်သည့်ရေသည်လည်း ဆီကဲ့သို့ပင် မီးကို အရှိန်တက်စေသည်။

"ဘုရား... ဘုရား ဒီစကားတွေကို ကြားနေရတာထက် ကျွန်မနားထဲ သံနဲ့ ရိုက်သွင်းလိုက်တာက ကောင်းဦးမယ်"

စန္ဒနာ ချုံးပွဲချငိုသည်။ မိမိ၏ အဖြစ်ဆိုးထက် သူဌေးကြီး အသရေညှိုးမည်ကို သူ ပို၍ စိုးရိမ်နေမိသည်။

"မပူနဲ့၊ ညည်းဖြစ်ချင်သလိုပဲ ဖြစ်စေရမယ်။ ကျွန်၊ ကျွန်မတစ်ယောက်သေတာနဲ့ လမ်းပေါ်က ခွေးတစ်ကောင်သေတာ ဘာမှမထူးဘူး"

"ကျွန်မ သေရတာ မကြောက်ပါဘူး၊ ဒါပေမဲ့"

ထိုခဏ၌ပင် ကျွန်တစ်ယောက် ဆတ္တာသည်ကို ခေါ်လာသည်။

ဆတ္တာသည်ကို တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သူဌေးကတော်မှလာက အော်ပြောလိုက်သည်။ "ဒီသရဲမရဲ့ ခေါင်းကို ခေါင်းတုံးတုံးပေးလိုက်စမ်း၊ ဝါးမရှိရင် ပလွေသံ ဘယ်မှာထွက်လာနိုင်တော့မှာလဲ။ ဘယ်လို မူရာမာယာတွေ ပြနိုင်ဦးမလဲ ဆိုတာ ကြည့်ရအောင်"

ကျွန်ယောကျ်ားနှစ်ယောက်က စန္ဒနာကို ချုပ်ကိုင်ထားကြသည်။ စန္ဒနာ၏ လှပကြော့ရှင်းနေသော ဆံကေသာသည် တစ်ခဏအတွင်းမှာပင် ဝိညာဉ်ချုပ်သွားသော ကိုယ်ခန္ဓာကဲ့သို့ အဝေးလွင့်စဉ်ကျသွားသည်။ ဘယ်လောက်ပင်လှသော်လည်း ယင်းအလှအပသည် ကိုယ့်နေရာမှ ရွှေ့သွားသည်နှင့်တစ်ပြိုင်နက် ဘယ်လောက် မလှမပ ဖြစ်သွားသနည်း။

"ဘောရဝီ၊ ငါတို့အိမ်က ဒီမိဖုရားအသစ်ကိုကြည့်စမ်းပါဦး။ ငါ့လင်တူမယားလေ။ ငါ့အိပ်ရာကို အစုစပ်လာယူထားတယ်။ သွား... ဒီကောင်မကို အလုံခန်းထဲမှာ ထည့်ပြီး တံခါးပိတ်ထားလိုက်။ ခြေထောက်နဲ့ လက်မှာလည်း ခြေထိတ်တို့၊ လက်ထိတ်တို့ ခတ်ထားလိုက်"

"သူဌေးကတော်ကြီး၊ ကျွန်ဟာ နောက်ဆုံးကျတော့ ကျွန်ပါပဲ။ ကံဇာတာမှာ သူဌေးကတော်ဖြစ်မယ်လို့ ပါလာရင် သူဌေးကတော်တစ်ယောက်ရဲ့ ဒါမှမဟုတ် မိဖုရားတစ်ယောက်ရဲ့ ဗိုက်ထဲကတောင် မွေးလာဖို့ မလိုပါဘူး"

mgyoe.com

mgyoe.com


ဘေရဝီသည် စန္ဒနာ၏ လက်ခြေတို့ကို ကျွန်ယောကျ်ားများ၏ အကူအညီနှင့် လက်ထိတ်ခြေထိတ်ခတ်ပြီး ပိန်းပိတ်မှောင်နေသည့် အလုံခန်းထဲ ဆွဲခေါ်သည်။

အရှုံးနှင့် ရင်ဆိုင်နေခဲ့ရသော ဘေရဝီသည် နောက်ဆုံးပိတ်၌ အနိုင်နှင့် ပိုင်းသွားသည်။ တငိုငိုတရယ်ရယ်ဖြစ်နေသော စန္ဒနာသည် မိမိကို ဤမျှ ထိတ်လန့်ကြောက်ရွံ့ဖွယ် စော်ကားမော်ကားလုပ်နေသည်ကို တွေ့ရ၍ လက်လျှော့လိုက်ပြီးလျှင် အသာငြိမ်နေလိုက်သည်။ လုံ့လဥဿာဟသည် မိမိ၏ ဘောင်၊ မိမိ၏ နယ်နိမိတ်အပိုင်းအခြားကိုပင် ကျော်လွန်သွားပြီ။ ကံကြမ္မာပေးသော လက်ဆောင်ကို အသာတကြည် လက်ခံဖို့သာ ရှိတော့သည်။ ကံကြမ္မာပေးသော သုခနှင့် ဒုက္ခကို ငြိမ်ငြိမ်သက်သက် ခံစားရုံမှတစ်ပါး အခြားမရှိတော့။

ယင်းသို့ စဉ်းစားဆင်ခြင်မိသွားသည့်အခါ စန္ဒနာ၏ မျက်နှာပေါ်က တစ်ခဏမျှ ပျောက်ကွယ်သွားသော အရှိန်အဝါသည် တစ်ဖန် ပြန်ပေါ်လာသည်။

"စန္ဒနာအကြောင်း သူဌေးကြီးကို သွားသံတော်ဦးတင်တဲ့လူရှိရင် သင်္ချိုင်းကုန်းရောက်ဖို့သာ ပြင်ပေတော့" သူဌေးကတော်သည် အိမ်ရှိကျွန်မများကို ကြိမ်းမောင်းပြီးလျှင် ဘေရဝီကို အိမ်ကြည့်နေရန် ပြောပြီး သူ့မိဘအိမ် ပြန်သွားသည်။

❒

mgyoe.com

mgyoe.com



# ပန်းချီဆရာ

ယခုအခါ၌ ကောသမ္ဗီ၏လေသည် အဘယ်ကြောင့် လေးလံနေသည်ဟု ထင်ရသနည်း။ အသက်ရှူလိုက်သည်နှင့် တစ်ပြိုင်နက် အဘယ့်ကြောင့် မောပန်းသွားရသနည်း။ လုံလောက်သော အကြောင်းပြချက် မရှိဘဲနှင့် မိမိနှင့်ပတ်သက်၍လည်းကောင်း၊ သူတစ်ပါးနှင့်ပတ်သက်၍လည်းကောင်း စိတ်တိုနေကြသနည်း။ သီချင်းသည်တို့သည် သံစဉ်အလိုက် အဘယ့်ကြောင့် လွမ်းမောဖွယ် တေးသီချင်းဂီတများကို သီဆိုကျူးရင့်နေကြသည်ဟု ထင်မှတ်နေကြသနည်း။ မည်သူ၏မျက်နှာတွင်မှ တက်ကြွသော အမူအရာရှိမနေပေ။ ကြီးလေးသော စုပေါင်းမကောင်းမှု တစ်ခုခုသည် အားလုံး၏ ဘေးတွင် ရံနေသလော။

ယက္ခကျောင်းတော်ရှိ ပန်းချီဆရာ ရာဇသေခရသည်လည်း လေးလံသော အချိန်နာရီအတွင်းတွင်မှ ရောက်လာသည်။ ကောသမ္ဗီမိဖုရားကြီး မိဂါဝတီနှင့် ပတ်သက်သော ချီးကျူးစကားကို ပန်းချီဆရာ ကြားနေရသည်။ မိမိကိုယ်တိုင် မျက်စိနှင့် မိဖုရားကြီးကို ကြည့်ပြီး အဆုံးအဖြတ်ပေးလိုသော ဆန္ဒရှိနေသည်။ ရုပ်ရည်ရူပကာယစမ်းရေသည် အရှိန်အဟုန်ပြင်းစွာဖြင့် တသွင်သွင် စီးဆင်းနေသည်။

မည်မျှ နူးညံ့ပျော့ပျောင်းသနည်း၊ မည်မျှပြေပြစ်သနည်း၊ မည်မျှလှသနည်း၊ မည်မျှ ကျက်သရေရှိသနည်း၊ အစိတ်အပိုင်းတစ်ခုခုသည် ကဗျာဆရာ၏ စိတ်ကူးကို ယှဉ်မှီးအောင် ဖန်တီးထားသလို ဖြစ်နေသည်။ အရဏ်ရောင်သည် ကိုယ်ခန္ဓာပေါ်တွင် ကစားနေသည်။ လ၏ ကြည်လင်ခြင်းနှင့် ပန်း၏ မွှေးရနံ့သည် စုပေါင်းတည်ရှိနေ

mgyoe.com

mgyoe.com


သည်။ ပါးနှစ်ဖက်တွင် ပါးချိုင့်ကလေးများ ပွင့်နေသည်။ ဟိရိဩတ္တပ္ပရောင်ခြည် အခါခပ်သိမ်းသိမ်းနေသည်။

မိဖုရားကြီးသည် ထွင်းဖောက်မြင်ရလောက်အောင် ပါးလွှာသော အဖြူရောင် ဝတ်ရုံကို ဝတ်ထားသည်။ ယင်းဝတ်ရုံသည် အသက်ရှူလိုက်ရုံမျှဖြင့် လွင့်ပျံသွား သည်။ နှင်းဆီရောင် ပိုးအင်္ကျီကို ဝတ်ထားသည်။ ဦးခေါင်းပေါ်တွင် ကြာပွင့်ဆံထုံး ထုံးထားသည်။ ဝသသတိုင်း မိဖုရားကြီးကို တွေ့မြင်ရသောအခါ ပန်းချီဆရာ၏ စုတ်တံသည် လှုပ်ရှားမှု ကင်းမဲ့သလို ဖြစ်သွားသည်။

ပန်းချီဆရာ သတိထားပြီးလျှင် စုတ်တံကို ဆေးတို့မည် လုပ်စဉ် မိဖုရားကြီး မိဂါဝတီသည် ထိုင်နေရာမှ ထပြီး ထွက်သွားသည်။ ကိုယ်လုပ်တော်ဆောင်ကြဉ်း လာသော သတင်းကို ကြားရသည်။ နွေခေါင်ခေါင်ကြီး လျှပ်စီးပြက်ပြီး ပျောက်ကွယ် သွားသကဲ့သို့ မိဖုရားကြီး ထသွားသည်။ ထသွားရင်း...

"ဘာကြောင့်မှန်း မသိဘူး။ ဒီကနေ့ စိတ်ခပ်လေးလေး ဖြစ်နေတယ်။ ကျုပ်ပုံတူ အရေးခံချင်စိတ်မရှိဘူး။ ကျုပ်ကို ကြည့်ရုံမျှနှင့် မှင်တက်မိသွားတဲ့ လူအနေနှင့် ကျုပ်နှင့်ပတ်သက်ပြီး တရားမှု ပြုလုပ်နိုင်ပါ့မလား။ ကျုပ်ရဲ့ပျိုရွယ်ဖွံ့ထွားနေတဲ့ ကိုယ်ကို ယနေ့အထိ ဘယ်ပန်းချီဆရာမှ သူ့ပန်းချီကားချပ်မှာ အပြည့်အဝ ပုံမဖော် နိုင်ခဲ့ဘူး။ ဒီသနားစရာ ပန်းချီဆရာကလေးကော ဘာလုပ်နိုင်မှာလဲ"

မိဖုရားကြီးသည် သူ၏ လှဂုဏ်မောက်နေသော မာန်မာနကို ဖော်ပြပြီးလျှင် တစ်ပြိုင်နက်တည်းမှာပင် သူ့ကိုယ်သူ အထင်ကြီးနေသော ပန်းချီဆရာ၏ မာန်မာန ကိုလည်း ထိပါးသွားအောင် လုပ်လိုက်သည်။

ဒဏ်ရာရသွားသော သိမ်းငှက်သည် အရှိန်အဟုန် နှစ်ဆတိုး၍ ထိုးသုတ်သကဲ့သို့ ယက္ခကျောင်းတော်မှ ပန်းချီဆရာ ရာဇသေခရကလည်း မာန်အပြည့်ဖြင့် ပြောလိုက် သည်။

"ကျုပ် အနုပညာကို မှဲ့စွန်းထင်းသွားအောင် မလုပ်ချင်ပါနဲ့ မိဖုရားကြီး။ နောက်ဆုံးအနေနဲ့ ပထမဦးဆုံးစကားကို နားဆင်စေချင်ပါတယ်။ အတတ်ပညာနဲ့ ကိုယ်ခန္ဓာ ပျက်ပြုန်းသွားချင် သွားပါစေ။ မိဖုရားကြီး မိဂါဝတီရဲ့ပုံတူကို မဖြစ်မနေ ဆွဲနေမယ်။ ပုံတူမျှကိုသာမက ကိုယ်ခန္ဓာမှာရှိတဲ့ အစိတ်အပိုင်းတစ်ခုမျှမကျန် အရောင်အသွေးများဖြင့်လည်းကောင်း၊ အရေးအစင်းများဖြင့်လည်းကောင်း ပန်းချီ ကားချပ်ပေါ်မှာ မကြာမီအတောအတွင်း ရေးဆွဲပြီးသားဖြစ်လာတာကို တွေ့ရလိမ့်မယ်။

mgyoe.com

mgyoe.com

မိမိ တစ်သက်လုံး ကျင့်သုံးလာခဲ့တဲ့ အကျင့်တရားကို ဒီကနေ့ အလောင်းအစားအဖြစ်နဲ့ ထားလို့ရတယ်။ မိဖုရားကြီး ဒီနေရာ လာလာ၊ မလာလာ မိဖုရားကြီးနဲ့ ချွတ်စွပ်တူတဲ့ ပန်းချီကားကို အချိန်မီ အဆင်သင့်ဖြစ်နေတာကို မိဖုရားကြီး လာကြည့်နိုင်ပါတယ်"

မိဖုရားကြီးသည် မာန်မာနအပြည့်ဖြင့် ခြေချင်းသံ ပေါ်လာစေပြီး ထွက်ခွာသွားသည်။ ပန်းချီဆရာကမူ သူ့အလုပ် သူ ဆက်လုပ်ရင်း ကျန်ရစ်ခဲ့သည်။ ပန်းချီဆရာသည် သူ ခြယ်ထားသော ဆေးရောင်အားလုံးကို လွှင့်ပစ်လိုက်ပြီးလျှင် စုတ်တံအဟောင်းများကိုလည်း ချိုးပစ်လိုက်သည်။ အဟောင်းများ၏ နေရာ၌ ဆေးအသစ်၊ စုတ်တံအသစ်၊ ပန်းချီကားချပ်အသစ်များ ရောက်ရှိလာသည်။ ပန်းချီဆရာက ဘုရင်မင်းကြီးကို လျှောက်ထားပြောပြလိုက်သည်။

"မိဖုရားကြီး ဒီနေရာ လာလာ၊ မလာလာ အရှင်မင်းကြီးရဲ့ ပန်းချီပြခန်းတည်ဆောက်မှုဟာ မလွဲမသွေ အောင်မြင်ထမြောက်မှု ရှိလာပါလိမ့်မယ်။ အရှင်မင်းကြီး၏ ပန်းချီပြခန်းမှာ မိဖုရားမိဂါဝတီရဲ့ အင်္ဂါအစိတ်အပိုင်းအားလုံး စုံလင်တဲ့ ပန်းချီကား ချိတ်ထားရပါလိမ့်မယ်။ မိဖုရားကြီးရဲ့ ပန်းချီပုံတူကားဟာ ကမ္ဘာပေါ်မှာ ဘယ်တုန်းကမှ မတွေ့ရတဲ့ ချွတ်စွပ်တူတဲ့ပန်းချီကား ဖြစ်လာပါလိမ့်မယ်"

ဘုရင် သတာနိကသည် အကြီးအကျယ် ဝမ်းသာအားရ ဖြစ်သွားသည်။ နန်းတော်တွင်း ပြန်ရောက်လာသောအခါ ဘုရင်မင်းကြီးသည် မိဖုရားကြီးကို ကျီစားလိုသောအနေဖြင့် ပြောလိုက်သည်။

"မိဖုရားကြီး ထိုင်မနေပေမဲ့ ပန်းချီပုံကတော့ ဖြစ်မလာဘဲ မနေဘူး။ ဝသနိုင်ငံမှာ ပဒုမ္မနီ မရှားပါဘူး"

"တခြားပဒုမ္မနီတစ်ယောက် ရှိသလား၊ မရှိဘူးလားဆိုတာ ရှာကြည့်ပါဦး"

အလှဂုဏ်မောက်နေသော မိဖုရားကြီး မိဂါဝတီ၏ ရုပ်ရည် ရူပကာ မာန်မာနသည် အတိုင်းထက်အလွန် ဖြစ်နေသည်။ တစ်ကမ္ဘာလုံးက ချီးကျူးစကားပြောကြသော ရုပ်ရည်ကို ယနေ့ ရုပ်ရည်ပိုင်ရှင်ကိုယ်တိုင် ချီးကျူးစကားပြောနေသည်။ နွားမကိုယ်တိုင် သူ၏နို့ကို ဂုဏ်ယူဖော်ကြွားစွာ သောက်နေသည်နှင့် တူနေသည်။

"တခြား ပဒုမ္မနီရှိတယ်ဆိုရင် မိဖုရားမြှောက်ဖို့ သဘောတူမလား"

သတာနိကဘုရင်ကလည်း အရှိုက်ကို ထိုးနှက်လိုက်သည်။

"ဝမ်းမြောက်ဝမ်းသာ မိဖုရားငယ်မြှောက်ဖို့ အဆင်သင့်ရှိပါတယ်။ ရှင်ဘုရင်များရဲ့ အကြောင်းကတော့ မပြောချင်ပါဘူး။ လှောင်အိမ်ထဲက ငှက်နဲ့ နန်းတော်

mgyoe.com

mgyoe.com


တွင်းက မိဖုရားဟာ ဘုရင်များအတွက် ဘာမှမထူးဘူး။ အဟောင်းကို လှောင်အိမ်ထဲက ထုတ်ပြီး အသစ်ကို လှောင်အိမ်ထဲ သွင်းထားကြတယ် မဟုတ်လား"

"မိဖုရားကြီး၊ ကျုပ်က အုတ်အရောရော၊ ကျောက်အရောရောထဲက မဟုတ်ဘူး။ တခြားဘုရင်တွေကို ကြည့်စမ်းပါ။ မြင်းဇောင်းထဲမှာ မြင်းတွေရှိသလောက်၊ လွှတ်ရုံးမှာ အမှုထမ်းတွေရှိသလောက် နန်းတော်ထဲမှာလည်း မိဖုရားတွေ အပြည့်ရှိနေတယ်။ မိဖုရားတွေရှိလေလေ နန်းတော်ရဲ့အသရေ တိုးလေလေပဲ။ လူတွေကလည်း အဲဒီလို လက်ဝဲရံ၊ လက်ယာရံတွေ တစ်ပုံတစ်ခေါင်းကြီး ရှိနေတာကိုပဲ သြဘာပေးကြတယ်"

"ကျွန်မကတော့ အဲဒီလိုအစားမျိုးထဲက မဟုတ်ဘူး"

မိဖုရားကြီး မိဂါဝတီသည် သူ၏ လှပတင့်တယ်သော ကိုယ်ခန္ဓာအချိုးအစားကို ပြပြီးလျှင် ခပ်အေးအေး၊ ခပ်လေးလေး ပြောလိုက်သည်။

သို့ရာတွင် မိဂါဝတီ မိဖုရားကြီးနှင့် ပတ်သက်ပြီး မှန်သောစကား ပြောရမည် ဆိုလျှင် မိဂါဝတီမိဖုရားကြီးအတွက် ဝဿဒေသ၊ ဝဿတိုင်းပြည်မှာသာမက ဇမ္ဗူဒိပ် တစ်ကျွန်းလုံး၌ပင် သူ့ကို တခြားပဒုမ္မနိမိန်းမမျိုး ဘယ်မှာမှမရှိဟု ပြောကြပေလိမ့်မည်။ သူ၏ချွေးတွင် ကတိုးနံ့သင်းနေသည်။ အသက်ရှူလိုက်လျှင် ကြာပန်းရနံ့ မွှေးနေသည်။ မိဖုရားကြီး၏ နေ့စဉ်ဝတ်သော အဝတ်အစားကို ခဝါသည်သည် နေ့စဉ်နေ့တိုင်း ညဦးအချိန်ကျမှသာ လျှော်ဖွပ်ရန် သွားယူသည်။ နေ့လယ်နေ့ခင်း အချိန်တွင် မွှေးရနံ့သင်းနေသော ချွေးကြောင့် ရနံ့ကြိုင်လှိုင်နေသော အဝတ်အစားများကို ပန်းပွင့်များ ထင်မှတ်လျက် ပျားပိတုန်းများသည် အုပ်လိုက်ပျံသန်း ရောက်ရှိလာကြသည်ဖြစ်၍ မိဖုရားကြီး၏ အဝတ်အစားများကို လျှော်ဖွပ်ရန် အခက်အခဲ တွေ့နေရသည်။

ပန်းချီဆရာ ရာဇသေခရသည် ဂုဏ်မော်ကြွားလိုသောကြောင့် ပြောလိုက်သော်လည်း နောက်ပိုင်း၌ တကယ်လက်တွေ့ပြုလုပ်သောအခါ လွယ်ကူမှုမရှိကြောင်း သိရှိနားလည်သွားသည်။ သူဆွဲထားသော ပုံအားလုံးကို စူးစိုက်ကြည့်ရှုသော်လည်း ယင်းပုံများထဲတွင် မည်သည့်ပုံမျှ မိဖုရားကြီး၏အသွင်သဏ္ဍာန်နှင့် တူသောပုံကို မတွေ့ရပေ။ မြို့အတွင်းရှိ လမ်းတကာ လှည့်လည်သွားလာသော်လည်း မည်သည့် နေရာမှာမှ တခြား မိဂါဝတီကို မတွေ့ရပေ။

ပန်းချီဆရာသည် မိဂါဝတီ၏ မျက်နှာတွင် ပေါ်နေသော မှဲ့ကလေးကို သတိရလာသည်။ ပန်းချီဆရာ၏ အင်္ဂဝိဇ္ဇာကျမ်းက 'ဤမည်သောနေရာ၌ မှဲ့ရှိသူ၏ ခြေထောက်တွင် အမှတ်ရှိပြီး ပေါင်တွင် မှဲ့ကလေးနှစ်လုံး ရှိလိမ့်မည်' ဟု ပြောထားသည်။

mgyoe.com

mgyoe.com


'ရင်သားပေါ်၌လည်း မှဲ့တစ်လုံးရှိရမည်' ဟု အင်္ဂဝိဇ္ဇာ အဟောရှိသည်။ သို့ရာတွင် ယင်းအဟောသည် ထိုအချိန်၌ ဘယ်လိုမှ အသုံးချ၍ ရမည်မဟုတ်ပေ။ ပထမဦးစွာ ကိုယ်ခန္ဓာ၏ အတိုင်းအတာကို သိဖို့လိုသည်။ ယခု အခြေအနေကမူ မျက်နှာကိုပင် ကျေနပ်လောက်အောင် မကြည့်ရခင် မိဖုရားကြီးက မာန်မာနတစ်ခွဲသားနှင့် ထသွားသည်။

ပန်းချီဆရာသည် မိဖုရားကြီးကို တစ်ဖန် မျက်ဝါးထင်ထင် ကြည့်ရှုဖို့ အတွက် ကြိုးပမ်းအားထုတ်သည်။ သို့ရာတွင် ခြေမျက်စိကိုပင် တွေ့ရဖို့မလွယ်သည့် အခြေအနေ၌ မျက်နှာပုံပန်းသဏ္ဌာန်ကို တွေ့ရရုံမျှဖြင့် ကိုယ်ခန္ဓာအချိုးအစားကိုလည်းကောင်း၊ ပိန်ခြင်း ပြည့်ဖြိုးခြင်းကိုလည်းကောင်း၊ နူးညံ့ခြင်း ကြမ်းတမ်းခြင်းကိုလည်းကောင်း၊ အရပ်အတိုင်းအတာကိုလည်းကောင်း ပုံဖော်ဖို့ရန် လွယ်ကူလိမ့်မည်မဟုတ်ပေ။

ရှုပ်ထွေးနေခြင်းသည် အခါခပ်သိမ်း လမ်းညွှန်လမ်းပြဖြစ်လာတတ်သည်။ ယင်းကဲ့သို့ သပွတ်အူသဖွယ် အရှုပ်အထွေးကြားထဲ ရောက်နေသော ပန်းချီဆရာသည် ရုတ်တရက် လမ်းစတစ်ခုရလာသည်။ မြည်းပေါ်တွင် အဝတ်ထုပ်ကိုတင်ပြီး နန်းတော်အတွင်းသွားသော ဘုရင့်ခဝါသည် ကတော်၏ ရုပ်ပုံကို ရေးဆွဲလိုက်သည်။ ဘုရင် အသိအမှတ်ပြု ပန်းချီဆရာက ယင်းကဲ့သို့သော မိန်းမ၏ ရုပ်ပုံကိုဆွဲဖို့ စုတ်တံကိုင်ပါမည်လော။ သို့သော်လည်း စုတ်တံကိုင်ရုံမျှသာမက ပန်းချီကားပြီးအောင်ပင် ရေးဆွဲပြီး ပန်းချီဆရာသည် ခဝါသည်ကတော်နှင့် တွေ့ရအောင်သွားသည်။ ခဝါသည်ကတော်သည် အသက်အရွယ် မကြီးသေးပေ။ နာမည်မှာ မာလိနီဖြစ်သည်။ ပန်းဥယျာဉ်ထဲက အချို့ပန်းများသည် သူ့ရာသီနှင့်သူ ပွင့်သောပန်းများ ဖြစ်သည်။ သို့ရာတွင် မာလိနီ၏ ရုပ်ရည်ကမူ ဆယ့်နှစ်ရာသီ ပွင့်နေသည်။

ကမ္ဘာဦးခေတ်ကာလက မိန်းမက အုပ်ချုပ်သူဖြစ်ပြီး ယောကျ်ားက အအုပ်ချုပ်ခံဖြစ်သည်။ ကမ္ဘာဦးက ယင်းအစဉ်အလာသည် ယနေ့ထက်တိုင်လည်း ကာလလုပ်အားကို အရင်းစိုက်လျက် အသက်မွေးဝမ်းကျောင်း ပြုလုပ်ရသော အမျိုးအနွယ်များထဲတွင် ယခင်ကအတိုင်းပင် ရှိနေသေးသည်။ ခဝါသည်မ၏ လက်ရှိလင်ယောကျ်ားသည် ခဝါသည်မ၏ ပဉ္စမမြောက် လင်ယောကျ်ားဖြစ်သည်။ လင်ယောကျ်ားလေးယောက်သည် အိမ်ထောင်ရေးကို ထိန်းမထားနိုင်သောကြောင့် ထွက်ခွာသွားကြသည်။ ယခု ဘုရင့်ခဝါသည်သည် မာလိနီ၏ ပဉ္စမမြောက်လင်ယောကျ်ားဖြစ်သည်။ လင်ယောကျ်ားက ဖြစ်ကတတ်ဆန်းနေသော်လည်း မာလိနီကမူ အမြဲမပြတ် ဖြီးလိမ်းဝတ်စားနေ

mgyoe.com

mgyoe.com

သည်က များသည်။ မြည်းပေါ်တွင် ထိုင်ပြီး လိုက်သွားသောအခါ မမျှော်လင့်ဘဲတွေ့ ရသော ဆင်ပေါ်ကလိုက်သွားသည့် ဘုရင့်မိဖုရားသည်ပင်လျှင် မာလိနီနှင့်စာလျှင် သိမ်ငယ်နေသလိုလို ဖြစ်နေသည်။ နာရီမပြတ် သူ၏ ပါးစပ်ထဲတွင် ကွမ်းမွှေးရှိနေသည်။

ယက္ခဘုရားကျောင်းက ပန်းချီဆရာ ရာဇသေခရသည် မဖိတ်ခေါ်ဘဲနှင့် သူ့အလိုလို ခဝါသည်ကတော်၏အိမ် ရောက်လာသည်။ ခဝါသည်ကတော်သည် အရူးတစ်ပိုင်း ဖြစ်သွားသည်။ သူ့ယောကျ်ား ခဝါသည်ကို အော်ပြောလိုက်သည်။

"ဒီမှာကြည့်စမ်း၊ ရှင့်ကံကြမ္မာတော့ ပွင့်စပြုလာပြီ။ လင်ယောကျ်ားလေး ယောက်ထဲက ဘယ်သူနှင့်မှ ထိုင်ပြီး ပန်းချီပုံအဆွဲခံရတယ်ဆိုတာ မရှိဘူး။ ယခု ရှင်နှင့်ကျမှ ထိုင်ပြီး ပန်းချီပုံ အဆွဲခံရတော့မယ်။ ကျွန်မတို့ ခဝါသည်အမျိုးဇာတ်တွေထဲမှာ သိကြားမင်းနှင့် သုဇာတာလို့ ပြောစမှတ်ဖြစ် ကျန်ခဲ့တော့မယ်"

"သိကြားမင်းတွေ၊ သုဇာတာတွေ ထားလိုက်စမ်းပါဦး။ အဲဒီသိကြားမင်းတွေ၊ သုဇာတာတွေထက်တော့ ဒီက သုဇာတာလက်သစ်က ကျုပ်စုတ်တံအတွက် လိုက်ဖက်တဲ့ ပန်းချီပုံ အဆွဲခံပုံဖြစ်နေတယ်။ ရော့ ယူပါ၊ အဖိုးမဖြတ်နိုင်တဲ့ ကျုပ်ရဲ့လက်ဆောင်"

ယင်းသို့ ပြောပြီးလျှင် ပန်းချီဆရာသည် သူရေးဆွဲထားသော မာလိနီပုံကို မာလိနီအား လက်ဆောင်ပေးလိုက်သည်။

ခဝါသည်ကတော်သည် အပြေးကလေးသွားပြီး ပန်းချီကားကို ကောက်ယူလိုက်သည်။ အချိန်အတန်ကြာမျှ ပန်းချီကားကို စိုက်ကြည့်နေသည်။ ထို့နောက် ပန်းချီကားကို သူ၏မျက်နှာဖြင့် ကပ်ပြီး နမ်းရှုပ်လိုက်သည်။

"ဝမ်းသာလိုက်တာရှင်။ ကျွန်မဘဝမှာ ဒီလိုဟာမျိုး ဖြစ်လာလိမ့်မယ်လို့ ဘယ်တုံးကမှ မမျှော်လင့်ခဲ့ဘူး။ ကိုယ်တစ်ကိုယ်တည်းကို ရုပ်ပုံသွင်ပြင် နှစ်မျိုးလို ထင်နေရတယ်။ ကျေးဇူးကြီးလှတဲ့ ပန်းချီဆရာ၊ ကျွန်မ ရှင့်ကို ဘယ်လိုကျေးဇူးဆပ်ရမလဲ"

"ကိစ္စတစ်ခုရှိလို့ ကျုပ် လာခဲ့တာပါ"

"ကိစ္စတစ်ခုတည်း မဟုတ်ဘူး၊ ကိစ္စတွေ ဘယ်လောက်ရှိရှိသိပါရစေ။ ဘယ်လောက် စံတော်ဝင်ပန်းချီကားမျိုးတွေ ရှင် ဆွဲထားတယ်မသိဘူး။ ကျွန်မအမေများ တွေ့သွားမယ်ဆိုရင် အရူးအမူးဖြစ်မသွားဘဲ နေမှာမဟုတ်ဘူး။ ပြောပါ ပန်းချီဆရာ၊ ဘယ်လိုကိစ္စမျိုးကို ဆောင်ရွက်ပေးရမလဲ"

mgyoe.com

mgyoe.com


"ဒီကိစ္စဟာ လူတွေရှေ့မှာ ပြောလို့မရတဲ့ကိစ္စဖြစ်တယ်"

"ကောင်းပြီ"

ခဝါသည်ကတော်သည် ဘေးဘီကို လှမ်းကြည့်လိုက်ပြီးလျှင် အနီး၌ရှိနေသူအားလုံးကို အပြင်ထွက်သွားကြဖို့ အရိပ်အမြွက် ပြလိုက်သည်။ ထက်မြက်သော မိန်းမတစ်ယောက်၏ အလိုဆန္ဒကို ပစ်ပယ်မည့်ယောကျ်ားဟူ၍ ထိုနေရာ၌ မည်သူမျှ မရှိပေ။ အားလုံး အပြင်ဘက် ရောက်သွားကြသည်။

ပန်းချီဆရာသည် အကြောင်းစုံကို ဖွင့်ဟပြောပြလိုက်သည်။

"ဒီကိစ္စမှာ ကျုပ်ကို အကူအညီပေးနိုင်တဲ့လူဟာ ညီမတစ်ယောက်တည်း ရှိတယ်။ မိဂါ ဝတီမိဖုရားကြီးရဲ့ ဝတ်စုံတစ်စုံ ကျုပ်လိုချင်တယ်။ တခြားဘာကိစ္စမှ မဟုတ်ပါဘူး"

"ဟင် ဘုရင်မင်းကြီးသိသွားရင် ကျွန်မ ခေါင်းအဖြတ်မခံရပေဘူးလား။ အဲဒီ အဝတ်အစားမျိုးဝတ်တဲ့လူလည်း တစ်ပြည်လုံးမှာ တခြား ဘယ်သူရှိမှာလဲ။ ရှင် မိဖုရားကြီးရဲ့ ရုပ်ရည်အပေါ်မှာ..."

"အို... ဒီလိုမဟုတ်ဘူး။ ကျုပ်ရုပ်ရည်ကို အလိုရှိတာ မဟုတ်ဘူး၊ အဝတ်အစားကို အလိုရှိတာ"

"အဝတ်အစားရလို့ ဘာလုပ်မှာလဲ"

"အဝတ်အစားကို ကြည့်ပြီးတော့ မိဖုရားကြီးရဲ့ ကိုယ်ခန္ဓာ အတိုင်းအတာသိအောင် လုပ်ချင်လို့ပါ။ အဝတ်အစားနှင့်တော်တဲ့ ကိုယ်ခန္ဓာအတိုင်းအတာကို သိအောင် လုပ်ချင်တယ်။ အဲဒီလိုသိတဲ့အခါကျတော့ မိဖုရားကြီးရဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းများကို ဖန်တီးပြုလုပ်လို့ ရလိမ့်မယ်"

"သူ့လို စွဲမက်လောက်တဲ့ ကိုယ်ခန္ဓာအစိတ်အပိုင်းရှိတဲ့ မိန်းမမျိုး ကောသမ္ဗီ တစ်ပြည်လုံးမှာ တခြားဘယ်မှာမှ ရှိမှာ မဟုတ်ဘူး"

"ရွှေရုပ်တု ထုလုပ်ချင်လို့ အရပ်အတိုင်းအတာအတွက် ဘယ်လိုလုပ်ရမလဲ"

ပန်းချီဆရာက အခက်အခဲနှင့်ပတ်သက်ပြီး နောက်ဆုံးမေးခွန်းကို မေးလိုက်သည်။ မကြာမီအတောအတွင်း၌ပင် ပန်းချီဆရာနှင့် ခဝါသည်ကတော် တရင်းတနှီး ဖြစ်သွားကြသည်။ ခဝါသည်ကတော် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားသည်။

"ဘုရင့်ဥယျာဉ်မှူးကတော်ကို ခေါ်ပေးမယ်။ ဘုရင့်ဥယျာဉ်မှူးကတော်က နေ့စဉ်နေ့တိုင်း မိဖုရားကြီးကိုယ်နှင့်တော်တဲ့ အတိုင်းအတာပမာဏရှိတဲ့ စံပယ်ပန်းကုံး

mgyoe.com

mgyoe.com


ကုံးပြီး မိဖုရားကြီးဝတ်ဆင်ရအောင် သွားပေးရတယ်။ မိဖုရားကြီးရဲ့ အရပ်အမောင်းနဲ့ ကိုယ်အနေအထားကို ဘုရင့်ဥယျာဉ်မှူးကတော် ကောင်းကောင်းသိတယ်။ သွားကြမယ်။ ရှင့်အလုပ်ကိစ္စ အထမြောက်အောင် ကျွန်မ ဆောင်ရွက်ပေးပါ့မယ်"

ပန်းချီဆရာ၏အကြံ အောင်မြင်တော့မည်။ အောင်မြင်မှု လက်တစ်ကမ်းအတွင်းရောက်လာသည်ကို တွေ့မြင်ရသည်။ အိမ်ပြန်ရောက်လာသောအခါ ပန်းချီဆရာသည် သူမွေးမြူထားသော ရှဉ့်ကလေးများကို အစာကျွေးသည်။ ရွှေရောင်တောက်ပနေသော ရှဉ့်များသည် သူ၏ကိုယ်ပေါ် ခုန်တက်ကြသည်။

ပန်းချီဆရာသည် ကတ်ကြေးငယ်တစ်ခုကို ယူပြီး ရှဉ့်များ၏ အမြီးများကို မသိမသာ ဖြတ်ယူသည်။ နူးညံ့သိမ်မွေ့သော ရှဉ့်မြီးကလေးများကို ပိုးချည်မျှင်နှင့် ထုံးလျက် ပန်းချီဆရာသည် ရွှေရောင်စုတ်တံ ဖန်တီးပြုလုပ်လိုက်သည်။ မကြာခင် အတောအတွင်း၌ပင် စုတ်တံအများအပြား ဖြစ်သွားသည်။

နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့၊ အနုစိတ် အရောင်ခြယ်ရန်အတွက်မူ ရှဉ့်သတ္တဝါကလေးများ၏ အမြီးသာလျှင် အသုံးချ၍ရသည်။ ရှဉ့်အမြီးများဖြင့် ပြုလုပ်ထားသော စုတ်တံများဖြင့် လူသားကိုယ်ခန္ဓာ၏ အလွန်တရာ သိမ်မွေ့နူးညံ့သော မွေးညင်းကလေးများကိုပင် ပုံဖော်၍ရနိုင်သည်။

အမြီးဖြတ်ခံရသော ရှဉ့်ကလေးများသည် ခုန်ပေါက်ပြေးလွှားပြီး ထွက်ခွာသွားကြသည်။ ကမ္ဘာလောက၌ ဆုံးရှုံးသွားသည့်အတွက် သည်လောက် မတွက်ကြသော်လည်း ရရှိသည့်အချိန်၌ကား ပီတိသောမနဿမဖြစ်သူ မရှိပေ။

ပန်းချီဆရာ ရာဇသေခရ၏ အားထုတ်မှုသည် မဖြစ်စဖူး ထူးကဲလှပေသည်။ ယင်းကြိုးပမ်းအားထုတ်မှု၌ အောင်မြင်မှုသရဖူ တွယ်ကပ်နေသည်။

❒

mgyoe.com

mgyoe.com



# အဓိဋ္ဌာန်

ထိုနေ့က ကိုယ်လုပ်တော် ကျွန်မတစ်ယောက် ရောက်လာပြီး မိဖုရားကြီး မိဂါဝတီ၏ နားနားကပ်လျက် ဘာပြောလိုက်သည် မသိ၊ မိဖုရားကြီးသည် ပန်းချီပုံတူ အဆွဲခံရန် ရောက်လာပြီးမှ လှည့်ပြန်သွားသည်။ အဘယ်အကြောင်းကြောင့် မိဖုရားကြီးသည် ပန်းချီဆရာ ရာဇသေခရကို အဓိပ္ပာယ်မရှိ ရေနက်ထဲ တွန်းချပစ်လိုက်သနည်း။ ကြင်ရာမိဖုရားကြီးအတွက် အရူးအမူးဖြစ်နေသော ဘုရင်သတာနိက စီစဉ်ဖန်တီးသည့် အနုပညာ ပန်းချီပြခန်းကြီး ဖြစ်မြောက်အောင်မြင်ရေးကို အဘယ်ကြောင့် အနှောင့်အယှက် ဖြစ်စေခဲ့သနည်း။ တုဖက်မမီ အလှပိုင်ရှင်ဖြစ်ရသည့်အတွက် မိုးမမြင်၊ လေမမြင်ဖြစ်နေသော ဘုရင်မင်းကြီး၏ ဂုဏ်ယူမော်ကြွားနေခြင်းကို အဘယ်ကြောင့် ဤသို့ လမ်းခုလတ်မှ ဖြတ်ပြီး ပိတ်ပင်တားဆီးထားလိုက်သနည်း။ အထွတ်အထိပ်ရောက်နေသော အလှပေါ်၌လည်း ကမ္ဘာလောက၏ ပိုင်ဆိုင်မှုရှိသည်။ ယင်းသို့ဖြစ်လျှင် ကမ္ဘာလောက၏ တစ်ခုတည်းသော အလှခဲသဖွယ်ဖြစ်သော ပဒုမ္မနီ၏ ပုံတူရေးဆွဲခြင်းကို မိဖုရားကြီးသည် အဘယ်ကြောင့် ယခုလို အောင်မြင်ထမြောက်ခြင်းမရှိသေးခင် ရပ်တန့်စေရသနည်း။ မည်သို့သော အခွင့်အရေးဖြင့်၊ မည်သို့သော လှုံ့ဆော်ချက်ဖြင့် ဤကဲ့သို့ ပြုလုပ်ရသနည်း။

အကြောင်းခြင်းရာမှာ သာမန်အသေးအဖွဲ့မျှသာ ဖြစ်သည်။ သို့သော်လည်း တစ်နည်းတစ်ဖုံအားဖြင့် သာမန် အသေးအဖွဲမဟုတ်ဘဲ ထူးခြားသော အကြောင်းခြင်းရာ ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

mgyoe.com

mgyoe.com

ပြာသိုလ လဆန်းရက်များ၌ ဥယျာဉ်အတွင်း လုလင်ယောဂီတပသီတစ်ဦး ကြွရောက်လာသည်။ ယောဂီသည် အရွယ်နုနယ်ပျိုမျစ်တုန်းပင် ရှိသေးသည်။ ဆင်၏ ဦးကင်းကဲ့သို့ ကျယ်ပြန့် ကြီးမား ဖွံ့ထွားတုတ်ခိုင်သည့် ကိုယ်ကာယအချိုးအစား ရှိသည်။ ခိုင်မြဲတည်တံ့သော စိတ်နှလုံးပိုင်ရှင်သည် ဆင်၏ခြေလှမ်းဟန်မျိုးဖြင့် ခြေလှမ်းလှမ်းသည်။ ယင်းခြေလှမ်းဖြင့် လူအားလုံး၏ စိတ်နှလုံးကို ညှို့ယူဖမ်းစားထားသည်။ သူ၏မျက်ဝန်း၌ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းရှိပြီး မြင်းမိုရ်တောင်ကဲ့သို့ မြဲမြံခိုင်မာခြင်း ရှိသည်။ တွေ့ရသူတိုင်း၏ စိတ်နှလုံးကို ဖမ်းစားထားနိုင်လောက်သည့် တင့်တယ်သပ္ပာယ်သော ရုပ်လုံးရုပ်သွင်ရှိသည်။ စကားမပြောဆိုဘဲ တစ်ဖက်သား၏ ယုံမှားသံသယနှင့် စိတ်နှလုံးအရှုပ်အထွေး ငြိမ်းအေးကင်းပျောက်သွားစေနိုင်သည့် စွမ်းရည်ပိုင်ရှင် မဟာတပသီဖြစ်သည်။

ပြာသိုလ လဆန်းပိုင်းရက်များ၌ ထိုယောဂီသည် မြို့တွင်းသို့ ဆွမ်းခံမကြွပေ။ သို့သော်လည်း လဆုတ်ရက် အစပြုသည်နှင့်တစ်ပြိုင်နက် ဆွမ်းခံကြွလာတတ်သည်။ ဆွမ်းကွမ်းရယူလိုသည့်ဆန္ဒလည်း မျက်နှာတွင် ပေါ်နေသည်။ သို့ရာတွင် အိမ်ပေါက်စေ့တံခါးဝ ရောက်သည့်အခါ၌ကား ဆွမ်းနှင့် ဆွမ်းလောင်းသူအား ချိုပြုံးသောအကြည့်နှင့် တစ်ချက်မျှသာ လှမ်းကြည့်ပြီး ဘာကြောင့်မှန်းမသိ ဆွမ်းကို ခံယူခြင်းမရှိဘဲ လက်ချည်း ပြန်လှည့်သွားတတ်သည်။

ဤမဟာယောဂီသည် မည်သည့်အရာကို အလိုရှိသနည်း။ ယင်းအချက်နှင့် ပတ်သက်ပြီး အားလုံးပင် မတွေးတတ်၊ မကြံတတ်ဖြစ်နေကြသည်။ မတွေးတတ်၊ မကြံတတ်ဖြစ်လာလေလေ၊ ဖြေရှင်း၍မရသည့် အရှုပ်အထွေး အထုံးအဖွဲ့ဖြစ်လာလေလေ ဖြစ်သည်။ အမြဲမပြတ် ခဲဖွယ်ဘောဇဉ် အသစ်အဆန်းများကို စီမံချက်ပြုတ်ထားကြသည့် ပြည်သူပြည်သား၊ မြို့သူမြို့သားတို့သည်လည်းကောင်း၊ မြို့စားရွာစား၊ မှူးမတ်များနှင့် သူဌေးသူကြွယ်တို့သည်လည်းကောင်း ယောဂီထံ အပြေးအလွှား သွားပြီး မိမိတို့၏ အိမ်အသီးသီးသို့ ပင့်ဆောင်လာကြသည်။ သို့ရာတွင် ယောဂီ၏ တံ့ဆိုင်းနေသောလက်သည် ဆွမ်းခွက်ဆီ မလှမ်းပေ။ ယောဂီကလည်း ထူးခြားလှပေသည်။ သူ့အလိုဆန္ဒကလည်း ဆန်းကြယ်လှပေသည်။

အချိန်သမယသည် အရှိန်အဟုန်ဖြင့် ကုန်ဆုံးကျော်လွန်လာခဲ့သည်။ ဆောင်းဥတုကုန်ပြီး နွေဦးရောက်လာသည်။ နွေဦးလည်း တစ်ဖန်ကုန်သွားပြန်သည်။ ကမ္ဘာလောကကို အငြိမ်မနေနိုင်အောင် ဖန်တီးသည့် နွေဥတု ရောက်လာပြန်သည်။

mgyoe.com

mgyoe.com


သရက်ပင်များပေါ်က သရက်ကင်းများသည် တဖြည်းဖြည်းရင့်ပြီး မှည့်ဝင်းလာကြသည်။ မြို့သူမြို့သား၊ ရွာသူရွာသားများသည် ပထဝီမြေပြင်ပေါ်မှ ယင်းအမြိုက်အရသာကို စားသုံးကြသည်။ ချိုမြိန်အေးမြသော ဖျော်ရည်ကို အိမ်တိုင်း အိမ်တိုင်း၌ ဖျော်ပြီး သောက်ကြသည်။ သို့သော် မွတ်သိပ်ဆာလောင်ခြင်း ဖိစီးနှိပ်စက်နေသော ထို မဟာယောဂီမှာမူ တစ်ရက်လည်း မဟုတ်၊ တစ်ပတ်လည်း မဟုတ်၊ နှစ်ပတ်လည်း မဟုတ် အချိန်ကာလ လေးငါးလလောက် ကြာမြင့်ရင့်ညောင်းလာသည့်တိုင် အစာအာဟာရ မပြည့်ဝခဲ့ပေ။

ကောသမ္ဗီ၏ ထင်ရှားကျော်ကြား လူသိများသော သုဂုတ္တ အမတ်ကြီး၏ အမတ်ကတော် နန္ဒာဒေဝီသည် ကြန်အင်လက္ခဏာ တင့်တယ်လှပသော မိန်းမတစ်ဦး ဖြစ်သည်။ နန္ဒာဒေဝီသည် မဟာယောဂီကို အထူး ကြည်ညိုလေးစားသည်။ နက်ဖြန် နံနက်တွင် မဟာယောဂီကို ဆွမ်းလောင်းပြလိုက်မည်ဟူ၍ နန္ဒာဒေဝီသည် အများ၏ ရှေ့တွင် ကြွားပြလိုက်သည်။ အနံ့အရသာနှင့် ပြည့်စုံသော ဆွမ်းဟင်းများကိုလည်း စိတ်ကူးရတိုင်း အမျိုးမျိုးအဖုံဖုံ ချက်ပြုတ်စီမံထားသည်။

နောက်တစ်နေ့ နံနက် မဟာယောဂီ ကြွလာသည်။ နန္ဒာဒေဝီသည် မဟာယောဂီကို ရိုသေဦးညွှတ်လျက် ဆွမ်းအလှူခံရန် ပင့်ဖိတ်သည်။ သို့သော်လည်း ယောဂီသည် ဆွမ်းခွက်ကို တစ်ချက်စောင်းငဲ့ကြည့်ပြီး ချက်ချင်း လှည့်ပြန်သွားသည်။ နန္ဒာဒေဝီ၏ မာန်မာနသည် အစိတ်အစိတ်အမွှာမွှာ ဖြစ်သွားသည်။ အမတ်ကတော်သည် ခဲလေသမျှ သဲရေကျသွားသည့်အတွက် မစားနိုင်၊ မသောက်နိုင်ဖြစ်ပြီး အိပ်ရာထဲတွင် လှဲနေလိုက်သည်။ ညနေချမ်း ရောက်လာသော်လည်း ဆံပင်လည်း မဖြီးသင်ပေ။ ရေမိုးလည်း မချိုးပေ။ လင်ယောကျ်ား အိမ်ပြန်ရောက်လာပြီဖြစ်သော်လည်း ဆံထုံးတွင် ပန်းတစ်ပွင့်မျှ မပန်ပေ။ ည၌အမှောင် ရောက်လာပြီဖြစ်သော်လည်း မီးမထွန်းဘဲ နေသည်။ ညနေစောင်း အမတ်ကြီးသုဂုတ္တ အိမ်ပြန်ရောက်လာသောအခါ အမတ်ကတော်၏ အခြေအနေကို တွေ့ရသည်ဖြစ်၍ အံ့အားသင့်ပြီး မေးလိုက်သည်။

"ဘာဖြစ်နေတာလဲ နန္ဒာ၊ ဘာဖြစ်လို့ ဒါလောက် မှိုင်နေရတာလဲ"

"ကျွန်မ ဆွမ်းအုပ်ထဲက ဆွမ်းလုံးတစ်စေ့ကိုတောင်မျှ မဟာယောဂီက လက်မခံဘူး။ ရှင် အမတ်ဖြစ်နေတာ ဘာအသုံးကျလို့လဲ။ ဒီမဟာယောဂီ ဘာအလိုရှိသလဲ ဆိုတာ ရှင်တို့ မစုံစမ်းနိုင်တာ အင်မတန်မှ ရှက်စရာကောင်းတယ်။ အခုလိုဖြစ်ရတာ ကျွန်မတော့ ဝဿတိုင်းနိုင်ငံရဲ့ အမင်္ဂလာ အတိတ်နိမိတ်ပဲလို့ ထင်တယ်"

mgyoe.com

mgyoe.com


"ဘာမဟုတ်တဲ့ အကြောင်းအရာနဲ့ ပတ်သက်ပြီးတော့လည်း မင်္ဂလာတွေ၊ အမင်္ဂလာတွေ တွေးတောကြံဆနေတဲ့ မင်းလိုမိန်းမတွေကို အကြိမ်တစ်ထောင်လောက် ဦးညွှတ်လိုက်ပါတယ်"

အမတ်ကြီးက အမတ်ကတော်၏ စကားကို ဟားပစ်လိုက်သည်။

"ဒါ ဘာမဟုတ်တဲ့ အကြောင်းအရာလားတော့။ အင်မတန် မြင့်မြတ်တဲ့ ဧည့်သည်တစ်ယောက်အိမ်က ထမင်းတစ်ဆုပ် ရေတစ်မှုတ်မှမရဘဲ ပြန်သွားရတယ် ဆိုတာ ဘာမဟုတ်တဲ့ အကြောင်းအရာလို့ ရှင်က ထင်သလား။ ဧည့်သည် အာဂန္တု ယောဂီရဲ့ခွက်ထဲ ထမင်းလုံးတစ်စေ့တောင်မှ ထည့်မပေးနိုင်တဲ့ အိမ်ဟာ သုသာန် တစပြင် မဟုတ်လို့ ဘာဟုတ်ဦးမှာလဲ။ ရှင်တို့ရဲ့ အကြံဉာဏ်တွေတုံး ကုန်ပြီ။ သုံးလို့ မရတော့ဘူး။ အခုလိုအချိန်မှာ ရှင်တို့ရဲ့ဘုရင်ကလည်း အနုပညာ ခန်းမ ဆောင်ကြီး ဆောက်လုပ်တဲ့ရောဂါထနေတယ်။ ရှင်တို့ရဲ့မိဖုရားကလည်း သူ့ရုပ်ပုံကို ပုံတူဆွဲဖို့ သဲကြီးမဲကြီး ဖြစ်နေတယ်။ အဆင်းနဲ့အရွယ်ဟာ သူတို့ဆီမှာပဲ ရှိတာကျ နေတာပဲ။ ဘယ်အရာဝတ္ထုမဆို သူ့အတိုင်းအတာနဲ့ သူ ရှိနေကြတာချည်းပဲ။ ရှင်တို့ တမက်တမောရှိနေတဲ့ အရာဝတ္ထုဟာ ရှင်တို့ကို ပူပင်သောကရောက်အောင် နှိပ်စက် လေလေပဲ။ စွဲမက်စေတတ်တဲ့ အရာဝတ္ထုဟာ ဘယ်လောက်ပဲ ကောင်းကောင်း အဲဒီ အရာဝတ္ထုကို မမက်မောသင့်ဘူး။ မက်မောပြီးရင် အပြီးသတ်မှာ ဒုက္ခတွေ့ရတတ်တယ်"

နန္ဒာဒေဝီသည် သူ့စကားကို ခေတ္တရပ်လိုက်ပြီးလျှင် ကျေနပ်အားရခြင်း မရှိသေးသည်နှင့် ဆက်ပြောပြန်သည်။

"ရှင်တို့ရဲ့ ဘုရင်နဲ့ ရှင်တို့ ရှုးများနေကြသလားမသိဘူး။ ရှင်တို့ဟာ စမ္ပာဘုရင် ဒမိဝါဟနကို သတ်ပစ်လိုက်ကြတယ်။ စမ္ပာမှာ လုယက်ဖျက်ဆီးခဲ့တယ်။ နှိပ်စက် ညှဉ်းပန်းခဲ့ကြတယ်။ မတရားလုပ်ခဲ့ကြတယ်"

"ရှင်တို့ မတရားလုပ်တဲ့အတွက် မိဂါဝတီမိဖုရားကြီးရဲ့ ညီမတော်အရင်း စမ္ပာမိဖုရား ဓာရိဏီက သူ့သိက္ခာ၊ သူ့သီလကို ကာကွယ်တဲ့အနေနဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်။ သူ့သမီးတော် ဝသုမတီဟာ ကျွန်ဈေးထဲ ဆွဲခေါ်လာပြီး ကျွန်မ တစ်ဦးအဖြစ် အရောင်းခံရတယ်။ အဲဒီအကြောင်းကို ကြားရတဲ့နေ့ကစပြီး ကျွန်မ တစ်ချိန်လုံး ကြောက်ရွံ့တုန်လှုပ်နေမိတယ်။ အဲဒါတွေဟာ ဂြိုဟ်ဆိုး၊ ကြမ္မာဆိုး ဝင်တာပဲ။ အဲဒီမကောင်းမှု အကုသိုလ်တွေရဲ့ အကျိုးပေးဟာ မဝေးတော့ဘူးထင်တယ်။ ရှင်တို့ရဲ့ တိရစ္ဆာန်ခွန်အားနဲ့ အနိုင်ကျင့်လာကြတဲ့ ဒီကျွန်တွေ ကျွန်မတွေ၊ ရှင်တို့ရဲ့

mgyoe.com

mgyoe.com


ဒီခမ်းနားထည်ဝါလှတဲ့ ပြာသာဒ်ဗိမာန်ကြီးတွေ၊ ရှင်တို့ရဲ့ သွေးစွန်းနေတဲ့ စည်းစိမ်အာဏာတွေ၊ သူတစ်ပါးကို ခေါင်းပုံဖြတ်ပြီး သိုမှီးထားကြတဲ့ ရှင်တို့ရဲ့ ဥစ္စာပစ္စည်းတွေ၊ ကျွန်မတော့ ဘယ်နေရာ ကြည့်လိုက်ကြည့်လိုက် ကြည့်လိုက်တဲ့ နေရာမှန်သမျှမှာ မတရားမှုတွေ၊ အဓမ္မမှုတွေချည်း မြင်နေရတယ်။ မဟာယောဂီဟာ အဲဒီလို မတရားမှုတွေ၊ အဓမ္မမှုတွေ တင်းကျမ်းဖြစ်နေတဲ့နေရာက ဘယ်မှာ ဆွမ်းကို လက်ခံမှာလဲ"

"နန္ဒာ၊ မင်းတို့မိန်းမတွေဟာ တစ်ဆိတ်တစ်အိတ် လုပ်တဲ့နေရာမှာ ချီးကျူးလောက်ပါပေတယ်။ မင်းပြောတာတွေဟာ သူ့ကံကြမ္မာနဲ့သူ ဖြစ်လာကြတာချည်းပဲ။ ကံကြမ္မာက ရေးလွှတ်လိုက်တဲ့အရာကို ဘယ်သူမှ ဖျက်ဆီးပစ်လို့ မရဘူး။ လူတွေရဲ့ ဆင်းရဲချမ်းသာ၊ သုခ ဒုက္ခဆိုတာတွေဟာ ကိုယ့်ကံကြမ္မာအတိုင်း ဖြစ်လာကြတာချည်းပဲ။ ဟောဟိုမှာ မိဖုရားကြီး မိဂါဝတီရဲ့ ကိုယ်လုပ်တော်ကျွန်မ ဝိဇယာ မင်းကို နန်းတော်ခေါ်ဖို့ လာနေတယ်။ ဘုရင်မင်းကြီး အနုပညာခန်းမကြီး ဆောက်လုပ်နေတယ်။ မိဖုရားကြီးရဲ့ ပုံတူပန်းချီကားတစ်ကား ဆွဲချိတ်ဖို့ပဲ ကျန်တော့တယ်။ ဒီကနေ့ မိဖုရားကြီး ဝတ်ရုံတော်အဖြူဝတ်ပြီး ပန်းချီဆရာရှေ့မှာ ထိုင်ပြီးတော့ ပန်းချီပုံတူ အဆွဲခံလိမ့်မယ်။ မိဖုရားကြီးက မင်းကို အခေါ်လွှတ်တာဖြစ်မှာပဲ"

"လာ... ညီမလေး ဝိဇယာ"

နန္ဒာဒေဝီသည် ဝိဇယာကို သူ့အပါး ခေါ်လိုက်သည်။ ဝိဇယာသည် နန်းတော်အတွင်းမှာ အရေးပါအရာရောက်သော ရုံရွေတော်ကျွန်မ ဖြစ်သည်။ ဆင်ခြင်စဉ်းစားဉာဏ်ရှိသည်။ ရိုးရိုးကုပ်ကုပ်နေသည်။ အကျင့်စာရိတ္တကောင်းသည်။ ရုပ်ရည်ချောမောလှပသည်။ နန်းတွင်းဆောင်၌ ယင်းကဲ့သို့သော ကိုယ်လုပ်တော် ကျွန်မများသည် အိမ်ထောင်သားမွေး မလုပ်ကြရပေ။ ဘုရင်များ၏ ထကြွလှုပ်ရှားလာသော ကာမချစ်ခြင်းကို ဖြည့်တင်းပေးရသည့် အချိန်မှတစ်ပါး အခြား အခြားသောအချိန်များ၌မူ ဗိုင်းကောင်းကျောက်ဖိ နေကြရသူများ ဖြစ်ကြသည်။ ဘုရင်များကလည်း ယင်းကဲ့သို့သော ကိုယ်လုပ်တော်မောင်းမ၊ ကျွန်မများက မွေးဖွားလာသော ကျွန်မသားများကို ဘုရင့်သားတော်များနှင့်မခြား မွေးမြူကြည့်ရှုထားကြသည်။ ထို့ကြောင့် ဝိဇယာသည် ကျွန်မဖြစ်သော်လည်း မိဖုရားတစ်ပါးကဲ့သို့ ဂုဏ်သိက္ခာရှိနေသူ ဖြစ်သည်။

နန္ဒာဒေဝီသည် ဝိဇယာအား တလေးတစား လောကွတ်ပျူငှာ ပြောလိုက်သည်။

"ဝိဇယာ...၊ ဟို မဟာယောဂီအကြောင်းကို ညည်း သိတယ်မဟုတ်လား။ သူ့ခမျာ အစာရေစာပြတ်နေတာ လနှင့်ချီ ရှိနေပြီ။ အိမ်ပေါက်စေ့ ကြွတော့ ကြွတယ်။

mgyoe.com

mgyoe.com


ဒါပေမဲ့ ထမင်းလုံးတစ်စေ့တောင်မှ လက်ခံမသွားဘူး။ အဲဒီအနက်အဓိပ္ပာယ်ကို ညည်း နားလည်ရဲ့လား။ ကျုပ်ကတော့ ဒီဘုရင်နဲ့ တိုင်းသူပြည်သားအတွက် အတိတ်ကောင်း၊ နိမိတ်ကောင်းမဟုတ်ဘူးလို့ ထင်တယ်။ မိဖုရားခေါင်ကြီးကို သံတော်ဦးတင်လိုက်စမ်းပါ ဝိဇယာ။ ရုပ်ရည်ရူပကာဆိုတာ ပိုးဖလံများနဲ့ ဘာမှ မထူးခြားဘူး။ ကိုယ်ခန္ဓာနဲ့ ပတ်သက်ပြီး ဂုဏ်ယူလွန်း၊ မာနတက်လွန်းတာဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး။ ကျုပ်တို့ရဲ့ ရုပ်ရည်ရူပကာဟာ ကျုပ်တို့ကိုပဲ ပြန်ဝါးမျိုသွားတာများတယ်။ ဖောက်ပြန်ပျက်စီးတတ်တဲ့အရာကို ဖူးဖူးမှုတ်နေတာဟာ အဆင်ခြင် အစဉ်းစားဉာဏ်ကို ဖျက်ဆီးပစ်တာနဲ့ ဘာမှမထူးဘူး။ မိဖုရားခေါင်ကြီးကို သတိပေးလိုက်ပါ။ ဒီကမ္ဘာမြေကြီးဟာ ဒီမဟာယောဂီလို ပုဂ္ဂိုလ်မြတ်များရဲ့ ကောင်းမှုကုသိုလ်ကြောင့် တည်တံ့နေတာ ဖြစ်တယ်။ ဒါကြောင့် ဒီယောဂီလို ပုဂ္ဂိုလ်မြတ်များကို မလေးစားဘဲ မနေသင့်ဘူး။ ကမ္ဘာမြေကြီး မပြိုမပျက်စီးဘဲ တည်မြဲနေတာ သူတို့ကြောင့်ပဲ။ နို့မဟုတ်ရင် ကျုပ်တို့ရဲ့ မကောင်းမှု အကုသိုလ်တွေက ထုထည်နည်းတာ မဟုတ်တဲ့အတွက် ကျုပ်တို့ရဲ့ မကောင်းမှုအကုသိုလ်အလေးချိန်နဲ့ ဒီကမ္ဘာမြေကြီး အဝီစိအထိ နိမ့်ကျသွားဖို့ရှိတယ်"

အမတ်ကတော် နန္ဒဒေဝီ၏ စကားကြောင့် ကိုယ်လုပ်တော် ကျွန်မဝိဇယာသည် တွေဝေငေးမောသွားသည်။ အမတ်ကြီး အိမ်ဂေဟာမှ ချက်ချင်း ပြန်ထွက်သွားသည်။ ပုံတူအဆွဲခံရန် ထိုင်နေသော မိဖုရားကြီးထံ အရောက်သွားပြီးလျှင် မိဖုရားကြီးကို အကြောင်းစုံ ပြောပြလိုက်သည်။ နိဂုံးချုပ်အနေအားဖြင့် ဤသို့လည်း ပြောပြလိုက်သည်။

"ရုပ်ရည်၊ အရွယ်၊ ဥစ္စာ၊ ပစ္စည်းမာန် တက်မနေပါနဲ့။ အဲဒါတွေဟာ တစ်နေ့ကျရင် ကျွန်ုပ်တို့ကို ဝါးမျိုသွားကြပါလိမ့်မယ်။ ဧည့်သည် မဟာယောဂီ ဆွမ်းလက်ခံရေးအတွက် ဥပါယ်တံမျဉ်ကို တွေးတောကြံဆစေချင်ပါတယ်။ အဲဒီလိုမှ မလုပ်ရင် ဒီထီးနန်း၊ ဒီဘုရင်၊ ဒီမိဖုရားဟာ အားလုံးပဲ အချည်းအနှီး အလဟဿ ဖြစ်သွားကြလိမ့်မယ်"

ကိုယ်လုပ်တော်ကျွန်မ ဝိဇယာပြောပြချက်သည် မိဖုရားကြီး၏ အရှိုက်ထိသွားသည်။ ဝတ်ရုံပါးပါးလွှာလွှာကလေးကို ဝတ်လျက် အင်္ဂါအစိတ်အပိုင်းကို ဖုံးအုပ်ဟန်ဆောင်သော်လည်း အထင်းသားမြင်စေနိုင်လောက်သော နည်းမျိုးဖြင့် အဆင်တန်ဆာများကို ဝတ်စားဆင်ယင်လျက် ပန်းကုံးနှင့် ရွှေချူကလေးများကို မြွေပါးပျဉ်းသဏ္ဍာန်

mgyoe.com

mgyoe.com


ထုံးထားသော ဆံထုံးတွင် ရစ်ခွေလျက် ထိုင်နေသော မိဖုရားကြီးသည် သူ့ရုပ်ရည်ကို သူကိုယ်တိုင် နာကြည်းစက်ဆုပ်သွားသည်။ စံကားပွင့်ဖူးရောင်နှင့်တူသော ကိုယ်ခန္ဓာ အသားအရောင်ကိုလည်းကောင်း၊ နီပါးဆေးပင်၏ အရောင်ထက်ပင် နီမြန်းသော ခြေဖဝါး၏ အရောင်ကိုလည်းကောင်း၊ ကြာနီပွင့်၏ အရောင်ကိုပင် ရှက်ဖွယ်လိလိ ဖြစ်သွားစေနိုင်သည့် ပါးနှစ်ဖက်၏ အရောင်အသွေးကိုလည်းကောင်း မြင်တွေ့ရသည့် အတွက် ပန်းချီဆရာသည် နေ့ခင်းကြောင်တောင် အိပ်မက်မြင်မက်နေသကဲ့သို့ ဖြစ်သွားသည်။ သူ့စိတ်ကူးထဲက နတ်ဒေဝီသည်ပင် ဤမျှ စွဲမက်ဖွယ်မရှိပေ။ စွဲမက် ဖွယ်ရှိသည်ထားဦး ဤမျှ မလှ။ ဤမျှ အချိုးမကျ။

သို့သော် မိဖုရားကြီးသည် ဘာမပြော ညာမပြော ဖျတ်ခနဲ ထသွားသည်။ ပန်းချီဆရာသည် ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့သည်။ မိဖုရားကြီးသည် သတာနိက ဘုရင်မင်းကြီးထံ တန်းသွားပြီးလျှင် ဘုရင်မင်းကြီးအား အစာငတ်ရေငတ် ဖြစ်နေရ သော ယောဂီအကြောင်းကို စကားစပ်ပြောလိုက်သည်။ အပြီးသတ်၌ ဤသို့ပင် ပြောလိုက်သည်။

"ဒီစည်းစိမ်၊ ဒီအာဏာ၊ ဒီထီးနန်းဟာ ဘာအသုံးကျတော့မှာလဲ။ နှမတော် တို့ဟာ ဒါလောက် ပေါများကြွယ်ဝကြပါလျက် အစာအဟာရပြတ်နေတဲ့ ဒီအာဂန္တု ယောဂီကိုတောင်မှ ရောင့်ရဲမှုရှိသွားအောင် မလုပ်နိုင်ကြဘူးလား။ နှမတော်တို့ ဒါလောက်ပဲ အစွမ်းအစမဲ့နေကြပါသလား။ နှမတော်တို့ရဲ့ ဘုရင့်ဘဏ္ဍာတိုက်ဟာ ဒါလောက်ပဲ ကျိန်စာသင့်နေပါသလား"

ဒေါသထွက်နေသဖြင့် ပိုပြီးလှနေသော မိဖုရားကြီးအား ဘုရင်မင်းကြီးက ဖြေသိမ့်လိုက်သည်။ "ကျုပ် စီစဉ်ပါ့မယ် နှမတော်၊ ဝဿတိုင်းနိုင်ငံရဲ့ ဘုရင့်ဘဏ္ဍာ တိုက်ထဲမှာ ဘာမှ လိုလေသေးမရှိပါဘူး။ ယောဂီရဲ့ အာသာဆန္ဒကို တင်းတိမ်ရောင့်ရဲ သွားအောင် လုပ်ရမယ့်ကိစ္စဟာ ဘာမှ ကြီးကျယ်တာမဟုတ်ပါဘူး။ သာမန်အသေးအဖွဲ ကိစ္စလေးမျှသာ ဖြစ်ပါတယ်။ သူ့တစ်ထွာတစ်ညီလောက် ဝမ်းဗိုက်ကို ဖြည့်တင်းပေးဖို့ ကိစ္စဟာ ဘယ်လောက်အခက်အခဲရှိမှာလဲ"

"ဒါပေမဲ့ ယောဂီက အဓိဋ္ဌာန်ပြုထားတဲ့ပုဂ္ဂိုလ်ဖြစ်တယ်။ မတော်မတရား စုဆောင်းရရှိထားတဲ့ ဥစ္စာပစ္စည်းဆိုရင် သူ့ဝမ်းဗိုက်ထဲ ဆန်တစ်စေ့၊ ထမင်းလုံးတစ်စေ့ တောင်မှ ရောက်သွားမှာမဟုတ်ဘူး။ ယောဂီရဲ့အဓိဋ္ဌာန်က အင်မတန် ထူးခြားဆန်းကြယ် တယ်။ နှမတော်တို့ရဲ့ စားပွဲသောက်ပွဲတွေမှာဆိုရင် လက်ဆေးလာတဲ့ သွေးစွန်းနေသူပဲ

mgyoe.com

mgyoe.com

စိတ်ဝင်စားတယ်။ ဒီကရုဏာရှင်ပုဂ္ဂိုလ်တွေဟာ နမတော်တို့ရဲ့ အတွင်းစိတ်နဲ့ အတွင်းစိတ်ထဲက မကောင်းတဲ့အကြံအစည်တွေကိုတောင်မှ သိနားလည်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်တယ်။ မကောင်းမှုအရိပ်အယောင်ရှိတဲ့ နေရာဆိုရင် အဲဒီနေရာ ယောင်လို့တောင် ရပ်မနေတော့ဘူး"

"အဲဒီအတွက် မပူပါနဲ့။ ကျုပ်တို့ ရာဇပုရောဟိတ် သုခမိန်ကြီးဟာ အဓိဋ္ဌာန် အကြောင်းကို ကောင်းကောင်းကျွမ်းကျင် နားလည်တယ်။ အဓိဋ္ဌာန်ရဲ့ လျှို့ဝှက်ချက်ကို သိဖို့ဆိုတာ သူ့အတွက် ဘာမှခက်ခဲတဲ့အလုပ် မဟုတ်ဘူး။ လျှို့ဝှက်ချက်ကို သိဖို့ နည်းလမ်းကလည်း တစ်ထောင်ထက်မနည်း ရှိလာမှာပါပဲ"

ဘုရင့်အမိန့်တော်ဖြင့် ရာဇသုခမိန်ကြီး ရောက်လာသည်။ သုခမိန်ကြီးကို ယောဂီတို့၏ အဓိဋ္ဌာန်များနှင့် ပတ်သက်၍ လျှောက်တင်ရန် ဘုရင်မင်းကြီး အမိန့်ပေး လိုက်သည်။

သုခမိန်ပဏ္ဍိတ်ကြီးသည် ကျမ်းဂန်ကို လှန်လှောပြီး အဓိဋ္ဌာန်နှင့် ပတ်သက်၍ ပြောပြမည်လုပ်သည်။ ထိုအခိုက် ကျွန်မ ဝိဇယာရောက်လာပြီး ဘုရင်မင်းကြီးအား ရိုသေဦးညွှတ်စွာဖြင့် လျှောက်တင်ခွင့်ပေးရန် လျှောက်ထားပန်ကြားသည်။

"လျှောက်တင်စရာရှိတာ လျှောက်တင်စေ"

"အရှင်မင်းကြီး၊ အကျွန်ုပ် တစ်ခုတောင်းပန်လျှောက်ထားလိုပါတယ်။ အဓိဋ္ဌာန် အကြောင်း ပြည်သူပြည်သားတွေကိုလည်း အသိပေးသင့်ပါတယ်။ ဘာကြောင့်လဲ ဆိုရင် ဒီမဟာယောဂီရဲ့ စိတ်နှလုံးထဲမှာ ဘုရင်၊ ဆင်းရဲသား ဘယ်လို ခွဲခြားမှုမျိုးမှ မရှိပါဘူး။ အားလုံး တစ်ပြေးတည်း တစ်ညီတည်း ရှိနေပါတယ်။ မဟာယောဂီမှာ အနိမ့်အမြင့်သဘောထား လုံးဝမရှိပါဘူး။ မနှစ်က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာလေး တစ်ခုကို လျှောက်ထားပြောလိုပါတယ်။ ဝေသာလီမှာ လေးလ ဥပုသ်သီလ စောင့်သုံး တဲ့အခါတုန်းက ဝေသာလီမြို့ မျက်နှာဖုံးသူကြွယ်ကြီးက ယောဂီအတွက် ဥပုသ်ထွက် ဆွမ်းကျွေးဖို့ စီစဉ်ထားပါတယ်။ ဒါပေမဲ့ အဲဒီမဟာယောဂီဟာ အဲဒီသူကြွယ်ရဲ့ဆွမ်းကို အလှူမခံဘဲ ဝေသာလီက ပုနီမာအမည်ရှိတဲ့ သာမန်ပုဂ္ဂိုလ်တစ်ဦးရဲ့အိမ်က အလှူခံလို့ ရတဲ့ တော်ရုံလျော်ရုံ ဆွမ်းနဲ့ပဲ ဥပုသ်ထွက် ဆွမ်းပြီးလိုက်တယ်"

"ကျေးဇူးတင်ပါတယ် ဝိဇယာ။ ငါတို့ကို အဖိုးတန်တဲ့ အကြံဉာဏ်ပေးတဲ့အတွက် ဝိဇယာကို ကျေးဇူးအထူးတင်ပါတယ်"

ယင်းသို့ ပြောပြီးလျှင် ဘုရင်မင်းကြီးသည် မြို့သူမြို့သား တချို့ကို ဘုရင့်

mgyoe.com

mgyoe.com

ညီလာခံသို့ တက်ရောက်ကြရန် အဖိတ်ခိုင်းလိုက်သည်။ မကြာမီအတောအတွင်းမှာပင် မြို့သူမြို့သားတချို့ ညီလာခံသဘင် ရောက်လာကြသည်။ ဘုရင့်ပုရောဟိတ် သုခမိန်ကြီးက အခမ်းအနားအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြသည်။ ယောဂီတို့၏အစာအာဟာရနှင့် ပတ်သက်၍လည်း ဋီကာချဲ့ပြသည်။

ကျွန်မ ဝိဇယာက မိဖုရားကြီး မိဂါဝတီ၏ကိုယ်စား ရှင်းလင်းပြောကြားသည်။

"ဒီယောဂီဟာ ထိပ်ခေါင်တင်မိဖုရားကြီးရဲ့ ခမည်းတော်ညီမက မွေးတဲ့သားဖြစ်တယ်။ မိဖုရားကြီးရဲ့ ညီမတော်ဟာ မဟာယောဂီရဲ့ နောင်တော် နန္ဒိဝိဒ္ဓနရဲ့ ကြင်ရာဇနီးဖြစ်တယ်။ ဝေသာလီဂဏ အုပ်ချုပ်ရေးနာယက ရာဇစေတကနဲ့ ဒီယောဂီဟာ တူဝရီးတော်တယ်။ ကရုဏာထားတဲ့ ဒီယောဂီဟာ အားလုံးကို စွန့်ပစ်ထားခဲ့ပြီး ကမ္ဘာလောကအတွက် လမ်းမှန်ကို ရှာမှီးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ထွက်လာခဲ့တယ်။ ကမ္ဘာလောကနဲ့ ဆက်သွယ်မှုဟာ ဒီယောဂီအတွက် မိုးတိမ်အရောင်လိုပဲ။ စကားမပြောဘဲ နှုတ်ပိတ်ရေငုံလာခဲ့တာလည်း ကြာပြီ။ နေ့ရက်များစွာ အကြာကြီးကြာမှ အစာအာဟာရကို မှီဝဲတယ်။ လူတွေခံစားနေတဲ့ ကာမဂုဏ်အာရုံတွေဟာ လူတွေရဲ့ဒုက္ခဖြစ်ရာဖြစ်ကြောင်း၊ သောကဖြစ်ရာဖြစ်ကြောင်းများဖြစ်ပြီး တခြားသက်ရှိသတ္တဝါတွေ သေကျေ ပျက်စီးရာပျက်စီးကြောင်းများ ဖြစ်တယ်လို့ ယောဂီက ထင်မြင်ယူဆတယ်။ သူတစ်ပါးအသက်ကို မညှဉ်းဆဲ မသတ်ဖြတ်ရ၊ နှိမ့်နှိမ့်ချချ ရှိရမည်။ တစ်ဖက်သားကို ကိုယ်ချင်းစာနာရမည်။ ကိုယ့်ကိုယ်ကိုယ် ထိန်းချုပ်ရမည်။ သစ္စာတရားကို ချစ်မြတ်နိုးရမည်။ ယင်းသို့ ပြုမူကျင့်ကြံပါက မိမိရှာမှီးနေသော ချမ်းသာစစ် ချမ်းသာမှန်၊ သုခစစ် သုခမှန်သည် မိမိတံခါးဝ အလိုလို ရောက်လာမည်။ ထို့ကြောင့် သတိဝီရိယနှင့် နေထိုင်ကြလို့လည်း မဟာယောဂီက ဟောကြားတယ်"

"အဲဒီတရားကို သလပါဏိအမည်ရှိတဲ့ ဘာလေဘောရဝီကို ဟောကြားပြီး ဒေါသချုပ်ငြိမ်းသွားအောင် လုပ်လိုက်တယ်။ ဘဋ္ဋေဒက အမည်ရှိတဲ့ မန္တန်ပညာရှင်ကိုလည်း လမ်းမှားက ကယ်တင်ပြီး သစ္စာ၊ အဟိံသာ၊ ဗြဟ္မစရိယ လမ်းမှန်ရောက်အောင် ပို့ဆောင်ပေးခဲ့တယ်။ သေတမ္ဗိအနီးမှာရှိတဲ့ ကနခလသခ်မ်းကျောင်းမှာ ကောသိအမည်ရှိတဲ့ နာဂရှိတယ်။ အဲဒီ နာဂဟာ ဒေါသအလွန်ပြင်းထန်တဲ့အတွက် စဏ္ဍကောသိလို့ ခေါ်ကြတယ်။ အဲဒီနာဂကိုလည်း မဟာယောဂီက တရားပြခဲ့တယ်။ ပြီးတော့ သမ္ဗလနဲ့ ကမ္ဗလတို့လို နာဂ လုလင်တွေကိုလည်း ဂင်္ဂါမြစ်ကမ်းပါးမှာ ကယ်တင်ခဲ့တယ်။ မိမိရဲ့ ခန္တီတရားနဲ့ အဟိံသာတရားကို မှတ်ကျောက်တင်လိုတဲ့အတွက် မဟာယောဂီ
mgyoe.com

mgyoe.com


လူရိုင်းတွေနေတဲ့ နေရာဒေသကိုလည်း ကြွခဲ့တယ်။ အဲဒီလို ဆင်းရဲဒုက္ခမျိုးတွေကို ကျွန်ုပ်တို့ သဘောပေါက်နိုင်ကြပါ့မလား။ သူ့ခြေသလုံးက အသားစိုင် အသားတစ်တွေကို ခွေးတွေက ကိုက်ဖဲ့ပစ်ကြတယ်။ လူရိုင်းတွေက သူ့ကို ရိုက်ကြနှက်ကြတယ်။ သူ့ကိုယ်ခန္ဓာက အသားစိုင်တွေ၊ အသားတစ်တွေ ထွက်ကုန်ကြတယ်။ ဒါပေမဲ့လည်း သူ ဘယ်သူ့ကိုမှ အာဃာတမထားဘူး။ ဘယ်သူ့အပေါ်မှလည်း ဒေါသရှေ့မထားဘူး။ ဘယ်သူ့ကိုမှလည်း ရန်ငြိုးမထားဘူး။ တကယ့်ကို အဟိံသာတရား၊ မေတ္တာကရုဏာတရားရဲ့ ရုပ်လုံးရုပ်သွင်ကြီးပါပဲ။

"လူရိုင်းတွေရဲ့ဒေသမှာ မပြောနဲ့ လူယဉ်ကျေးတွေနေတဲ့ဒေသမှာလည်း ဒီမဟာယောဂီဟာ အရိုက်နှက်ခံရတယ်။ တခြား နည်းမျိုးစုံနဲ့ ညှဉ်းပန်းနှိပ်စက်တာတွေ ခံရပေမဲ့ ဒီခန္တီတရား လက်ကိုင်ထားတဲ့ ကရုဏာရှင်တပသီယောဂီရဲ့ အဟိံသာတရားတို့၊ ဗြဟ္မစိုရ်တရားတို့၊ သစ္စာတရားတို့ဟာ ယိမ်းယိုင်ပြိုကွဲပျက်စီးသွားခြင်း မရှိခဲ့ဘူး။ ဒီယောဂီဟာ တန်ခိုးဣဒ္ဓိပါဒ်ရှင်လည်း ဖြစ်တယ်။ ဒါပေမဲ့ တန်ခိုးဣဒ္ဓိပါဒ်ကို သူ အယုံအကြည်မရှိဘူး။ ကမ္ဘာလောကကို ပြာကျသွားအောင်လုပ်နိုင်တဲ့ တေဇောဓာတ်နဲ့ လောင်ကျွမ်းစေတဲ့ မီးကို ငြိမ်းသွားအောင် လုပ်နိုင်တဲ့ သီတတေဇောဓာတ် သူ့မှာရှိတယ်"

ကျွန်မ ဝိဇယာ သူ့စကားကို နိဂုံးချုပ်လိုက်သည်။

"ရွှေဖြစ်၊ ငွေဖြစ်တဲ့ နည်းတွေလည်း ဒီယောဂီ သိမှာပဲနော် ဝိဇယာ"

မြို့စားကြီးတစ်ဦးက အရေးတကြီး မေးလိုက်သည်။

"ဒီလိုယောဂီတွေဟာ အဲဒီလို လျှို့ဝှက်အသိခက်တဲ့ အတတ်ပညာတွေကို အများကြီးတတ်ကြတယ်။ ဒါပေမဲ့ ဘယ်သူ့ကိုမှ ပြောမပြကြဘူး။ မြေလျှိုးမိုးပျံတဲ့ အတတ်တောင် တတ်ကြသေးတယ်"

မြို့စားကတော်တစ်ယောက်က ထောက်ခံပြောဆိုသည်။

"ရှင်တို့စိတ်က ကမ္ဘာလောကကို ဒုက္ခဖြစ်စေတဲ့ ရွှေငွေတွေမှာပဲ တဝဲလည်လည် ဖြစ်နေကြတယ်။ ရှင်တို့ရဲ့စေတနာ သဒ္ဓါတရားက ကိုယ်ကျိုး ကိုယ်စီးပွားနယ်ထဲက မထွက်ဘူး။ ဒီယောဂီဟာ ရွှေဖြစ်ငွေဖြစ် အတတ်ပညာတွေအားလုံး မေ့ပစ်လိုက်ပြီ၊ ကိုယ်စိတ်နှလုံး ဖြူစင်အောင်လုပ်တဲ့ အတတ်ပညာထဲမှာပဲ မွေ့လျော်နေတယ်။ ကျွန်မတို့မြို့က လမ်းကြိုလမ်းကြားတွေထဲမှာ ဝတ်ဝတ်ပြတ်ပြတ်နဲ့ လှည့်လည်သွားလာနေတာ ဘယ်လောက်ကြာပြီလဲ၊ ရှင်တို့ မသိကြဘူးလား"

mgyoe.com

mgyoe.com


"ဝိဇယာ ဝေသာလီက ခတ္တိယလူမျိုးတွေဟာ ထူးကိုထူးတယ်။ ဝေသာလီလည်းပဲ အတော်ထူးဆန်းတဲ့ တိုင်းပြည်ပဲ။ ရာဇာတွေ တစ်ဦးတည်းမကဘဲ အများကြီးရှိကြတယ်။ သူတို့ပူးပေါင်းပြီး တိုင်းပြည်ကို အုပ်ချုပ်ကြတယ်။ အမ္ဗပါလီဟာ ဝေသာလီက အချောအလှ ကချေသည်"

အမ္ဗပါလီ၏ အမည်နာမကို ထုတ်ဖော်ပြောပြလိုက်သောအခါ သက်ကျားအိုမြို့စားကြီးသည် ပါးစပ်ရွဲ့သွားသောကြောင့် ကွမ်းတံတွေးတွေ သူ့ကိုယ်ပေါ် စီးကျသွားသည်။

"ကချေသည် မဟုတ်ဘူး၊ ပြည့်တန်ဆာ" လုလင်တစ်ယောက်က ဝင်ထောက်ပြီးလျှင်...

"အမ္ဗပါလီကို သွားမပြောနဲ့၊ သူက မဂဓဘုရင်ရဲ့ တရားဝင်မယားဗျ၊ သိကြရဲ့လား" ဟုလည်း ပြောလိုက်သည်။

တစ်ယောက်က ဝင်ဖွက်ပြန်သည်။

"ဘုရင်တွေတော့ မပြောနဲ့။ အဲဒီစည်းစိမ်ချမ်းသာမျိုး ဘုရင် မသုံးဆောင်မခံစားရင် ဘယ်သူသုံးဆောင် ခံစားဦးမှာလဲ"

စကားတွေ ဘေးရောက်ကုန်သဖြင့် ဝိဇယာ စိတ်ညစ်သွားသည်။

"ရှင်တို့စကားတွေ ဘယ်ရောက်ကုန်ပြီလဲ၊ အံ့သြစရာကောင်းလှပါကလား။ ကျွန်မတို့ ဘာအကြောင်း စဉ်းစားဆွေးနွေးဖို့ ဒီနေရာ ရောက်လာကြတာလဲ။ ကိုယ်ဦးတည်တဲ့အကြောင်းကိုပဲ စဉ်းစားဆွေးနွေးကြစေချင်ပါတယ်"

"ဝိဇယာပြောတာ မှန်တယ်" ဘုရင် သတာနိက ထောက်ခံသည်။

"ဝိဿတိုင်းနိုင်ငံပေါ်မှာ ဘေးဥပဒ် တိမ်ထုတိမ်တိုက် လွှမ်းနေပါတယ်" ဝိဇယာက ပြောသည်။

"ဘယ်ဘေးဥပဒ် တိမ်တိုက်လွှမ်းရမှာလဲ။ ကျုပ်တို့တိုင်းနိုင်ငံအတွက် ဘေးဥပဒ်ဆိုတာ စကားလုံးအဖြစ်နဲ့တောင် ပြောစရာ မလိုဘူး။ ကျုပ်တို့ခါးမှာ ဓားတွဲလွဲကျနေတုန်း ရှိသေးတယ်။ အခု စမ္ပာဘုရင်ကို မှုန့်မှုန့်ညက်ညက်ချေပြီး သင်ခန်းစာကောင်းကောင်း ပြလိုက်ပြီလေ။ ဝိဇယာ မသိဘူးလား"

သုံးလေးယောက်က လက်သီးလက်မောင်းတန်းပြီး ပြောကြသည်။

"ကောင်းပြီ။ ရှင်တို့ ထင်သလို လုပ်ကြ။ ရှင်တို့လုပ်တတ်တာ ဓားဆွဲတာပဲရှိတယ်"

mgyoe.com

mgyoe.com


ဝိဇယာက စိတ်ဆိုးသွားပြီး ထွက်သွားမည်ပြုသည်။

"နေဦး ဝိဇယာ။ ခဏဆိုင်းပါဦး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပုရောဟိတ်သုခမိန်ကြီး ဘယ်လိုအကြံဉာဏ်များ ပေးလိုပါသေးသလဲ"

ဘုရင် သတာနိကက သူ လေးစား အသိအမှတ်ပြုထားသော ကိုယ်လုပ်တော်ကျွန်မဝိဇယာအား ဖြေသိမ့်ရင်း ပြောလိုက်သည်။ သုခမိန်ကြီးက တည်ကြည်လေးနက်သော အမူအရာဖြင့် ပြောသည်။

"အရှင်မင်းကြီး၊ ကျွန်ုပ် အကျဉ်းချုပ်ပြီး လျှောက်ထားပြောကြားရမှာဖြင့် ယခု ပြောပြခဲ့ကြတဲ့ ယောဂီဟာ သူ့အဓိဋ္ဌာန်နဲ့သူ ကျွန်ုပ်တို့ရဲ့အမှားကို ပြောပြဖို့၊ ကျွန်ုပ်တို့အားလုံး မကောင်းမှုအကုသိုလ်လမ်းမှားကို လျှောက်မသွားစေဖို့၊ ကျွန်ုပ်တို့ရဲ့ သစ္စာတရားကို မှတ်ကျောက်တင်ကြည့်ဖို့ ရောက်လာခြင်းဖြစ်တယ်။ အမြင့်မြတ်ဆုံး အသိဉာဏ်ရအောင် ရှာမှီးနေတဲ့အတွက် စကားမပြော တုဏှိဘာဝေနေခြင်း ဖြစ်တယ်။ အပြင်ပန်းမှာ ချမ်းသာသုခရှိနေတယ်လို့ ထင်ရပေမဲ့ အမှန်တကယ် ဒုက္ခပင်လယ်ဝေနေတဲ့ ကျွန်ုပ်တို့ဘဝကို ကယ်တင်ဖို့အတွက် ကြိုးပမ်းအားထုတ်နေခြင်း ဖြစ်တယ်။ ယောဂီပုဂ္ဂိုလ်မြတ်ဟာ နှုတ်ပိတ်ရေငုံနေပေမဲ့ ဆိတ်ဆိတ်နေတဲ့အလုပ်နဲ့ သစ္စာလမ်းစဉ်ကို ညွှန်ပြနေတယ်။ ကျွန်ုပ်တို့ကို ကိုယ့်ကိုယ်ကိုယ် ဝေဖန်သုံးသပ်စေလိုပုံရတယ်။ ကျွန်ုပ်တို့ကို မကောင်းမှုလမ်းမှာ လျှောက်သွားစေလိုပုံ မပေါ်ဘူး။ မဟာယောဂီဟာ သူ့အဓိဋ္ဌာန်နဲ့ ကျုပ်တို့ရဲ့ တခြားဘယ်လိုအပြစ်တွေကို ဖယ်ရှားပစ်လိုတဲ့ စိတ်ဆန္ဒရှိနေတယ် မသိဘူး။ သူ့အဓိဋ္ဌာန်ဟာ ကောင်းမွန်တဲ့အလုပ်အတွက်ပဲ ဖြစ်တယ်။ ဒါကြောင့် အားလုံး သတိဝီရိယထားပြီး စေတနာမှန်မှန်၊ သစ္စာတရားမှန်မှန်နဲ့ အလုပ်လုပ်ကြရင် အကျိုးဖြစ်ထွန်းလာနိုင်စရာ ရှိပါတယ်"

ညီလာခံသဘင် စဲသွားသောအခါ အားလုံး၏ သဘောတူညီချက်ဖြင့် တစ်စုံတစ်ခု ဆုံးဖြတ်ချက် ချသွားကြသည်။ ထိုတစ်စုံတစ်ခုကား နောက်တစ်နေ့၌ ထိုမဟာယောဂီ၏ အဓိဋ္ဌာန်ပြည့်ဝရေး လုပ်ကိုင်ဆောင်ရွက်ကြရန် ဖြစ်လေသည်။

❐

mgyoe.com

mgyoe.com



# မဟာယောဂီ

အုတ်တိုက်ကြီး၏ မြေအောက်ခန်းထဲ၌ စန္ဒကူးနံ့သာကဲ့သို့ နူးညံ့ပျော့ပျောင်းပြီး စန္ဒကူးသားကဲ့သို့မာကျောသော စန္ဒနာသည် အစာရေစာပြတ်လျက် အကျဉ်းသားတစ်ယောက်ပမာ ထိုင်နေရရှာသည်။ ငိုကြွေးမြည်တမ်းခြင်းကိုမူ ရပ်တန့်ပစ်လိုက်သည်မှာ ကြာပြီ။ ရက်စက်ကြမ်းကြုတ်စွာ တုပ်နှောင်ထားသော အနှောင်အဖွဲ့များသည် စန္ဒနာ၏ နူးညံ့ပျော့ပျောင်းသော ကိုယ်ခန္ဓာအစိတ်အပိုင်းများထဲတွင် မြုပ်နှစ်စူးဝင်နေကြသည်။ ခပ်မြန်မြန် ခပ်ကြမ်းကြမ်း ခေါင်းတုံးတုံးလိုက်သော ဦးခေါင်းမှာလည်း ကျိန်းစပ်နေသည်။ အဆိုးဆုံးမှာမူ သူ၏ဂုဏ်သိက္ခာချိုးဖျက်ခံရခြင်း ဖြစ်သည်။ သူ၏ဦးခေါင်းသည် အယုတ်ညံ့ဆုံး မှဲ့စွန်းထင်းခံသွားရသည်။ ကင်းအကောင်တစ်ထောင် ကိုက်သလောက် နာကျင်ခံခက်ဖြစ်နေသော ဝေဒနာသည် သူ၏စိတ်နှလုံးကို ဂနာမငြိမ်အောင် ပြုမူဖန်တီးနေသည်။

ပထဝီမြေပြင်ကို နတ်ပြည်နတ်နန်းဟူ၍ ထင်မှတ်နေသော စန္ဒနာသည် ယနေ့ပထဝီမြေပြင်ပေါ်၌ ငရဲ၏အနံ့အသက်ကို ရှူရှိုက်နေရသလားဟူ၍ အောက်မေ့ထင်မှတ်နေသည်။ ဆာလောင်ခြင်းကို ဖြေဖျောက်စရာ ဘာတစ်ခုမျှ မရှိပေ။ သို့ရာတွင် စန္ဒနာသည် ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း၊ အိပ်ခြင်း၊ လဲလျောင်းခြင်း စသည်အားလုံးကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားလေပြီ။ သူ၏နှလုံးသားအတွင်း၌ သေပွဲဝင်သော၊ အတွင်းလှိုက်၍ ကျွမ်းနေသော မီးပုံမီးကျီးအရာအထောင် လောင်ကျွမ်းနေသည်။ သေပွဲဝင်သော တော်ဝင်မိန်းမမြတ်ကို ရှို့သည့် မီးပုံကမှ တော်ဦးမည်။ တစ်ကြိမ်လောင်ကျွမ်းပြီး ပြာဖြစ်သွားသည့်အခါ မီးပုံထဲက လွတ်မြောက်သွားနိုင်သေးသည်။

mgyoe.com

mgyoe.com


သို့ရာတွင် မီးပုံမီးကျီးကဲ့သို့ အဆက်မပြတ် လောင်ကျွမ်းနေသော ဤနှလုံးသားက ဘယ်တော့ လွတ်မြောက်မည်ဆိုသည်ကိုမူ မည်သူခန့်မှန်းနိုင်မည်နည်း။

အတိဒုက္ခသည် စိတ်နှလုံး၏ပိတ်ထားသော တံခါးကို ဖွင့်လှစ်ပေးသည်။ ဘေးအန္တရာယ်သည် တဏှာကင်းကွာမှု တံခါးကို ဖွင့်လှစ်ပေးသည်။ ဆင်းရဲဒုက္ခ ခံရဖန်များလာသောအခါ လူသည် ဒဏ်ကို ခံနိုင်ရည်ရှိပြီး မီးပြီးသော ရွှေ ဖြစ်သွားသည်။ အညှဉ်းပန်း အနှိပ်စက်ခံရသော စန္ဒနာသည်လည်း အနင်းအချေခံနေရသည့်ကြား ထဲက စိတ်အား တက်လာသည်။ မိမိစွမ်းပကားဖြင့် တုံ့ပြန်၍မရသော အခိုက်အတန့်ကို 'ကံကြမ္မာလက်ဆောင်' အဖြစ် သဘောထားပြီး လက်ခံလိုက်သည်။ ကိုယ့်ဘာကိုယ် စဉ်းစားနေမိသည်။

ကမ္ဘာမြေကြီးကို ဆူးငြောင့်ခလုတ် ကင်းရှင်းသည်ဟူ၍ မအောက်မေ့သင့်ပေ။ ကမ္ဘာမြေကြီးသည် ဆူးငြောင့်ခလုတ် အပြည့်ရှိနေမည်သာ ဖြစ်သည်။ ဆူးငြောင့် ထဲက ပန်းပွင့်ကိုရွေးသည့် အတတ်ပညာကို တတ်ကျွမ်းအောင်သာ သင်ကြားလေ့လာ သင့်သည်။ ကမ္ဘာလောကထဲက အနိဋ္ဌာရုံကိုမူ မည်သူမှ ဖယ်ထုတ် မပစ်နိုင်ပေ။ အနိဋ္ဌာရုံကို ဣဋ္ဌာရုံအဖြစ် အသုံးချသွားခြင်းသည်သာလျှင် လွတ်ငြိမ်းမှုသို့သွားရာ လမ်းကြောင်းဖြစ်သည်။ ဒုက္ခကမူ ရှိနေမည်သာ ဖြစ်သည်။ ဒုက္ခကို သုခသဖွယ် အသုံးချတတ်အောင် သင်ကြားလေ့လာသင့်သည်။

စန္ဒနာ၏အတွေးအလျှဉ်သည် စင်ကြယ်ပြီးရင်း စင်ကြယ်လာသည်။ ရက်ပေါင်း များစွာ ကျင့်ကြံသောအကျင့် တရားဘာဝနာအလုပ်များက မပေးနိုင်သော တရားမြေ စိတ်ဓာတ်ကို သုံးရက်ကြာမျှ နေထိုင်ရသော မြေအောက်အမှောင်ခန်းက စန္ဒနာကို ပေးလိုက်လေပြီ။ မြေအောက်အလုံခန်းသည် ကမ္ဘာလောက၏ အရေခွံကို စန္ဒနာ၏ ရှေ့တွင် ခွာချပစ်လိုက်သည်။

နေ့နှင့်ည ကုန်ဆုံးကျော်လွန်နေကြသည်။ သို့သော် မည်သူတစ်ဦးတစ်ယောက်၏ မျက်နှာကိုမျှ မမြင်မတွေ့ရပေ။ စန္ဒနာ၏ အတွေးအလျှဉ်သည် တစ်စထက်တစ်စ စင်ကြယ်လာသည်။ ကြီးကျယ်ပြင်းထန်သည့် ဆင်းရဲဒုက္ခက ရုန်းထွက်လွတ်မြောက် လာသူသည် သူတော်စင်သော်လည်း ဖြစ်ချင်ဖြစ်လာသည်။ သို့မဟုတ် လူဆိုးသော် လည်း ဖြစ်ချင်ဖြစ်လာသည်။ မေတ္တာ၏ ပင်လယ်သမုဒ္ဒရာသော်လည်း ဖြစ်ချင်ဖြစ် လာသည်။ သို့မဟုတ် ဒေါသ၏ မီးပုံ မီးကျီးလည်း ဖြစ်ချင် ဖြစ်လာသည်။ စန္ဒနာသည် ကမ္ဘာလောက၏ မတည်မြဲပုံ၊ ပြောင်းလဲတတ်ပုံ၊ မစင်ကြယ်ပုံတို့ကို သိမြင်သဘော

mgyoe.com

mgyoe.com


ပေါက်နေသည်။ လူဆိုသည်မှာ ကံကြမ္မာ၏ ကစားစရာအရုပ်မျှသာ ဖြစ်သည်။ ဆင်းရဲဒုက္ခရောက်သောအခါ တစ်စုံတစ်ယောက်အား ကျိန်ဆဲခြင်းသည်လည်းကောင်း၊ ချမ်းသာသုခဖြစ်သောအခါ တစ်စုံတစ်ယောက်အား မေတ္တာပို့ခြင်းသည်လည်းကောင်း လျှပ်ပေါ်လော်လည်သော စိတ်နှလုံး၏အကျိုးအာနိသင်မျှသာ ဖြစ်သည်။

စန္ဒနာသည် သူ့ကိုယ်သူ ပြောမိနေသည်။

"ငါ ဆင်းရဲဒုက္ခရောက်နေသည်မှာ အမှန်ဖြစ်သည်။ သို့သော်လည်း ငါ ချွတ်ခြုံကျမသွားသော ဆင်းရဲဒုက္ခသည် ဂုဏ်သိက္ခာ၏ အမှတ်လက္ခဏာ ဖြစ်သည်။ စန္ဒနာ၊ ညည်း သေးငယ်သူဖြစ်ချင် ဖြစ်ပေလိမ့်မည်။ သို့သော်လည်း ခိုကိုးရာမဲ့သူ မဖြစ်နိုင်ပေ။ စန္ဒနာ၊ ဘေးအန္တရာယ်ဟာ ညဥ့်နက်သန်းခေါင် ကျော်လွန်မသွားဘဲနှင့် ပြည့်ဝအောင်မြင်မှုမိုးသောက် ဘယ်မှာရောက်လာမည်နည်း..."

"အို စန္ဒနာ၊ သင်သည် ငြိမ်းချမ်းသော၊ သန့်စင်သော၊ တည်ငြိမ်သော အသိပညာရှင် ဖြစ်သွားပြီ။ သင်သည် တည်ငြိမ်အေးချမ်းသော စိတ်ဓာတ်ဖြင့် ရှေ့တစ်လှမ်း တိုးပြီး ဆင်းရဲဒုက္ခကို လက်လှမ်းကြိုဆိုဖို့ အသင့်ဖြစ်နေပြီ"

သုံးညနှင့် သုံးရက် ကုန်ဆုံးကျော်လွန်လာခဲ့ပြီ။ စိတ်ဓာတ်ကြံ့ခိုင် မာကျောသော်လည်း ခန္ဓာကိုယ် နူးညံ့ပျော့ပျောင်းသော စန္ဒနာသည် အစာပြတ်၊ ရေပြတ်ဖြစ်နေသဖြင့် အားပျော့လာသည်။ သို့သော်လည်း ယင်းအားပျော့ခြင်းသည် ခန္ဓာကိုယ်၏ အားပျော့ခြင်းမျှသာ ဖြစ်သည်။ ခန္ဓာကိုယ် ဘယ်လောက်ပင် အားပျော့ အားပျော့ အဇ္ဈတ္တသန္တာန်ထဲက စိတ်ကမူ အဘယ်ကြောင့် အားပျော့ရမည်နည်း။

စန္ဒနာ၏စိတ်က ခန္ဓာကိုယ်ကို ပြောသည်။

"သင် အားပျော့ချင်အားပျော့၊ ငါကတော့ ဘယ်တော့မှ အားပျော့လိမ့်မယ် မဟုတ်ဘူး။ ဘယ်တော့မှ လက်နက်ချ အရှုံးပေးလိမ့်မယ် မဟုတ်ဘူး။ ငါ ကြံ့ကြံ့ခံ နေနိုင်ဖို့အတွက် ခန္ဓာကိုယ် မရှားဘူး"

စိတ်၏စကားကို ကြားရသောအခါ ခန္ဓာကိုယ်ကလည်း သတိရသလိုဖြစ်သွားပြီးလျှင် ပြောလိုက်လေသည်။

"အလို သင်က ငါ့ကို ကျေးဇူးမကန်းချင်ပါနှင့်။ သင်နှင့်ငါဟာ မွေးလာကတည်းက စိတ်တူကိုယ်တူ မဟုတ်လား။ သင် ပြောသလိုပဲ ငါ လုပ်ပါမယ်။ သင်မရှိရင် ငါ ဘာမှလုပ်လို့ရမှာ မဟုတ်ဘူး။ ငါ့ကို မပြောမဆိုဘဲ တိတ်တိတ်ကလေး ထွက်မသွားလိုက်ပါနှင့်..."

mgyoe.com

mgyoe.com


စိတ်နှင့် ကိုယ်ခန္ဓာ၏ ယင်းအချီအချ စကားများကို ကြားရသည်ဖြစ်၍ စန္ဒနာ၏ မျက်နှာတွင် ချိုမြသောအပြုံးပန်း ပွင့်လာသည်။ သို့ရာတွင် စန္ဒနာ နားလည်သဘောပေါက်သွားသည်။ ဤနေရာမှ ယခုစိတ်နှင့် ခန္ဓာကိုယ်နှစ်ခုစလုံး တစ်ပြိုင်တည်း အပြင်ဘက် ထွက်သွားဖို့အတွက်မှာမူ လုံးဝ မဖြစ်နိုင်ပေ။ သနားစရာ ခန္ဓာကိုယ်ခများမှာမူ ဤအချုပ်ခန်း၌ပင် နေရမှာဖြစ်ပြီး စိတ်ကမူ ပျံထွက်သွားလိမ့်မည်။ ခန္ဓာကိုယ်နှောင်အိမ်ကမူ ဤနေရာ၌ပင် ကျန်ရစ်ခဲ့ရှာလိမ့်မည်။

စန္ဒနာ၏မျက်နှာတွင် လှပချိုမြသော အပြုံးတစ်ချက် ပေါ်လာပြီးလျှင် သူ့ဘာသူ စဉ်းစားနေမိသည်။

"ကမ္ဘာလောကသည် ဘယ်လောက်မိုက်မဲသနည်း။ အချုပ်ခန်းထဲတွင် ငါ အချုပ်ခံနေရသည်ဟူ၍ ကမ္ဘာလောကက ထင်နေရှာသည်။ သို့သော်လည်း ကြည့်ပါ။ ရှာ၍ပင် မတွေ့သည်အထိ အချုပ်က ငါ လွတ်မြောက်သွားသည်ဆိုသည်ကို အားလုံးမြင်တွေ့ကြရလိမ့်မည်"

စန္ဒနာက ရယ်လိုက်သည်။ သူ၏ ယင်း အရယ်အပြုံးကို အဖြေပြန်ပေးသည့် အနေမျိုးဖြင့် အသံတဂျောက်ဂျောက်မြည်ပြီး အခန်းတံခါး ပွင့်သွားသည်။

တံခါးပွင့်သွားသည်နှင့် တစ်ပြိုင်နက် "စန္ဒနာ... စန္ဒနာ... သမီးလေး စန္ဒနာ" ဟူသော ခေါ်သံများ ဆူညံသွားပြီး သူဌေးကြီးဓနာဝဟသည် အခန်းတွင်း အတင်းပြေးဝင်လာလျက် စန္ဒနာကို လည်ချင်း ယှဉ်ဖက်လိုက်လေသည်။ စန္ဒနာ၏ ကိုယ်ကို ပွတ်သပ်လိုက်သည်။ ဦးခေါင်းကို နမ်းသည်။ လက်နှင့်ခြေတို့တွင် တုပ်နှောင်ထားသော အနှောင်အဖွဲ့များကို ပါးစပ်ဖြင့် ကိုက်သည်။ တစ်ခဏမျှ တစ်ယောက်နှင့်တစ်ယောက် ကြောင်ကြည့်နေကြသည်။ မည်သူမျှ စကားမဆိုနိုင်ကြ။ စန္ဒနာ ငြိမ်သက်နေသည်။ ကြည်လင်နေသည်။ မိုးသားတိမ်လိပ် လွှမ်းနေသကဲ့သို့ဖြစ်နေသောမျက်လုံးမှ မိုးတစ်စက်တစ်ပေါက်မျှပင် ကျမလာပေ။ သူဌေးကြီး၏ မျက်လုံးမှမူ မျက်ရည်ဖြိုင်ဖြိုင် စီးကျလာသည်။ မျက်ရည်ကျရုံမျှမက ငိုသံပါကြီးနှင့် ဖြစ်နေသည်။

"ဒုက္ခအများကြီး ရောက်သွားပါကလားကွယ် သမီးလေးစန္ဒနာ..."

"အဖေ...၊ ဆင်းရဲဒုက္ခက သမီးကို ဆင်ခြင်တုံတရားနဲ့ ပြည့်ဝသူတစ်ဦးဖြစ်အောင် လုပ်လိုက်တယ်။ အခု သမီး နားလည်သဘောပေါက်သွားပြီ။ ခန္ဓာကိုယ် ချမ်းသာသုခဖြစ်တဲ့အတွက် စိတ်ချမ်းသာသုခ မဖြစ်ဘူး။ အဲဒီနည်းအတိုင်းပဲ ခန္ဓာကိုယ် ဆင်းရဲဒုက္ခရောက်တဲ့အတွက်ကြောင့်လည်း စိတ်ဆင်းရဲဒုက္ခ မရောက်ဘူး။ ဆင်းရဲဒုက္ခ

mgyoe.com

 mgyoe.com 

နဲ့ ချမ်းသာသုခဆိုတာ ခန္ဓာကိုယ်ရဲ့ သဘာဝတရား မဟုတ်ဘူး"

"သမီးဒုက္ခရောက်တာ အဖေ့ကြောင့်ပါကွယ်..."

"တစ်စုံတစ်ယောက် သုခ၊ ဒုက္ခဖြစ်ရတာ ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူး။ ကံစီမံရာကို ခံနေရတဲ့အခြေအနေမှာ ဘယ်သူ့ကိုမှ အပြစ်မတင်သင့်ပါဘူး အဖေ"

"စန္ဒနာ...၊ သမီးဟာ တကယ့်သူတော်ကောင်းတစ်ဦးပါကလားကွယ်၊ အဖေ ဒီအမိုက်မ သူဌေးကတော်ကို မကျေဘူး၊ သူ့ကို အဖေ"

"အဖေ"

"ကမ္ဘာလောကကြီးရဲ့ လျှို့ဝှက်ချက်ကို သိရှိနားလည်ရင် ဘယ်သူ့အပေါ်မှ ဒေါသမဖြစ်သင့်ပါဘူး။ လူတိုင်းဟာ ကိုယ့်နည်းကိုယ့်ဟန် ကိုယ့်အကြံနဲ့ မှန်တယ်ထင်ပြီး လုပ်ကြတာချည်းပါပဲ။ ကိုယ်လုပ်တဲ့အလုပ်ဟာ သူများအမြင်မှာ မှန်ချင်မှ မှန်မယ်။ ဒါပေမဲ့ ကိုယ့်အမြင်မှာတော့ မှန်နေတာချည်းပဲ။ အဲဒါကြောင့် လူတိုင်း လူတိုင်း ကိုယ့်နည်းကိုယ့်ဟန်နဲ့ မှန်နေတဲ့ပုဂ္ဂိုလ်တွေချည်း ဖြစ်ပါတယ်။ သူဌေးကတော်ဟာ သူ့အမြင်နဲ့ သူ မှန်ပါတယ်။ သမီးလည်း သမီးအမြင်နဲ့ မမှားဘူး။ အဖေလည်း အဖေ့အမြင်နဲ့ အဖေ မှန်နေတာပဲ။ သမီးတို့ဟာ ကိုယ့်အမြင်နဲ့ ကြည့်တာထက် သူတစ်ပါးအမြင်နဲ့ ကြည့်ရင် ပိုကောင်းလိမ့်မယ်"

စန္ဒနာတွင် သူ့အလိုလိုပင် အသိပညာစမ်းရေအလျှဉ် စီးဆင်းနေသည်။ သူ သိမြင်သဘောပေါက်သွားသည့် အသိဉာဏ်မျိုးကို တကယ့်ကျောင်းသခ်မ်းကြီးများမှ မဟာသုခမိန်ကြီးများပင် သူ့ကို ပေးနိုင်မည် မဟုတ်ပေ။

"စန္ဒနာ...၊ သမီးရဲ့ စကားတွေထဲမှာ အသိဉာဏ်ပညာ စကားလုံးတွေ ပုံ့တင်ထပ်နေပါကလားကွယ်"

"အဖေ... တစ်နေ့လုံး ဗိုက်ပြည့်အောင် စားထားတဲ့နွားဟာ ညဉ့်အချိန်ရောက်တဲ့အခါ စားမြုံ့ပြန်ပြီး တစ်နေ့လုံးစားထားတဲ့ အစာတွေကို အရသာတစ်မျိုးဖြစ်အောင် လုပ်ကြတယ်။ အဲဒီနည်းအတိုင်းပဲ သမီးလည်းပဲ ဒီကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းတဲ့နေရာမှာ တစ်ကိုယ်တည်း ဘဝရဲ့အမှန်တရားတွေကို အားလုံးစုပြီး စားမြုံ့ပြန်ကြည့်တယ်။ အဲဒီအခါ အင်မတန်မှ ဆန်းသစ်တဲ့ ထောပတ်ဆီဦး အရသာတစ်မျိုးကို ရရှိခံစားရတယ်"

"စန္ဒနာ...၊ သမီးနဲ့ သမီးအမေ၊ အဖေတို့ဟာ ကုသိုလ်ကံထူးလှပါပေတယ်။ သမီးဟာ ဒုက္ခကို အမှုန့်ကြိတ်ပြီး သောက်ပစ်လိုက်သလိုပဲ။ မချိမဆံ့ ခံစားရတဲ့

mgyoe.com

mgyoe.com
ဝေဒနာကိုလည်း မေတ္တာနဲ့ ကျေညက်သွားအောင် လုပ်လိုက်သလိုပဲ။ သမီးရဲ့စကားမှာ ကြမ်းတမ်းခါးသီးတာဆိုလို့ တစ်စက်မှ မရှိဘူး။ သမီးရဲ့ အပြုအမူမှာလည်း ဒေါသ ဆိုလို့ တစ်ကွက်မှ မတွေ့ရဘူး"

"အမယ်လေး... စကားကြောရှည်နေလိုက်တာ မပြီးတော့ဘူး။ စကားကို နောက်မှ ပြောပါ။ အခု သူ့ကို ကျွေးမွေးဖို့ လုပ်ပါဦး။ သူ့ခမျာ ဘာမှ မစားမသောက်ရတာ သုံးရက်လုံးလုံးရှိသွားပြီ။ တော်ရုံတန်ရုံချစ်ပါ၊ ခင်ပါ။ ကိုယ်က ရိုးရိုးသဘော ထားပေမဲ့ လူမြင်မကောင်း၊ သူမြင်မကောင်း ချစ်လွန်းတာ မကောင်းဘူးလို့ ကျုပ် ဘယ်နှခါပြောခဲ့သလဲ။ နောက်ဆုံးကျတော့ ဒုက္ခတွေ့ကြရော မဟုတ်လား..."

ကျွန်မအဘွားကြီးက လာပြီး ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေသော သူဌေး ကြီးကို သတိပေးသည်။ ထို ကျွန်မ အဘွားကြီးသည်ပင် သူဌေးကတော် မူလာ တင်းကျပ်စွာ ပိတ်ထားသည့်ကြားထဲက စန္ဒနာအကြောင်းကို သူဌေးကြီးအား ဖွင့်ပြော လိုက်ခြင်း ဖြစ်သည်။

ကျွန်မ အဘွားကြီးက ရှေ့ဆက် ပြောနေသည်။

"သူဌေးကြီး ကျုပ်ဦးခေါင်းပေါ်မှာ သူဌေးကတော်မူလာရဲ့ အမျက်ဒေါသ စားသွားဝဲနေတယ်။ ကျွန်မလည်း ဖြစ်တယ်၊ အရွယ်ကလည်း သချိုင်းခြေတစ်ဖက် လှမ်းနေပြီ။ ခုနေအခါမှာ ကျုပ်အတွက် အသက်ရှင်နေရတာထက် သေတာပဲကောင်း တောင်းတောင်းပဲ။ သူဌေးကြီးတို့ကို လုပ်ကျွေးပြုစုလာခဲ့တာ အသက်နဲ့အမျှပါပဲ။ အခုတော့ သေခြင်းတရားရဲ့ ကမ်းနားမှာ ရပ်နေရပြီ။ ဘဝကူးပြောင်းအောင် ဒါလောက် ကလေးတော့ ကုသိုလ်ကောင်းမှု ပြုသွားချင်တဲ့သဘောနဲ့ အခုလို အရဲစွန့်လိုက်ရ တာပဲ"

"အလို ဟုတ်ပါရဲ့၊ စကားကောင်းနေတာနဲ့ သတိမေ့နေတယ်။ သွားပါ အဘွားကြီး၊ စားစရာတစ်ခုခုရှိရင် ချက်ချင်းယူလာခဲ့..."

ကျွန်မအဘွားကြီး အိမ်ပေါ်တက်သွားသည်။ သို့ရာတွင် ပဲပြုတ်မှတစ်ပါး တခြား ဘာစားစရာမျှ မကျန်တော့ပေ။ ပဲပြုတ်ကို ပန်းကန်ထဲထည့်ပြီး ယူလာသည်။

ထိုအချိန်အတွင်း သူဌေးကြီးသည် စန္ဒနာ၏ ခြေထောက်တွင် ခတ်ထားသော ခြေထိတ်ကို ကြိုးစား၍ဖြုတ်နေသည်။ သို့သော်လည်း ဖြုတ်၍မရ။ နောက်ဆုံး၌ လက်လျှော့ပြီး ကျွန်မ အဘွားကြီးအား...

"အဘွားကြီး...၊ စန္ဒနာကို ကျွေးနေဦး၊ ကျုပ် ပန်းပဲဆရာကို သွားခေါ်ဦး
mgyoe.com

mgyoe.com


မယ်" ဟု ပြောလျက် သုတ်သီးသုတ်ပျာ ထွက်သွားသည်။

နေ့ဆွမ်းခံချိန်ဖြစ်သည်။ ထုံးစံအတိုင်းပင် ထိုမဟာယောဂီသည် ဆွမ်းခံရန် မြို့အတွင်း ဝင်ရောက်လာသည်။ တံခါးဝတိုင်း၌ မိန်းမ၊ ယောကျ်ားများ စုပြုံရပ်နေကြသည်။ အမတ်ကြီး သုဂုတ္တနှင့် အမတ်ကတော် နန္ဒာတို့လည်း အဆင်သင့်စောင့်နေကြသည်။ ထုံးစံအတိုင်းပင် မဟာယောဂီသည် မြို့တွင်း ဝင်ရောက်လာပြီးလျှင် တစ်လမ်းမှ တစ်လမ်းသို့လည်းကောင်း၊ တံခါးတစ်ပေါက်မှ တစ်ပေါက်သို့လည်းကောင်း ဖြတ်ကျော်ပြီးလျှင် လှမ်းကြွနေသည်။ ယခင့်ယခင်နေ့များကကဲ့သို့ပင် ယနေ့လည်း မဟာယောဂီသည် ဘာမျှမခံယူဘဲ လက်ချည်း ပြန်ကြွသွားမည်လား။ ကျွန်ုပ်တို့ သတိမမူမိသည့် ကျွန်ုပ်တို့၏ မကောင်းမှုအကုသိုလ် ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုက ကျွန်ုပ်တို့၏ ဆွမ်း၊ ကျွန်ုပ်တို့၏ ထမင်းကို ညစ်ညမ်းအောင် ပြုလုပ်ထားသလား။ အကြင်တိုင်းပြည်ဒေသ၌ ဧည့်သည်အာဂန္တု (သို့မဟုတ်) ယောဂီသည် ခြောက်လကြာမျှ အစာရေစာငတ်ပြတ်ပြီး လှည့်ပတ်သွားလာနေရ၏။ ထိုတိုင်းပြည်ဒေသ၌ ကပ်ဆိုက်တော့မည်မှာ မလွဲမသွေ ဧကန်ဖြစ်ပေ၏ဟူ၍ မှတ်ယူရတော့မည်။

ထုထည်ကြီးမားသည့် စိတ်ပျက်အားလျော့ခြင်း လှိုင်းတံပိုးကြီးများသည် နေရာအနှံ့ ပျံ့နှံ့သွားသည်။ သို့သော် ထိုအခိုက် မဟာယောဂီသည် အတန်ငယ် ရှေ့လျှောက်သွားပြီး ရုတ်တရက် ခေတ္တခဏ ရပ်တန့်သွားသည်။ မည်သည့်အခါမှ ရပ်နားခြင်းမရှိသော သူ၏ခြေထောက်သည် ရပ်နားသွားသည်။ မည်သည့်အခါမှ ဖြန့်ခြင်းမရှိသော သူ၏လက်သည် ယနေ့ ဖြန့်သည်ကို တွေ့မြင်ရသည်။

အလွန်တရာ မင်္ဂလာရှိသော အခိုက်အတန့်ဖြစ်သည်။ အလွန်တရာ ကျက်သရေရှိသော အခွင့်ထူးဖြစ်သည်။ နောက်ဆုံး၌ မဟာယောဂီ၏ အဓိဋ္ဌာန်သည် ပြည့်ဝအောင်မြင်သွားပြီ။ ဝမ်းမြောက်ဝမ်းသာ ဟစ်အော်ကြွေးကြော်သံများသည် အရပ်ထက်ဝန်းကျင်၌ ပဲ့တင်ထပ်သွားသည်။ သို့ရာတွင် ဟစ်အော်ကြွေးကြော်သံသည် အဆုံးမသတ်ခင် ရပ်တန့်သွားသည်။

မဟာယောဂီ၏ ရပ်တန့်နေသော ခြေသည် တစ်ဖန် လှမ်းကြွသွားပြန်သည်။ ရှေ့တိုးပေးနေသော လက်ကို ပြန်ရုပ်သွားပြန်သည်။ ဆွမ်းကို ခံယူခြင်းမရှိဘဲ မဟာယောဂီသည် ရှေ့သို့ လှမ်းရန် ခြေလှမ်းပြင်လိုက်လေသည်။ ပရိသတ်အားလုံးသည် မရှုနိုင် မရှိုက်နိုင် ဖြစ်သွားကြသည်။ ထိုအခိုက် စိတ်နှလုံးထိခိုက်ဖွယ် ညင်သာသော ငိုရှိုက်သံတစ်သံ ထွက်ပေါ်လာသည်။

mgyoe.com

mgyoe.com


မဟာယောဂီ၏ လှမ်းကြွနေသောခြေသည် တစ်ဖန် ရပ်တန့်သွားပြန်သည်။ ရပ်သွားသောလက်ကို တစ်ဖန် ဖြန့်လိုက်ပြန်သည်။ မဟာယောဂီသည် လက်ဖြန့်လျက် ဆွမ်းကို ခံယူလိုက်သည်။ ခြောက်လတိတိ ကျင့်သုံးတည်ဆောက်လာခဲ့သော အကျင့်တရား (သို့မဟုတ်) အဓိဋ္ဌာန်သည် အပြီးသတ်သွားလေပြီ။ ကုသိုလ်ကံ ထူးလှပေစွ စန္ဒနာ။ ကုသိုလ်ကံထူးလှပေစွ မဟာယောဂီ။ ပတ်ဝန်းကျင်တစ်ခွင်၌ ကောင်းချီးဟစ်ကြွေးသြဘာသံများ တစ်ခဲနက် ပဲ့တင်ထပ်သွားသည်။

ထိုသတင်းသည် တစ်မဟုတ်ချင်း အရပ်ထက်ဝန်းကျင်တွင် ပျံ့နှံ့သွားသည်။

"မဟာယောဂီသည် ကျွန်မတစ်ယောက် လှူဒါန်းတဲ့ ပဲပြုတ်နဲ့ အဓိဋ္ဌာန်ကို အဆုံးသတ်လိုက်ပြီ"

တစ်ယောက်က စပြောသည်။ "ကျွန်မတောင်မှ မည်မည်ရရ ကျွန်မ မဟုတ်ဘူး၊ နှစ်ပဲတစ်ပြားတန် ကောင်မလေးတစ်ယောက်ပါ၊ သူ့အကျင့်စာရိတ္တ၊ သူ့အမျိုးဇာတ်နဲ့ ပတ်သက်ပြီး ဘာမှသိရတာမဟုတ်ဘူး။ ဘယ်နိုင်ငံကဆိုတာလဲ မသိရဘူး။ ကျွန်ဈေးက ဓနာဝဟသူဌေး ဝယ်လာတဲ့ ကောင်မလေးတစ်ယောက် လက်ထဲက ဆွမ်းကို အလှူခံလိုက်တယ်။ ကျုပ်တို့လည်း ကျွန်ပါပဲ။ ဒါပေမဲ့ ကျုပ်တို့ထက် နိမ့်ကျသေးတယ်၊ ယုတ်ညံ့သေးတယ်။ တန်ဖိုး ဘာမှမရှိဘူး။ အမျိုးတို့၊ ဇာတ်တို့၊ ဘာမှ မသေချာမရေရာတဲ့ ကျွန်တစ်ယောက်ရဲ့ လက်ထဲက အစားအစာကို ထိသင့် ကိုင်သင့်ပါသလား"

တစ်ယောက်က ဖြည့်စွက်ပြောသည်။

"ကျွန်မရဲ့လက်ထဲက ပဲပြုတ်ကို အလှူခံတယ်တဲ့။ ယုတ်ညံ့သေးနုပ်တဲ့ ကျွန်မပေးလှူတဲ့ အစားအစာနဲ့ပဲ အင်မတန်မှ မွန်မြတ်တဲ့အဓိဋ္ဌာန်ကို အဆုံးသတ်လိုက်တယ်တဲ့။ ယုံတမ်းစကားလို့တောင် အောက်မေ့ရတယ်"

လူအတော်များများက ထင်မြင်ချက် ပေးကြသည်။

"ဟုတ်တယ်လေ... ကျွန်ရော လူမဟုတ်ဘူးလား။ ကျွန်တွေမှာ လူသားစိတ်ရှိသလောက် မင်းတို့မှာရှိလို့လား။ ကျွန်ရဲ့ အကျင့်စာရိတ္တနဲ့ပတ်သက်လို့ ပြောနေကြတယ်။ ကိုယ့်အကျင့်စာရိတ္တကိုလည်း ကိုယ်ပြန်ကြည့်ပါဦး။ သူ ဘယ်နိုင်ငံ၊ ဘယ်အရပ်ဒေသကလဲဆိုတာ စုံစမ်းစစ်ဆေးသင့်တယ်။ ကိုယ့်ခြေထောက်အောက်က မီးလောင်နေတဲ့ ပထဝီမြေပြင်ကိုလည်း တစ်ဆိတ်လောက် ပြန်ကြည့်ပါဦး။ မဟာယောဂီအတွက် ဘယ်သူကြီးမြင့်တယ်၊ ဘယ်သူနိမ့်ကျတယ်ဆိုတာ မရှိဘူး။ အဲဒီ တံတိုင်း၊ အဲဒီခြံစည်းရိုးတွေဟာ ကျုပ်တို့အားလုံး ကိုယ့်ကိုယ်ကျိုးစီးပွားအတွက်

mgyoe.com

mgyoe.com


တည်ဆောက်ထားတဲ့ အရာတွေသာ ဖြစ်တယ်။ မဟာယောဂီ နတပုတ္တမဟာဝီရ သက်တော်ရာကျော် ရှည်ပါစေ။ လာကြဟော့... ဆွမ်းအလှူခံတဲ့ပုဂ္ဂိုလ်နဲ့ ဆွမ်းလှူတဲ့ပုဂ္ဂိုလ်ကို သွားကြည့်ကြရအောင်"

လူအပေါင်းတို့သည် အစုလိုက်အပြုံလိုက် ဖြစ်နေသည်။ ကျွန်မ စန္ဒနာသည် လက်အုပ်ချီပြီး ရပ်နေသည်။ ဓနာဝဟသူဌေးကြီး ချိုးဖျက်၍မရသော သူ့ခြေထောက်က ခြေထိတ်သည်၊ သူ့အလိုလို ကျိုးပျက်သွားသော ထိတ်တုံးသည် လူသားဘဝ၏ အကျိုးအပဲ့ အပျက်အစီးပမာ လူအပေါင်းတို့အား အသံတိတ်သင်ခန်းစာ ပြောပြညွှန်ကြားနေသည်။

"ကျွန်ဘဝကို၊ ကျွန်စနစ်ကို ထောက်ခံအားပေးနေကြသူများအပေါင်းတို့ အားလုံးအသိရှိကြလော့၊ ယနေ့ သင်တို့သည် တစ်ယောက်သောသူအား ကျွန်လုပ်ပါအံ့။ နက်ဖြန် တခြားတစ်ယောက်က သင့်ကို ကျွန်လုပ်ပေလိမ့်မည်။ မိမိလုပ်သလိုမိမိ ခံရပေလိမ့်မည်။ တစ်ယောက်ပြီးလျှင် တစ်ယောက်၏အလှည့် ရောက်လာပေလိမ့်မည်။ ယနေ့ သင့်အလှည့်ဆိုလျှင် နက်ဖြန် ကျွန်ုပ်အလှည့် ရောက်လာလိမ့်မည်။ အချိန်ကာလ (သို့မဟုတ်) အစွမ်းသတ္တိကို အလွဲသုံးစား မလုပ်ကြပါလင့်။ ကောင်းသော အစဉ်အလာကို သင် အစပျိုးပါက နောက်ဆုံး၌ အကျိုးသက်ရောက်မှုကို သင်သာလျှင် ခံစားရပေလိမ့်မည်။ မိမိလုပ်သည့်အတိုင်း မိမိ ခံစားရပေလိမ့်မည်"

စန္ဒနာ၏ မျက်ဝန်း၌ ထူးခြားသော အရှိန်အဝါသည် လင်းလက်တောက်ပနေသည်။ ယနေ့ သူသည် 'အညတြကျွန်မ' တစ်ယောက်မဟုတ်တော့ပေ။ ကောသမ္ဗီရှိ လူတိုင်းလူတိုင်းထက် ကြီးကျယ်မြင့်မြတ်သူဖြစ်သွားလေပြီ။ ကျွန်လည်း ကြီးကျယ်မြင့်မြတ်သူ ဖြစ်၏။ လူ့ဘဝ လူ့အဖြစ်၌ အခွင့်အရေးမှန်သမျှ ကျွန်ုပ်တွင်လည်း ရှိ၏။ ယင်း အဓိပ္ပာယ်ဆောင်သော ကြေညာချက် ယနေ့ ပြတ်သားစွာ စည်သံဗြောသံနှင့်အတူ ပဲ့တင်ညံသွားသည်။

စန္ဒနာသည် လက်စုံမိုး၍ ရှိခိုးကန်တော့နေသည်။

"အရှင်... အကျွန်ုပ်ဒုက္ခသည်မှာ ယနေ့ အရှင်ကဲ့သို့သော အားပြုခိုကိုးစရာ ပုဂ္ဂိုလ်မြတ်ကို ရရှိပါပြီ။ မျက်လုံးပိတ်သွားပြီး မေတ္တာမျက်ရည်မိုး၊ သဒ္ဒါမျက်ရည်မိုး သွန်းဖြိုးရွာကျလာပါပြီ။ ယနေ့ အကျွန်ုပ်၏ အထီးကျန်ဖြစ်နေသော အဇ္ဈတ္တသန္တာန် အတွင်း၌ တစ်စုံတစ်ဦး လာရောက်နေထိုင် ကိန်းအောင်းနေပါပြီ။ အရှင် အကျွန်ုပ် ဘဝသည် မျက်ရည်နှင့် မျက်ခွက်ဖြစ်ခဲ့ရသည့်ဘဝဖြစ်ပါသည်။ ငိုရဖန်များသဖြင့်

mgyoe.com

mgyoe.com


မျက်ရည်များလည်း ခန်းကုန်ကြပါပြီ။ တစ်သက်လုံး ယခုအတိုင်း နေသွားရမည်ကဲ့သို့ ဖြစ်နေပါသည်။ ငိုနေ၍လည်း ကိစ္စမပြီး၊ ကံတရားနှင့် စွမ်းပကားဏ် ပဋိပက္ခသဘော ကိုသာ မပြတ်အောက်မေ့ ဆင်ခြင်နေခဲ့ရသည်။ အရှင် ကြွလာသည်ကို မြင်တွေ့ရ သောအခါ ခန္ဓာကိုယ်ထဲ အသက်ဝင်လာသကဲသို့ပင် ထင်ရပါသည်။ ကျွန်ုပ်၏ အဇ္ဈတ္တသန္တာန်သည် ပီတိပြည့်လျှမ်းသွားခဲ့ပါသည်။ သို့သော်လည်း ကံမွဲသူ၏ ချမ်းသာသုခကဲ့သို့ အရှင် ပြန်လည်ထွက်ခွာကြွသွားသည်ကို တွေ့မြင်ရသောအခါ အကျွန်ုပ် ထိန်းချုပ်မရနိုင်တော့။ နေရောင်ခြည် ထိတွေ့သဖြင့် ဆီးနှင်းခဲမှ ရေတံခွန် ဖြာထွက်လာသကဲ့သို့ အကျွန်ုပ်၏ အဇ္ဈတ္တသန္တာန်တွင်းမှ ခဲနေသောမျက်ရည်များ စီးထွက်ကျလာကြပါသည်။ ယနေ့ အကျွန်ုပ်၏ ကံကြမ္မာသည် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသွားပြီ။ ကမ္ဘာလောကထဲတွင် စန္ဒနာသည် ယခု ဆင်းရဲသူ မဟုတ်တော့၊ ခိုကိုးရာမဲ့သူ မဟုတ်တော့။ အရှင်ကို ဖူးတွေ့ရပြီးဖြစ်၍ စန္ဒနာသည် ဘဝဆက်တိုင်း ဆက်တိုင်း လွတ်မြောက်သူဖြစ်သွားပြီ။ အကျွန်ုပ်သည် အနိုင်မခံ အရှုံးမပေးသူ ဖြစ်သွားပြီ။ အကျွန်ုပ်၏ ခန္ဓာကိုယ်သည် အစိတ်စိတ်အမြွှာမြွှာ ဖြစ်ချင်ဖြစ်သွား ပါစေ၊ ရန်လိုသူက အကျွန်ုပ်ကို စိတ်ရှိတိုင်း နှင်းခြေပါစေ။ သို့သော်လည်း အကျွန်ုပ် ကို မည်သူကမှ ထိခိုက်သွားအောင် မလုပ်နိုင်တော့။ အကျွန်ုပ် ကျေနပ်အားရသွားပြီ"

မဟာယောဂီကမူ ငြိမ်သက်နေသည်။ စကားတစ်ခွန်းမျှ မဟပေ။ အသံ တိတ်စကားဖြင့် အဇ္ဈတ္တအတွင်းသားကို ဖောက်ထွင်းနေသကဲ့သို့ ထင်ရလေသည်။ လူ့ဘဝ၏ ပန်းဝတ်မှုန်ဝတ်ဆံနှင့်တူသော သူ၏ဘဝသည် ပတ်ဝန်းကျင်တစ်ခွင်၌ မွှေးရနံ့ ဖြန့်ပေးနေသည်။ သူ၏ဘဝ၌ ဘာသောကမျှ မရှိပေ။ ဘာကြောင့်ကြပူပန်မှုမျှ မရှိပေ။

ဓနာဝဟာသူဌေးကြီး၏ ကျယ်ပြန့်သော အိမ်ဝင်းထဲ၌ လူတွေ တင်းကျမ်းဖြစ် နေသည်။ မဟာယောဂီ၏ အဓိဋ္ဌာန်ပြည့်ဝ အောင်မြင်သွားပြီဖြစ်၍ လူအပေါင်းတို့သည် နှစ်ထောင်းအားရ ပီတိသောမနဿ ဖြစ်နေကြသည်။ အချို့က တူရိယာအမျိုးမျိုးကို တီးမှုတ်နေကြပြီး တချို့က ပန်းများ၊ ဆန်များ၊ ပေါက်ပေါက်များကို ကြဲနေကြသည်။ တစ်နာရီ မတိုင်မီက နရက်ငရဲ၏ အနံ့အသက် လှိုင်နေသော နေရာ၌ ယခုအခါတွင် နတ်ပြည်နတ်နန်း၏ အသရေ ပေါ်လွင်ထင်ရှားနေသည်။

"အလို… ဒါ ပထဝီမြေကြီးပင် ဖြစ်ပါကလား။ မှန်သည်။ ဒါ ပထဝီမြေကြီးပင် ဖြစ်သည်။ ပထဝီမြေကြီးကို နတ်ပြည်ဖြစ်အောင် (သို့မဟုတ်) ငရဲပြည်ဖြစ်အောင်

mgyoe.com

mgyoe.com

ဖန်တီးနေကြသူများမှာ တခြား မဟုတ်၊ အကျွန်ုပ်တို့ပင် ဖြစ်၏" ဟူ၍ လူတွေက ထင်မြင်ချက်ပေးနေကြသည်။

ဘုရင်မင်းကြီးနှင့် မိဖုရားကြီးတို့လည်း ထိုနေရာသို့ ရောက်လာကြသည်။ ကောသမ္ဗီမြို့၏ ဦးထိပ်ပေါ်မှ ကျိန်စာကြီး ပြုတ်ကျသွားပြီ ဖြစ်သည်ကို တွေ့ရ၍ ဘုရင်မင်းကြီးနှင့် မိဖုရားကြီးတို့သည် ကျေနပ်အားရသွားကြသည်။ သူတို့ မြင်တွေ့နေရသည့် မြင်ကွင်းသည် မဖြစ်ဖူးမြဲ ထူးကဲဆန်းကြယ်နေသည်။ အနီးတွင် တန်ခိုးအရှိန်အဝါရောင်ခြည်ကို ဖြန့်ကြက်ထားသော မဟာယောဂီ ရပ်တန့်နေသည်။ စန္ဒနာ၏ သဏ္ဍာန်မှ သဒ္ဓါကြည်ညိုစိတ် ရေအလျဉ် စီးဆင်းနေသည်။ ဦးခေါင်းငုံ့၍ ပထဝီမြေကြီးပေါ်၌ ရပ်နေသည်။ မည်ကဲ့သို့သော အရာဝတ္ထုသည် ယင်းသဒ္ဓါကြည်ညိုစိတ်ကို အနိုင်ရရှိအောင် လုပ်နိုင်မည်နည်း။ စန္ဒနာသည် အရှူးမသဖွယ် နှုတ်က ဘာတွေတတွတ်တွတ် ရွတ်နေသည် မသိပေ။ သူ၏ နှလုံးအိမ် ပန်းဥယျာဉ်ထဲ၌ ကဗျာပန်းပွင့်များ ပွင့်လာကြသည် ထင်ရသည်။

"အရှင်... ပုလဲမိုးပေါက်ချင်ခြင်းတပ်နေသော မိုးစွေငှက်တို့သည် ယနေ့ ပုလဲမိုးပေါက် သောက်ကြရပြီ။ မျှော်လင့်တစ်ချက် မမျှော်လင့်တစ်ချက်ဖြစ်နေသော ဟင်္သာငှက်တို့သည် ပုလဲများကို စားကြရပြီ။ စိတ်ပျက်ဝမ်းနည်းခြင်း၊ အားလျော့ခြင်း၊မြေပြင်ပေါ်၌ မျှော်လင့်ချက် အမြိုက်ပန်းများ ပွင့်လာကြလေပြီ။ အရှင် ယခုလို ကျေနပ်အားရ ပီတိသောမနဿ ဖြစ်နေသည့် အချိန်၌၊ ယခုလို မင်္ဂလာအပေါင်းနှင့် ပြည့်ဝနေသော နာရီ၌ အကျွန်ုပ်၏ ဤဘဝ အဆုံးသတ်သွားရပါစေသောဝ်..။

မဟာယောဂီသည် ပြုံးပြီး ရပ်နေတုန်းပင် ရှိသေးသည်။ ဘုရင်နှင့် မိဖုရားတို့သည် မဟာယောဂီ၏ ခြေစုံကို ဦးခိုက်လိုက်ကြသည်။ ထို့နောက် ထူးခြားသော ကုသိုလ်ကံပိုင်ရှင် စန္ဒနာကို မ ထူပြီးလျှင် အကျိုးအကြောင်း မေးမြန်း စုံစမ်းကြည့်နေသည်။ ထိုအခိုက် အဘိုးအိုတစ်ယောက် ရုတ်တရက် လူထုပရိသတ်ကြီး၏ကြားထဲမှ အတင်းတိုးဝှေ့ပြီး ရှေ့ရောက်အောင် တိုးထွက်လာသည်။

အဘိုးအိုသည် စန္ဒနာကို မ ထူလိုက်သည်။ ထို့နောက် ဝမ်းသာလုံးဆို့သွားပြီးလျှင် ငိုလိုငို၊ ကလိုကနှင့်။

"အမယ်လေး... ဘုရင့်သမီးတော် ဝသုမတီပါလား၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ကံတော်ကုန်သွားပြီဖြစ်တဲ့ မယ်တော်နဲ့ ခမည်းတော်တို့ ယနေ့ သုဂတိဘုံ ရောက်သွားကြပြီ။ စမ္ပာမြို့၏သမီးတော် အောင်မြင်မှုသရဖူ ဆောင်းသွားရပြီ"

mgyoe.com

mgyoe.com


"စမ္မာမြို့ သမီးတော်... ဟုတ်လား... ဘုရင် ဒမိဝါဟနၡ၏ ရင်သွေး ဟုတ်လား..."

အံ့သြခြင်းလှိုင်းတံပိုးသည် နေရာအနှံ့ ပျံ့နှံ့သွားသည်။

"ဟုတ်ပါတယ် အရှင်မင်းကြီး။ စမ္မာမြို့တော်ကို အရှင်မင်းကြီး ရှောင်တခင် တိုက်ခိုက်ပြီး လုယက်ဖျက်ဆီးပစ်ခဲ့တယ်။ အားချင်းမမျှတဲ့ စမ္မာမြို့တော်က တပ်ကို အဆမတန် အင်အားကြီးမားတဲ့ စစ်တပ်နဲ့ နှိမ်နင်းတိုက်ခိုက်ပြီး မတရားအနိုင်ယူခဲ့တယ်။ ဘုရင် ဒမိဝါဟနကို တိုက်ပွဲမှာ အဆုံးစီရင်ပစ်လိုက်တယ်"

"စမ္မာ မြို့သူ မြို့သား၊ မိန်းမ ယောကျ်ားများကို အရှင်မင်းကြီးရဲ့ ဥပဒေထုံးတမ်း အရ ဖမ်းဆီး ခေါ်ဆောင်လာပြီး ကျွန်ဈေးမှာ ရောင်းချပစ်တယ်။ အခုမိန်းကလေးက အရှင်မင်းကြီး နှိပ်စက်ချင်တိုင်း နှိပ်စက်လာခဲ့တဲ့ စမ္မာမြို့တော်က ဘုရင့်သမီးတော် ဝသုမတီ ဖြစ်ပါတယ် အရှင်မင်းကြီး..."

အဘိုးအိုး၏ စကားလုံးများထဲတွင် မီးတောက်မီးလျှံ အပြည့်ဖြစ်နေသည်ဟု ထင်ရသည်။

"ကျုပ် စမ္မာမြို့တော်ကို လုယက်ဖျက်ဆီးခဲ့တယ်ဆိုတာ အမှန်ပါပဲ။ အဲဒီလို လုပ်တာဟာ စစ်နိုင်ဘုရင်တစ်ပါးဖြစ်တဲ့ ကျုပ်ရဲ့ အခွင့်အရေးဖြစ်တယ်။ ကျုပ် စမ္မာ ဘုရင် ဒမိဝါဟနကို စစ်မြေပြင်မှာ နာလန်မထူနိုင်အောင် လုပ်ပြီး သုတ်သင်ရှင်းလင်း ပစ်လိုက်တယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီလိုလုပ်တာဟာ ကျုပ်တို့ ခတ္တိယနွယ်ဝင် ဘုရင်တွေရဲ့ ကျင့်ဝတ်ဖြစ်တယ်။ ဒါပေမဲ့ ကျုပ် စမ္မာဘုရင့်သမီးတော်ကို ဖမ်းဆီးမလာ ခဲ့တာ အမှန်ပဲ..."

နိုင်ငံတစ်နိုင်ငံကို အတင်းဓမ္မ ဝင်ရောက်သိမ်းပိုက်ပြီး လုယက်ဖျက်ဆီးပစ်တဲ့ ဘုရင်တစ်ပါးရဲ့ စစ်သည်တပ်သားများဟာ တကယ့်သူတော်ကောင်း အရှင့်အမာကြီး တွေ ဖြစ်နိုင်ပါ့မလား။

"မိဖုရားကြီး ဓာရိဏီနဲ့ သမီးတော် ဝသုမတီကို ဖမ်းဆီးခေါ်ဆောင်လာပါတယ်။ မိဖုရားကြီး ဓာရိဏီဟာ သူ့ဂုဏ်သိက္ခာကို ကာကွယ်ပြီး သေပွဲဝင်သွားတယ်။ သမီး တော် ဝသုမတီကိုတော့ ကျွန်ဈေးမှာ ကျွန်မအဖြစ် ရောင်းချပစ်လိုက်တယ်။ မိဖုရား ကြီး မိဂါဝတီဟာ သူ့ညီမတော် အရင်းခေါက်ခေါက်ဖြစ်တဲ့ ဓာရိဏီမိဖုရားရဲ့ သမီး တော်ကိုတောင် မေ့နေပြီလား။ ရုပ်ရည်ရူပကာနဲ့ မင်းစည်းစိမ်တို့က မိဖုရားကြီးကို လည်း အကန်းဖြစ်အောင် လုပ်ထားကြသလား"

"ဘာပြောတယ်။ ဝသုမတီ ဟုတ်လား။ ကျုပ်တူမကို ကျွန်ဈေးမှာ ရောင်းချ

mgyoe.com

mgyoe.com


ပစ်တယ် ဟုတ်လား..."

ပြောပြောဆိုဆို မိဖုရားကြီး မိဂါဝတီသည် ရှေ့ အတင်း တိုးထွက်လာပြီးလျှင် စန္ဒနာကို ဖက်လိုက်သည်။ အဒေါ်နှင့် တူမတို့သည် တစ်ဦးနှင့်တစ်ဦး လည်ချင်းယှဉ် ဖက်ထားကြသည်။ မိဖုရားကြီး မိဂါဝတီ၏ မျက်လုံးထဲတွင် မျက်ရည်ဝဲနေသည်။ သို့သော် ကမ္ဘာလောက၏ ဆက်စပ်မှု လျှို့ဝှက်ချက်ကို သိရှိနားလည်ထားပြီးဖြစ်သည့် စန္ဒနာကမူ မည်သို့မျှ တုန်လှုပ်ခြင်း မရှိပေ။ ပကတိ အနေအထားအတိုင်းသာ ရှိနေသည်။

အားလုံး၏နှုတ်မှ ယင်းကဲ့သို့ သံဝေဂအသံ ထွက်ပေါ်လာသည်။ ပရိသတ် လူထုကြားထဲက မဟာယောဂီ ဘယ်အချိန် ထွက်သွားသည်ဆိုသည်ကို မည်သူမျှ သတိမပြုမိလိုက်ပေ။ မဟာယောဂီသည် မျက်ရည်နှင့် မျက်ခွက်ဖြစ်ပြီး ဆင်းရဲဒုက္ခ အပြည့်ရှိနေသော လူ့လောကထဲက ယင်းကဲ့သို့ အမြဲတစေ ပျောက်ကွယ်သွားလေ့ ရှိသည်။

"ကျုပ်တို့ ဆွမ်းကို မဟာယောဂီ ဘာကြောင့် အလှူမခံသလဲဆိုတာ သိကြပြီ မဟုတ်လား"

အမတ်ကတော် နန္ဒာဒေဝီက ရှေ့တိုးပြီး ပြောလိုက်သည်။

"မဟာယောဂီက ကျုပ်တို့ရဲ့ အပြစ်ကို မျက်ဝါးထင်ထင် မြင်အောင် အခုလို ပြလိုက်တာဖြစ်တယ်။ သင်တို့ဟာ ကျွန်၊ ကျွန်မတွေကို တိရစ္ဆာန်တွေရဲ့ အခြေအနေ မျိုးထက် ဆိုးဝါးတဲ့ အခြေအနေမျိုးဖြစ်အောင် လုပ်ထားကြတယ်။ ဒီကျွန်တွေ၊ ကျွန်မတွေဟာ ဘယ်သူလဲဆိုတာ သင်တို့စဉ်းစားမိကြရဲ့လား။ ကျွန်လည်း လူပဲ၊ လူဖြစ်တဲ့အတွက် သူတို့လည်း လူတွေလို သုခနဲ့ ဒုက္ခ ခံစားတတ်ကြတဲ့ အသိရှိကြ တာပဲ"

"အမတ်ကတော် နန္ဒာဒေဝီ၊ အမတ်ကတော် ပြောတာ အလွန်မှန်ပါတယ်။ ဝသုမတီကို ကျုပ်သမီး စန္ဒနာကို ဆင်းရဲဒုက္ခရောက်အောင် လုပ်တဲ့တရားခံဟာ ကျုပ်ပဲ။ ကျုပ်ကို အပြစ်ဒဏ်ပေးကြပါ။

သူဌေးကြီး ဓနာဝဟသည် ရှေ့တိုးလာပြီးလျှင် တုန်တုန်ယင်ယင် ဖြစ်နေသော အသံကြီးနှင့် ပြောလိုက်သည်။ သူဌေးကြီးသည် ပန်းပဲဆရာသွားရှာနေသည့်အတွက် နောက်ကျပြီးမှ ရောက်လာသည်။ သို့ရာတွင် လူတွေ တစ်ယောက်တစ်ပေါက် ပြောနေကြသည့်အတွက် အကျိုးအကြောင်းကို အိတ်သွန်ဖာမှောက် သိရှိနားလည်

mgyoe.com

mgyoe.com


သွားသည်။

"အဖေ…၊ သမီးဟာ အဖေ့ခြေဖဝါးက မြူမှုန်ပါ။ သမီးဟာ အခုလည်းပဲ အဖေ့သမီး စန္ဒနာပါပဲ။ ဝသုမတီဆိုတဲ့ အမည်နာမကို သမီး မေ့ပစ်လိုက်ပါပြီ။ သမီး အခု ဘုရင့်သမီးတော် မဟုတ်တော့ပါဘူး။ အဖေတို့အိမ်မှာ အသစ်တစ်ဖန် ပြန်လည် မွေးဖွားလာရတဲ့သူပါ။ အမေမူလာရဲ့ ဝမ်းဗိုက်ထဲမှာ ပဋိသန္ဓေတည်လာ ခဲ့ရတဲ့သူပါ။ အဖေနဲ့ အမေမူလာရဲ့ ကျေးဇူးကို သမီး ဘယ်မှာ ပြန်ဆပ်နိုင်ပါမလဲ"

"စန္ဒနာ…၊ သမီးဟာ ကုသိုလ်ကံ အလွန်ထူးချွန်သူဖြစ်သွားပြီ"

"မဟာယောဂီဟာ အားလုံးကိုပဲ ကုသိုလ်ကံ ထူးချွန်သူဖြစ်အောင် လုပ်သွားတယ်။ ဘယ်သူ့ကိုဖြစ်ဖြစ် ကျွန်လုပ်ထားတာဟာ အင်မတန် ကြီးလေးတဲ့အပြစ် ဖြစ်တယ်။ ကျွန်ဘဝ၊ ကျွန်စနစ်ဆိုတာ လူသားရဲ့ကျိန်စာဖြစ်တယ်။ ကျွန်လည်းပဲ သင်တို့လို လူပဲ။ တစ်ခါတစ်ရံ သင်တို့ထက်တောင် မြင့်မြတ်သေးတယ်"

နန္ဒာဒေဝီက ဝင်ပြောသည်။

"အခုလိုပြောပြီး ဒီကျွန်လူတန်းစားတွေကို မြှောက်ထိုးပင့်ကော် မလုပ်ချင်ပါနဲ့။ မိန်းမတွေမှာ ဘယ်လောက် အသိဉာဏ်ရှိလို့လဲ။ ကျွန်တွေက ကျုပ်တို့ထက်ပဲ မြင့်မြတ်သေးသလား"

မင်းချင်းယောကျ်ား အဘိုးအိုတစ်ယောက်က မကျေနပ်သံနှင့် ပြောလိုက်လေ သည်။

"မြင့်မြတ်တယ်၊ အကြိမ်တစ်ရာလောက်တောင် မြင့်မြတ်သေးတယ်။ မိမိတို့ ချမ်းသာသုခအတွက် သူတစ်ပါးကို ဒုက္ခပေးတဲ့ လူကတော့ ယုတ်ညံ့တဲ့ပုဂ္ဂိုလ်ဖြစ် တယ်။ ဘုရားရှင် မိန့်ဆိုထားတာ ရှိတယ်။ ကြမ်းတမ်းတဲ့ စကားကို ပြောတဲ့လူ၊ ရက်စက်တဲ့အပြုအမူကို ပြုလုပ်တဲ့သူဟာ လောကထဲမှာ မလွဲမသွေ တန်ပြန်ခံရတယ်။ ကုန်ရောင်းကုန်ဝယ် လုပ်တဲ့အတိုင်းပဲ။ ပေးသလောက်ရမှာပဲ"

ဝိဇယာက ကက်ကက်လန် ပြန်ပြောပြီးလျှင် စန္ဒနာနား တိုးကပ်သွားပြီးလျှင် လည်ချင်းယှဉ် ဖက်လိုက်သည်။

"ညီမ၊ ညီမဟာ ကုသိုလ်ကံထူးတယ်။၊ ညီမလိုသာ မဟာယောဂီရဲ့ ချီးမြှောက် မှုမျိုးရမယ်ဆိုရင် တစ်ကြိမ်မကဘူး၊ အကြိမ်တစ်ရာတောင် ကျွန်လုပ်လိုက်ချင်သေး တယ်"

သို့သော် ကမ္ဘာလောကရှိ လူများသည် တစ်သဘောတည်း မဟုတ်ကြပေ။

mgyoe.com

ဆန္ဒအမျိုးမျိုး၊ သဘောထား အထွေထွေ ရှိကြသည်။ နေကို နေ့၏ ဘုရင်အဖြစ် သတ်မှတ်ခြင်းကို မရောင်ရာ ဆီလူးနေသည်ဟူ၍ ပြောကြပေလိမ့်မည်။ ထိုနည်း အတိုင်းပင် ယခုကိစ္စကိုလည်း အသေးအဖွဲကိစ္စလေးကို ရေးကြီးခွင့်ကျယ် လုပ်နေသည် ဟူ၍ ထင်ကြသူများလည်း ရှိသည်။ မိန်းမတွေ အရေးပါနေသည့် နေရာ၌ ထိုနည်း အတိုင်းပင် ဖြစ်မည်ဟူ၍ သူတို့က အထင်ရှိကြသည်။ ထိုအခိုက် သတင်းတစ်ရပ် ပျံ့လာသည်။ အနုပညာခန်းမဆောင်ကြီး ဆောက်၍ပြီးစီးသွားပြီဟူသော သတင်း ဖြစ်သည်။ ဘုရင်မင်းကြီး ကြည့်ရှုစစ်ဆေးနိုင်ပြီ။

ထိုသတင်းကို ဘုရင် သတာနိကအား နားတော်လျှောက်ထားလိုက်ကြ၏။ ဘုရင်မင်းကြီးသည် အမတ်ကြီးအား အမိန့်ပေးလိုက်သည်။

"အမတ်ကြီး... ကျုပ် အနုပညာခန်းမဆောင်ကို သွားကြည့်လိုက်ဦးမယ်။ ကျုပ်နောက် တစ်ယောက်မှလိုက်ခဲ့ဖို့ မလိုဘူး။ နန်းတော်က ရောက်လာကြတဲ့ မိဖုရားနဲ့ နန်းတွင်းသူတွေကို အမတ်ကြီး နန်းတော်ကိုပြန်ပို့ပေးဖို့ တာဝန်ယူစေချင် တယ်"

စကားစမြည် ပြောနေကြသော စန္ဒနာ၊ မိဂါဝတီ၊ နန္ဒာ၊ ဝိဇယာ စသည်တို့ကို ပစ်ထားခဲ့ပြီးလျှင် ဘုရင်မင်းကြီးသည် အနုပညာခန်းမဆောင်ရှိရာသို့ ထွက်သွား သည်။

စကားအမျှင် မပြတ်သေးသည့် လူစုလူဝေးကြီးကို ပစ်ထားခဲ့ပြီးလျှင် ပုဂ္ဂိုလ် နှစ်ဦးသည် မိမိတို့ဆန္ဒရှိရာ လမ်းသို့ထွက်လာခဲ့ကြသည်။

တစ်ဦးမှာ ယောဂီဖြစ်သည်။ ယောဂီသည် တောဝနာသို့ ထွက်ခွာသွားသည်။

တစ်ဦးကား ဘုရင်ဖြစ်သည်။ ဘုရင်သည် အနုပညာခန်းမဆောင်သို့ ထွက်သွား သည်။

လမ်းကလည်း တစ်လမ်းစီ၊ ခရီးသည်ကလည်း တစ်ဦးစီ။ လမ်းဆုံးမှာမူ တစ်ခုတည်းသာ ဖြစ်ရမည်။ ဘုရင်လည်း ယောဂီ၊ ယောဂီလည်း ဘုရင်။ သို့သော် ကမ္ဘာလောကကမူ မာယာများလှသည် မဟုတ်လား...။

❐

mgyoe.com

mgyoe.com


# အဝိဇ္ဇာအမိုက်မှောင်

သတာနိကဘုရင်မင်းကြီးသည် ယနေ့ အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားပြီးလျှင် အနုပညာခန်းမဆောင်ကြီး၏ တံခါးကို လာခေါက်နေသည်။ တံခါးစောင့်သည် အပြေးကလေးသွားပြီးလျှင် ဝသတိုင်းဘုရင်မင်းကြီး ကြွလာသည့်အကြောင်း သတင်းပို့လိုက်သည်။

ယမန်နေ့ကပင် ပန်းချီကားကြီးကို အပြီးသတ်လိုက်သည်။ ပန်းချီကားကို အပြီးသတ် အချောကိုင်ပြီးသောအခါ အိမ်ပြန်ပြီး တစ်ရေးတစ်မော အိပ်နေသည်။ ဘုရင်မင်းကြီးသည် ငါ့ကို မင်္ဂလာဆင်တော်နှင့် အခေါ်လွှတ်လိမ့်မည်။ ထီးသုံးနန်းသုံး အဝတ်အစားကို ဆောင်ကြဉ်းပြီးလျှင် မင်းမှုထမ်းများ ငါ့ကို ကောင်းချီးပေးရန် ရောက်လာကြလိမ့်မည်။ အဖိုး အလွန်ထိုက်တန်သော ထီးသုံးနန်းသုံး အဝတ်အစားများကို ဝတ်စားဆင်ယင်ပြီးလျှင် မင်္ဂလာဆင်တော်ပေါ်က ရွှေကုန်းနှီးပေါ် ထိုင်လျက် ငါ ကောသမ္ဗီ တစ်မြို့လုံး လှည့်ပတ်၍ နန်းတော်ကို သွားမည်။ နန်းတော်တစ်ခုလုံး ငါ့အနုပညာစွမ်းအင်ကို ချီးကျူးမဆုံး ဖြစ်နေကြလိမ့်မည်။ ငါ၏ အနုပညာလက်ရာကို ကြည့်ပြီး လူတွေ မှင်တက်မိနေကြလိမ့်မည်။ သတာနိက ဘုရင်မင်းကြီးသည် ရွှေတွေပုံပေးပြီး ငါ့ကို မချီးမွမ်းဘဲနေမည်မဟုတ်ပေ။ အလှဧကရီ မိဂါဝတီ မိဖုရားကြီးလည်း ချွတ်စွပ်တူသည့် သူ့ရုပ်ပုံကို ကြည့်ပြီး ငါ့ကို ကျေးဇူးတင်မဆုံး ဖြစ်နေပေလိမ့်မည်။ ငါ၏ဘဝအောင်မြင်မှုရရှိတော့မည်။ ငါ၏အနုပညာ စံတော်ဝင် ဖြစ်သွားတော့မည်။ ကျန်ရှိသေးသည့် ငါ၏ဘဝသည် ရွှင်လန်းချမ်းမြေ့စွာဖြင့်ပင်

mgyoe.com

mgyoe.com


ကုန်ဆုံးသွားနိုင်တော့မည်။ ဘုရင် အကြိုက်တွေ့သွားပါက ဘာမဆို လိုတာရဖို့ မခဲယဉ်းတော့။ ပန်းချီဆရာ စိတ်ကူးယဉ်နေသည်။

ဝသဿ ဘုရင်မင်းကြီးသည် အားတက်သရော အနုပညာ ခန်းဆောင်ကြီး၏ တံခါးကို ခေါက်နေသည်။ အနုပညာခန်းဆောင်မှူးသည် အမှုမဲ့အမှတ်မဲ့နေရင်းက ဘုရင်မင်းကြီး ကြွလာသည်ဆိုသည့် သတင်းရသောအခါ အူယားဖားယား ပြေးလာသည်။ ဘုရင်မင်းကြီးသည် အဆောင်မှူးဖွင့်နေသည်ကို စောင့်မနေတော့ဘဲ သူကိုယ်တိုင် တံခါးကို တွန်းဖွင့်လျက် အနုပညာခန်းဆောင် အလယ်ခန်း ရောက်လာသည်။ မိဖုရားကြီးသည် ဘုရင်မင်းကြီးအရင် ထိုနေရာရောက်ရှိပြီး ရှက်ကိုးရှက်ကန်းနှင့် ရပ်နေသည်။ မိမိ၏ အလှတုံး အလှခဲ ဘဝကြင်ဖော်ကို အတင်း ပြေးဖက်လိုက်ချင်သည့်စိတ် ဘုရင်မင်းကြီးတွင် ပေါ်လာသည်။ ပန်းချီဆရာသည် ဘယ်လောက်ချွတ်စွပ်တူသည့် ရုပ်ပုံကို ဆွဲထားသနည်း။ မင်္ဂလာဦးညက တွေ့ရသော မိဖုရားကြီးအတိုင်း ထင်နေရသည်။

ပျိုမျစ်မှုသည် ကြွရွနေသည်။ ပြုံးနေသည့် မျက်လုံးတွင် ညှို့ဓာတ်အပြည့် ရှိနေသည်။ ရွှေချည်ထိုးထားသော အင်္ကျီ၊ တစ်ရာ့ခြောက်လလောက် အချိန်ယူပြီး လက်မှုပညာသည် ရက်ထားသော အဖိုးမဖြတ်နိုင်သည့် ဝတ်ရုံ၊ အရောင်က ရွှေရောင်နှင့် ပန်းဝတ်မှုန် ရောင်ပြေး၊ ရတိနတ်သမီးကိုပင် အရှက်ရသွားစေလောက်သည့် ဝတ်ရုံတွင်းမှ ထင်းခနဲ ပေါ်နေသည့် ခန္ဓာကိုယ်အင်္ဂါအစိတ်အပိုင်းများ၊ ကြာရိုးကြာစွယ် ကဲ့သို့သော ခြေထောက်နှစ်ဖက်၊ ဦးခေါင်းပေါ်မှ လျှောကျနေသော မဟူရာရောင်ပဝါ။ မို့မောက်နေသော ရင်သားပေါ်၌ ရတနာတစ်ခုကို ဖုံးဖိ ကာကွယ်နေသလို ထင်ရသည့် ရင်သားနှစ်မြွာ၊ မြွေပါးပျဉ်းကဲ့သို့ ယိမ်းနွဲ့လှုပ်ရှားနေသော နဂါးပတ်ကျော့ကွင်းနှင့် တူသည့် ဆံမြိတ်။

"ဟော့ ဘယ်သူရှိလဲ၊ လာစမ်း"

ဘုရင်မင်းကြီး အသံပြုလိုက်သည်။

"အမိန့် နာခံလျက်ပါ အရှင်မင်းကြီး"

"သွားစမ်း မင်္ဂလာဆင်တော်ကို လွှတ်လိုက်။ ထီးနန်းသုံး ဝတ်စားတန်ဆာတွေကို ပေးပြီးတော့ ယက္ခနတ်ကွန်းက ပန်းချီဆရာကို အခုချက်ချင်း နန်းတော်ခေါ် လာခဲ့။ ဒီကနေ့ ဝသဿဘုရင်ရဲ့ ဝါဆိုလ မိုးတိမ်နဲ့တူတဲ့ စေတနာ ဒလဟော ရွာချလိမ့်မယ်။ ဒီကနေ့ ဝသဿဘုရင်ရဲ့ ရက်ရောမှုကို ဇမ္ဗူဒိပ်တစ်ကျွန်းလုံး မျက်လုံးဖွင့်ကြည့်ရလိမ့်မယ်"

mgyoe.com

mgyoe.com


"ဒီကနေ့တော့ စန်းထကြဦးတော့မှာပဲ"

မင်းမှူထမ်းသည် မကြားတကြား ရေရွတ်လျက် ဘုရင့်အမိန့် လိုက်နာဆောင်ရွက်ရန် ထွက်သွားသည်။ ဝသဘုရင်သည် မရောင့်ရဲနိုင်သော အကြည့်ဖြင့် ထူးခြားမှုအပြည့်ရှိသော ပန်းချီကားကို ငေးစိုက်ကြည့်နေသည်။ ခန္ဓာကိုယ်အစိတ်အပိုင်း တစ်ခုစီ တစ်ခုစီသည် ထွင်းဖောက်မြင်ရလောက်အောင် ပါးလွှာသော အဝတ်အစားထဲက တိတ်တဆိတ် ခေါင်းပြူထွက်လာပြီးလျှင် ရှုစားသူ၏ စိတ်နှလုံးကို ဖမ်းစားနေကြသည်။ တကယ်မဟုတ်သည့် ယင်းကိုယ်ခန္ဓာအစိတ်အပိုင်းများကို ထိကိုင်ရသည်ကိုပင် နတ်ချမ်းသာတစ်မျိုး ခံစားရသလို အထင်ရှိနေသည်။

အနုပညာခန်းဆောင်ကြီး၏ နေရာအသီးသီး၌ လက်မှုပညာနှင့် အနုပညာလက်ရာအမျိုးမျိုး ရှိနေကြသည်။ ရေတံခွန် ဖြာထွက်နေသော ရေပန်းပွားများသည် အအေးကို ဖြန့်ပေးနေသည်။ ခန်းဆောင် တစ်ခုလုံး၏ ရုပ်ပုံကို ထင်းခနဲဖြစ်အောင် ဖော်ပြနေသော ကြေးမုံကြီးများကိုလည်း တပ်ဆင်ထားသည်။ အလှကို သရုပ်ဖော်ထားသည့် အနုပညာလက်ရာများလည်း ဟိုနေရာသည်နေရာတွင် ရှိနေသည်။ ထွင်းဖောက်မြင်ရသည့် ရောင်စုံမှန်များ အတွင်း၌ကား ဘုရင်နှင့် မိဖုရားတို့၏ သီဟာသနပလ္လင်များကို ပြထားသည်။

စားဖွယ်သောက်ဖွယ်များဖြင့်လည်းကောင်း၊ မျက်စိအာရုံကို ဆွဲဆောင်ဖမ်းစားနိုင်သော သိင်္ဂါရ ရသ အနုပညာလက်ရာများဖြင့်လည်းကောင်း ခန်းဆောင်တစ်ခုလုံး အပြည့်ဖြစ်နေသည်။ ဘုရင့်သမားတော်ကြီးများကလည်း အဖိုးထိုက်၊ အဖိုးတန်ဆေးအစစ်၊ ဆေးသေတ္တာများကို အဆင်သင့် စီမံထားပေးသည်။ နန္ဒဝန်ဥယျာဉ်၏ နွေဦးရာသီ မလယတောင်မှ တိုက်ခတ်လာသော လေပြည်လေညင်း၊ အနောတတ်အိုင်မှ ပါးလွှာသော လှိုင်းကလေးများ အားလုံးပင် ထိုနေရာ၌ ရှိနေကြသည်။

ဘုရင်နှင့် မိဖုရားသည် ပုရာဏ် ကျမ်းဂန်များ၌ ဖွင့်ဆို ရေးသားထားသော ကာမဂုဏ်အာရုံမျိုးမျိုးကို ဤနေရာ၌ တကယ်လက်တွေ့ ခံစားစံစားပြီး ဤပထဝီမြေကြီးပေါ်နေရင်းက နတ်ချမ်းသာရရှိနေကြသည်။

စည်းစိမ်ခံစား စံစားစရာ ဘာမဆို အားလုံးအဆင်သင့်ရှိနေသည်။ ပလ္လင်ရှိသည်။ ဆီမွှေးနံ့သာ အပြည့်ထည့်ထားသော ဆီမီး၊ ရနံ့သင်းကြိုင်နေသော ပန်းအိုးများနှင့် ရွှေမီးတိုင်များအပြင် ဆင်စွယ်လှောင်အိမ်ထဲက ကျေးငှက်သာရကာများကလည်း 'ကာမဆုတ္တရ' ရွတ်ဆိုနေကြသည်။

mgyoe.com

mgyoe.com

ဝဿဘုရင်သည် ပန်းချီကားကို အနီးကပ် ကြည့်လိုက်သည်။ လပြည့်ဝန်းကဲ့သို့သော မျက်နှာ၊ ယစ်မူးနေသော မျက်လုံး၊ ကြာရိုးတံကဲ့သို့ နှာတံ၊ ညို့ဓာတ်ရှိသည့် ကျောက္ကွင်းနှင့်တူသော နွဲ့နှောင်းသည့် လက်မောင်း၊ မျက်လုံးကို မကြာခဏ တောက်ပအောင်ပြုတတ်သော မူးယစ်ခြင်းအပြည့်ရှိသည့် မျက်ခုံး၊ ခရုသင်းနှင့်တူသော လည်တိုင်၊ ဘယ်ယောကျ်ားမဆို မိန်းမောသွားစေသည့် ခန္ဓာကိုယ် အစိတ်အပိုင်းများ၊ ခြင်္သေ့၏ ခါးကဲ့သို့ သေးသွယ်သော ခါး၊ ခါးတွင် ပတ်ထားသော နဂါးနှင့် တူသည့် ခါးစည်း၊ မပွင့်တပွင့် အောက်ပိုင်းဝတ်ရုံ။ ထိုမှတစ်ပါး။

ဝဿဘုရင်၏ မျက်လုံးအစုံသည် အလှအမြိုက်သုဓာကို အငမ်းမရ သောက်သုံးနေသည်။ ယင်းကဲ့သို့သော တစ်လောကလုံးကို စွဲမက်စေမည့် အလှမျိုး မိမိ၏နန်းတွင်းဆောင်၌ ရှိနေခြင်းအတွက် ဂုဏ်ယူမဆုံး ဖြစ်နေသည်။ ဇမ္ဗူဒိပ်ကျွန်းရှိ ထီးဆောင်းမင်းများ မိမိနန်းဆောင်၏အသရေကို တစ်ခါတစ်ခေါက် အရောက်လာကြည့်စေချင်သည်။ သူတို့၏ စည်းစိမ်ချမ်းသာသည် ရယ်စရာမျှလောက်သာ ဖြစ်ဟုထင်မြင်သွားပေလိမ့်မည်။ မိမိတို့၏ နန်းဆောင်ကို မိမိတို့ကိုယ်တိုင် မီးရှို့လျက်ရသေ့ရဟန်းပြုလုပ်ပြီးလျှင် နောင်တမလွန်ဘဝ၌ ငါ၏ စည်းစိမ်ချမ်းသာမျိုးရရှိခံစားရန်အတွက် သူတို့ တရားအကျင့် ကျင့်သုံးကြပေလိမ့်မည်။

ယက္ခနတ်ကွန်းက ပန်းချီဆရာ ရာဇသေခရသည် အံ့မခန်း အနုပညာစွမ်းကိုပြလိုက်သည်။ ပန်းချီရုပ်ပုံတွင် ဝတ်ရုံကိုမူ ဝတ်ပေးထားသည်။ သို့ရာတွင် ဝတ်ရုံကိုအတွင်းဘက် ဖောက်မြင်နိုင်လောက်အောင် ဆေးပါးပါးကလေးဖြင့် မှုန်းထားသဖြင့်မိဖုရားကြီး၏ ပြေပြစ်အချိုးကျသော ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုလုံး အထင်းသားဖြစ်နေသည်။ မိဖုရားကြီး၏ ခန္ဓာကိုယ်အစိတ်အပိုင်းမှာ ဘယ်လိုပုံစံမျိုးနည်း။ မပိန်မဝ၊ မကြီးမငယ် အနေတော်ဖြစ်သည်။ ဗျာကရဏ်းဆရာတစ်ဦး အထူးဂရုစိုက်၍ဝါကျ စီကုံးထားသကဲ့သို့လည်းကောင်း၊ ကဗျာဆရာတစ်ဦး နဘောကာရန် ရောလျက်ကဗျာရေးသား ဖွဲ့နွဲ့ထားသကဲ့သို့လည်းကောင်း ပန်းချီဆရာသည် ဤရုပ်တုပုံကဗျာကို ခြယ်မှုန်းထားသည်။

ဘုရင်မင်းကြီးသည် စာပဟောဆရာ ပညာရှင် သုခမိန်ကြီး၏ အဆိုအမိန့်ကိုသတိရလာပြီးလျှင် ပန်းချီကားကို ရှုမဝဖြစ်နေသည်။ ငှက်ပျောတိုင်ကဲ့သို့ ကျစ်လျစ်ချောမွေ့သော ပေါင်သားအပေါ် မျက်စိသက်ရောက်သွားသည်။ မှင်တက်မိသွားစေနိုင်လောက်သည့် ခဏဖြစ်သည်။ ကဗျာဆရာတို့၏ ဥပမာများနှင့် လင်္ကာဆရာတို့၏

mgyoe.com

mgyoe.com
ရသပညာများသည် ဤနေရာ၌ အရောင်မှိန်သလို ဖြစ်သွားကြသည်။ ဤပြုံးဘက်ကင်းကိုယ်ခန္ဓာအစိတ်အပိုင်းများကို လိုက်ဖက်လျော်ကန်သည့် စကားလုံးများဖြင့် ဖွဲ့နွဲ့နိုင်သည့် ကဗျာဆရာ ဘယ်မှာရှိမည်နည်း။

ဘုရင်မင်းကြီး ရှေ့တိုးသွားသည်။ ရုတ်တရက် ပန်းချီကား၏ အောက်ပိုင်း၌ အမည်းစက်ကလေးနှစ်စက် ဘယ်ကရောက်လာသနည်း။ ခဏမဆိုင်းပင် သူ၏ အမြင်နှင့် သူ၏အသိသည် ထက်မြက်စူးရှသွားသည်။ အလို ဤအစက်ကလေးနှစ်စက်သည် ငါ၏ချစ်သူ ကြင်ရာမိဖုရားကြီး၏ ပေါင်က မှဲ့ကလေး နှစ်ခုပါလား။ အလှ၏ ဖုံးကွယ်ရာ၌ရှိနေသော လျှို့ဝှက်ချက်ဖြစ်သည်။ မိဖုရားကြီး၏ ပေါင်က မှဲ့ကို ဤပန်းချီဆရာ ဘယ်လိုလုပ်သိသနည်းဟူသော အတွေးသည် ဘုရင်မင်းကြီးတွင် ရုတ်ခြည်းပေါ်လာသည်။

ဝဿဘုရင်မင်းကြီး တန့်သွားသည်။ လွန်လွန်ကဲကဲ အာရုံစံစားသော ဘုရင်မင်းကြီးသည် အာသာရမ္မက်ဖုံးလွှမ်းနေသော စိတ်နှလုံးဖြင့် ဤကိစ္စကို ဆင်ခြင်ကြည့်သည်။ မိမိ၏ သေးငယ်သည့် ကိုက်တံကလေးဖြင့် ကမ္ဘာလောကကြီးကို တိုင်းထွာကြည့်သည်။ မိမိ၏ တစ်ထွာတစ်မိုက်မျှသောဉာဏ်ဖြင့် အခြေအနေကို သုံးသပ်ကြည့်သည်။

ပန်းချီကားမှာမူ သူ့နေရာ၌သာ သူ ရှိနေသည်။ သို့သော် ဘုရင်မင်းကြီး၏ စိတ်နှလုံးကား စိတ်ကူးဝဲဂယက်ထဲတွင် တဝဲလည်လည် ဖြစ်နေသည်။ အနီး၌ရှိသော ကြေးမုံပြင်ထဲတွင် သူ့ရုပ်ကို သူ ပြန်ကြည့်သည်။ ထို့နောက် မိဖုရားကြီး၏ ရုပ်ပုံပန်းချီကားကို ကြည့်သည်။ မိဖုရားကြီး၏ ရုပ်ရည်နှင့် သူ့ရုပ်ရည်ကို နှိုင်းယှဉ်ကြည့်သည်။ ဘယ်လောက်ပင် ပြင်ဆင်မွမ်းမံထားသော်လည်း ငါ၏ရုပ်ရည်သည် ဘယ်လောက် စက်ဆုပ်စရာ ကောင်းနေသနည်း။ ကာမဂုဏ်အာရုံ ခံစားစံစားလွန်းလှသဖြင့် မျက်နှာတွင် အရှိန်အဝါမဲ့နေသည်။ ပြာနှင့် အားတိုးဆေးတို့ကို စားပြီး ရရှိလာသည့် စွမ်းအားသည် ချက်ချင်းတောက်လောင်ပြီး မီးသွေးဖြစ်သွားသော အရာဝတ္ထုကဲ့သို့ မီးသွေးမှုန့်များကိုသာလျှင် အရပ်ထက်ဝန်းကျင်တွင် ဖြန့်ပေးနိုင်သည်။ ခန္ဓာကိုယ်သည် အင်အားဆုတ်ယုတ်သွားသဖြင့် ဒယိမ်းဒယိုင် ဖြစ်နေပြီ။ ဤခန္ဓာကိုယ်သည် ထပ်ကာထပ်ကာ မီးမွှေးပါသော်လည်း မီးငြိမ်းသွားသော စိုထိုင်းထိုင်းမီးဖိုအတိုင်းသာလျှင် ဖြစ်နေသည်။

"ငါက လကွယ်နေ့ ည အမိုက်မှောင်၊ သူက လပြည့်နေ့ ည လရောင်၊ ငါက
mgyoe.com

mgyoe.com
မိဖုရားကြီး၊ မိဖုရားငယ်တွေနဲ့ အတူတူနေတဲ့အတွက် ကျိုးပဲ့ကြေမွနေတဲ့ မှန်ကွဲနဲ့ တူနေပြီး သူ့ရုပ်ရည်ကတော့ လဆန်းရက်လလို ထွန်းပပြောင်လက်နေတဲ့ ကျောက်သလင်းနဲ့တူနေတယ်။ ငါက သူ့ကို ရောင့်ရဲမှုမရှိပေမဲ့ သူက ငါ့ကို ရောင့်ရဲမှုရှိပါ့မလား...”

ငြိမ်းချမ်းနေသော နယ်မြေ၌ ရုတ်တရက် မယုံသင်္ကာမီးတောင်ကြီး ပေါက်ကွဲသွားသည်။ ဝဿဘုရင်၏ အာသာရမ္မက် ပြည့်လျှမ်းနေသော စိတ်နှလုံးသေတ္တာ၌ ပိတ်ထားသော သံသယ မြေဖုတ်ဘီလူးတို့သည် သေတ္တာအဖုံးပွင့်သွားသည်နှင့် တစ်ပြိုင်နက် နိုးကြားထကြွလာကြပြီးလျှင် မြွေမကြီး သူ့မြွေပေါက်ကလေးများကို စားပစ်သကဲ့သို့ စိတ်နှလုံးကို ကုတ်ဖဲ့စားပစ်ကြသည်။ စာဟောဆရာ သုခမိန်ပညာရှိကြီး ရွတ်ပြသည့် ဂါထာတစ်ပုဒ်ကို ဘုရင်မင်းကြီး သတိရလာသည်။

‘ဣတ္ထိစရိယံ ပုရုသဿ ဘဂ္ဂံ၊ ဒေဝေါနဇာနာတိကုတော မနုဿ’

မိန်းမ၏ အကျင့်စာရိတ္တနှင့် ယောကျ်ား၏ကံကြမ္မာကို နတ်ဒေဝတာပင် မသိနားမလည်လျှင် လူတို့သည်ကား ဘယ်မှာ သိရှိနားလည်နိုင်မည်နည်း။

ဘုရင်မင်းကြီး၏ အတွေးလှိုင်းတံပိုးများ ထကြွလှုပ်ရှားလာသည်နှင့်အမျှ သူ့စိတ်နှလုံးထဲတွင် ကိန်းအောင်းနေသည့် အမျက်ဒေါသသည်လည်း ပြင်းထန်ကြီးမားလာသည်။ ပြဿနာအရှုပ်အထွေးသည် ဘုရင်မင်းကြီး၏ စိတ်နှလုံးကို မခံချိမခံသာ ဖြစ်နေအောင် ဆွပေးနေသည်။

ကာမဂုဏ် ကြီးသူသည် ကာမဂုဏ်အမြင်ဖြင့်သာလျှင်၊ လောဘကြီးသူသည် လောဘအမြင်ဖြင့်သာလျှင်၊ စည်းစိမ်ရှင်သည် စည်းစိမ်ဥစ္စာ အမြင်ဖြင့်သာလျှင် ကမ္ဘာလောကကို တိုင်းထွာသုံးသပ်သည်။ ယောဂီ၏အမြင်၌ မိန်းမအလှသည် ဘယ်လောက်ပင်လှလှ၊ ဘယ်လောက်ပင်ချောချော ရုပ်ဆောင်သည့် အပုပ်ကောင်မျှသာ ဖြစ်သည်။ ယင်းနှင့် ဆန့်ကျင်ဘက်အားဖြင့် စည်းစိမ်ရှင်သည် စည်းစိမ်ချမ်းသာ လောက၌ အစါခပ်သိမ်း အသစ်အဆန်းကိုသာ ရှာဖွေသည်။ ချုပ်တည်းမှု (သို့မဟုတ်) စင်ကြယ်မြင့်မြတ်မှု သဘောတရားများ ကမ္ဘာလောက၌ ရှိသည်ဟူ၍လည်းကောင်း၊ ထိုသဘောတရားများကို လိုက်နာကျင့်ကြံရသည်ဟူ၍လည်းကောင်း စည်းစိမ်ရှင် အနေဖြင့် ယောင်၍ပင် မတွေးမိပေ။ ဆာလောင်မွတ်သိပ်နေသူသည် မစားသင့် မစားအပ်သည့်အရာကိုဖြစ်စေ စားရသည်ဟူ၍ စည်းစိမ်ရှင်တို့က ယူဆကြသည်။ ဘယ်လောက်ပင် ဆာလောင် မွတ်သိပ်နေနေ မစားသင့်၊ မစားအပ်သည့်အရာကို မစားရဟူသောအချက်ကို သူတို့ နားမလည်ကြ။
mgyoe.com

mgyoe.com

ဘုရင်မင်းကြီးသည် နက်လှစွာသော အတွေးချောက်ကြီးထဲ လိမ့်ကျသွားသည်။ သျှတ္တရကျမ်း၌ ပါသော အဆိုတစ်ခု သတိရလာပြန်သည်။

အလှနှင့်အရွယ် တက်တုန်း၊ ကြွတုန်း မိဖုရားကြီး မိဂါဝတီသည် ငါ့လို ရှုံ့နာရှိုက်ကုန်း လင်ယောကျ်ားတစ်ယောက်မျှနှင့် ကျေနပ် အားရနိုင်ပါမည်လား။

သနားစရာ ဘုရင်ကြီးခမျာသည် ဂဏန်းသင်္ချာ စက်ရဟတ်အတွင်း၌ ဖမ်းမိနေရှာသည်။ အပေါင်းအနုတ် ဂဏန်းသင်္ချာဖြင့် လင်မယားဂဏန်း တွက်ချက်ကြည့်နေသည်။ မိဂါဝတီသည် ငါ၏အချစ်ကို အလွဲသုံးစားလုပ်ပစ်သည်။ ယခုလိုရုပ်ဖြောင့် သည့် ပန်းချီဆရာလို ယောကျ်ားမျိုးနှင့် တွေ့ရလျှင် အဘိုးအိုတစ်ယောက်၏ မယား အဘယ်မှာ မဖောက်ပြားဘဲ နေမည်နည်း။ အကယ်၍ မိဂါဝတီ မဖောက်ပြားလျှင် သူ့ပေါင်တွင်ရှိသော ဖုံးကွယ်ထားသည့် မှဲ့ကို ပန်းချီဆရာ ဘယ်လိုလုပ် သိမည်နည်း။

ဝဿဘုရင်၏မျက်လုံးတွင် မီးတောက်မီးလျှံ တောက်လောင်လာသည်။

ထိုအခိုက် တံခါးစောင့်က ခန်းဆောင်အတွင်း ဝင်လာပြီး....

"အရှင်မင်းကြီး၊ ပန်းချီဆရာ ရောက်လာပါပြီ" ဟူ၍ အကြောင်းကြားသည်။

"ဒီအယုတ်တမာရဲ့မျက်နှာကို ငါ မကြည့်ချင်ဘူး။ သွား... သူ့ကို ခေါ်သွားပြီး အချုပ်ခန်းထဲမှာ ထည့်ထားလိုက်။ နက်ဖြန်နေ့လယ် တရားရုံးမှာ သူ့ကို တရားစီရင်မယ်။ သူ့ခေါင်းပေါ်မှာ အင်မတန် ကြီးလေးတဲ့ ပြစ်မှုကြီးတစ်ခု မြွေဟောက်လို ပါးပျဉ်းထောင်နေတယ်"

တံခါးစောင့် မျက်လုံးပြူးသွားသည်။ တစ်ခဏအတောအတွင်း၌ပင် ဘယ်လို အပြောင်းအလဲ ဖြစ်သွားသနည်း။ ယခု မကြာခင်လေးမှာပင် ထီးနန်းအဆောင်အယောင်ဖြင့် ဂုဏ်ပြုရမည်ဟူ၍ အမိန့်ချမှတ်ထားသူတစ်ယောက်ကို ယခု အကျဉ်းချထားရမည်ဟူ၍ အမိန့်ပေးပြန်သည်။ ခေါင်းပေါင်း ပေါင်းပေးရမည်ဟူ၍ အမိန့်ပေးပြီးကာမှ ဦးခေါင်းကို ဖြတ်ပစ်လိုက်ရမည်ဟူ၍ ထပ်ပေးသည့် အမိန့်။ သို့ရာတွင် တံခါးစောင့်သည် 'ဘုရင်၏ ငုံ့ညွှာထောက်ထားမှုသည် ပင်လယ်သမုဒ္ဒရာလှိုင်းကဲ့သို့ လှုပ်ရှားသည်' ဟူသော အဆိုအမိန့်တစ်ခုကို သိရှိနားလည်ထားသည်။ ထို့ကြောင့် ဘုရင့်အမိန့်ကို လိုက်နာရမည်ဟူသော အသိဝင်လာသည်။ သို့ရာတွင် ထင်ရှားပြတ်သားစေရန်

"အရှင်မင်းကြီး...၊ နတ်ကွန်းက ပန်းချီဆရာကို ခြေထိတ်ခတ်ထားရမလား" ဟူ၍ မေးလိုက်လေသည်။

mgyoe.com

mgyoe.com

"အေး၊ သွား... နည်းနည်းကလေးမှ မလှုပ်နိုင်၊ မရွေ့နိုင်အောင် ခြေထိတ်ခပ်ကျပ်ကျပ် ခတ်ထားလိုက်။ ကမ္ဘာလောကမှာ သူနေရလှ တစ်ရက်၊ နှစ်ရက်ပဲ။ အင်မတန်ကြီးလေးတဲ့ ပြစ်မှုကြီးကို ကျူးလွန်ထားတယ်။ ကမ္ဘာလောကကြီးအတွက် အလကား ဆန်ကုန်မြေလေးပဲ"

မင်းမှုထမ်း မင်းခစားများကို တိုတိုတုတ်တုတ် ပြောလေ့ရှိသော ဘုရင်မင်းကြီးသည် ယင်းစကားဝါကျကို မိမိကိုယ်တိုင်ကို ပြောနေသလား (သို့မဟုတ် ) မင်းမှုထမ်းများကို ပြောနေသလားဟူသည့်အချက်မှာ ပြဿနာတစ်ရပ် ဖြစ်လာသည်။

ဝဿဘုရင်၏ တောက်လောင်နေသော ဒေါသမီးလျှံသည် အရှိန်အဟုန်မြင့်တက်လာပြန်သည်။

"ရွှေနဲ့လုပ်ထားပေမဲ့ ဓားဟာ ဓားပဲ။ ဗိုက်ပေါ်ကျရင် သွေးထွက်လာမှာပဲ။ မိဂါဝတီဟာ ပဒုမ္မနီဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် မိန်းမပဲ 'ဘာရယာ ရူပဝတီသတြု' လို့ သျှတ္တရကျမ်းဂန်တွေထဲမှာ ဆိုထားတယ်။ နက်ဖြန် ငါ့ကို အဆိပ်ကျွေးပြီး သူ့လမ်းရှင်းသွားအောင်လုပ်ပြီးတော့ ဒီပန်းချီဆရာနဲ့ အပျော်ကြူးမနေဘူးလို့ မပြောနိုင်ဘူး။ မိန်းမဆိုတာ ဘီလူးမလို့ သုခမိန်ပညာရှိ ပြောထားတဲ့ စကားရှိတယ်"

"မိန်းမဆိုတာ အမှန်တကယ်ပဲ ငရဲတွင်းဖြစ်တယ်။ ငါ့နန်းတွင်းဆောင်မှာ စိတ်ချယုံကြည်ရတဲ့ နန်းတွင်းသား လူပျိုတော်တွေ အစောင့်အရှောက်ရှိနေတဲ့အတွက် တော်သေးတယ်။ နို့မဟုတ်ရင် ဘာတွေဖြစ်ကုန်မယ် မသိဘူး။ ငါ သူပြောတာ ဘယ်မေ့ဦးမလဲ'။ တစ်နေ့ မိဖုရား မိဂါဝတီက ငါ့ကိုပြောတယ် 'ဒီလူပျိုသားတွေကို သင်းကွပ်တဲ့ အလေ့အထ ရပ်ပစ်လိုက်ပါ၊ အခုလို သူတို့ကို အတင်းအဓမ္မ သင်းကွပ်လို့ ဘာအကျိုးရှိမှာလဲ၊ သူတို့ဘဝ အညွှန့်တုံးအောင် လုပ်ပစ်တာ မတော်မတရားပါဘူး' တဲ့"

"ငါက ပြန်ပြောတယ်။ အဲဒီလို မလုပ်ရင် နန်းတွင်းဆောင်ဟာ ပြည့်တန်ဆာဂေဟာနဲ့ ဘာထူးတော့မှာလဲ။ အခုလို သင်းကွပ်ထားတဲ့ အစောင့်တွေဟာ နန်းတွင်းသူတွေရဲ့ အပြစ်လည်းကင်း၊ စစ်လည်းစစ်မှန်တဲ့ အစောင့်အရှောက်တွေဖြစ်တယ်။ တစ်ကြောင်းက သူတို့ဟာ တစ်ကိုယ်ရေ တစ်ကာယသမားတွေ ဖြစ်တဲ့အတွက် သက်ဆုံးတိုင် ဒီမှာပဲ နေသွားကြလိမ့်မယ်။ နောက်တစ်ကြောင်းက ချစ်သူထားစရာ အလားအလာ မရှိတော့တဲ့အတွက် သူတို့ ဘယ်လို မတော်လောဘမျိုးမှ မရှိကြတော့ဘူး။ အိမ်ထောင်မိသားစုဆိုတာ မရှိတော့တဲ့အတွက် သူတို့ ဘယ်လိုမတော်လောဘ

mgyoe.com